# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၃၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၆၉)


**အောင်မြင်ခြင်းအကြောင်း**

အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်နိုင်ရာ၏။ မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန်ပြောသောသူကို အဟုတ်အမှန်ပြောဆိုခြင်းဖြင့် အောင်ရာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၂၂၃)

# နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၂၀ ဘီလီယံအထိ တိုးမြှင့်လာစေရေးဆွေးနွေး

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဦးဆောင်သည့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၉**

နှစ်နိုင်ငံပြည်သူများအနေဖြင့် ကူးလူးဆက်ဆံသွားရောက်၍ အလုပ်လုပ်ကိုင်ကြရာတွင် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာရန် လိုအပ်ကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားလိုက်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်) ဝုန်ဆူဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ရံဖန်ရံခါတွင် အကြောင်းကြောင်းကြောင့် ဖြစ်ပွားတတ်သည့် ကိစ္စရပ်များကိုမူ နားလည်ပေးရန် မေတ္တာရပ်ခံလိုကြောင်း နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားခဲ့ရာ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်က *စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်) ဝုန်ဆူဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် ဒေသတွင်းသာမက နိုင်ငံတကာမျက်နှာစာတွင်ပါ စံပြချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမျိုးဖြစ်လာစေရန် ပူးပေါင်း ဆောင်ရွက်သွားမည်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် ဒေသတွင်းသာမက နိုင်ငံတကာမျက်နှာစာတွင်ပါ စံပြချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမျိုးဖြစ်လာစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်) ဝုန်ဆူဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ **(ယာပုံ)**

ထို့ပြင် နှစ်နိုင်ငံနယ်နိမိတ်ဆိုသည်မှာ ပိုင်းခြားထားခြင်းမဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်မှုများကို နှစ်ဦးနှစ်ဖက်အတူတူ မျှဝေခံစားနိုင်ရန် ဖန်တီးပေးထားခြင်းဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆက်လက်ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီး ကျွမ်းဝင်မှုသည် မောင်နှမရင်းချာဆက်ဆံရေးအဆင့်အထိ တိုးမြှင့်လာစေရေး၊ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် နှစ်နိုင်ငံပူးတွဲ နယ်နိမိတ်ကော်မတီအစည်းအဝေးများ မြန်မာနိုင်ငံတွင် အမြန်ဆုံးကျင်းပနိုင်ရေး၊ မြန်မာအလုပ်သမားများအား ဥပဒေနှင့်အညီ *စာမျက်နှာ ၃ ကော်လံ ၁* ●






**မြန်မာ့အလင်း**


# လက်ဆင့်ကမ်းရမည့်မျိုးဆက်အမွေအနှစ် (သို့မဟုတ်) ငြိမ်းချမ်းရေး

အရှေ့တောင်အာရှ၌ အလားအလာအကောင်းဆုံးနိုင်ငံဘဝမှ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝသို့ ကျရောက်ခဲ့ရခြင်း၏ အကြောင်းရင်းကို တစ်ကြောင်းတည်းဖော်ပြရပါက လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသောပြည်တွင်းစစ် ဖြစ်ပါသည်။ ပြည်တွင်းစစ်သည် များစွာသော တိုင်းရင်းသားပြည်သူတို့၏ဘဝကို ဖျက်ဆီးခဲ့ပါသည်။ ပြည်တွင်းစစ်သည် တိုင်းပြည်စီးပွားရေး၏ အခြေခံအုတ်မြစ်တို့ကို လှိုက်စားဖြိုဖျက်ခဲ့ပါသည်။ ပြည်တွင်းစစ်သည် တိုင်းပြည်၏အခြေခံအဆောက်အအုံတို့ကို ရိုက်ချိုးခဲ့ပါသည်။ ပြည်တွင်းစစ်သည် တိုင်းရင်းသားညီနောင်တို့ကြား ရန်မီးကို ပွားစေ၍ နက်ရှိုင်းလာသော အာဃာတတို့နှင့်အတူ သံသယများလွှမ်းမိုးစေခဲ့ပါသည်။ ပြေပြေလည်လည် ညှိနှိုင်းရေးစိတ်ဓာတ်ကို မီးသင်္ဂြိုဟ်၍ အာဏာသုံး အနိုင်ယူရေးစိတ်ဓာတ်ကို မီးလောင်ရာလေပင့်လုပ်ခဲ့ပါသည်။ ပြည်တွင်းစစ်သည် အာဏာရှင်စနစ်အမြစ်တွယ်စေမည့် ရေခံ၊ မြေခံကောင်းတို့ကို ဖန်တီးပေးခဲ့ပါသည်။ အာဏာရှင်စနစ်သည် တိုင်းပြည်စီးပွားရေးနှင့် အတူ ပြည်သူတို့၏ပညာ၊ စိတ်ဓာတ်၊ ခံယူချက်တို့ကိုယိမ်းယိုင်ပြိုလဲစေခဲ့ပါသည်။

အထက်ဖော်ပြပါ လွတ်လပ်ရေးခေတ်လွန် တိုင်းပြည်၏သမိုင်းအကျဉ်းချုပ်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ "နောင်မျိုးဆက်အတွက်ထားခဲ့ရမယ့် အကောင်းဆုံးအမွေအနှစ်ဆိုတာ ငြိမ်းချမ်းရေးပါပဲ"ဟူသော အဆိုအမိန့်ကို ပြည်သူတို့၏နှလုံးသားဝယ် လင်းလက်တောက်ပနေစေရန် နောက်ခံပြုပေးထားပါသည်။ တိုင်းပြည်၏အရေး၊ နိုင်ငံသူ နိုင်ငံသားတို့၏အရေးတို့ကို ကိုင်တွယ်စီမံရာ၌ ဦးဆောင်ပုဂ္ဂိုလ်တို့၏အတွေးအခေါ်သည် ပဓာနကျပါသည်။ "ညီညွတ်မှ ငြိမ်းချမ်းနိုင်မှာပါ" ဟူသော ဒေါ်အောင်ဆန်းစုကြည်၏စကားသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အတွေးအခေါ်ကို တိုတိုရှင်းရှင်း လှစ်ဟဖော်ပြနေပါသည်။ တိုင်းရင်းသားညီနောင်တို့ကြား ညီညွတ်မှုမရှိပါက ငြိမ်းချမ်းရေးဆိုသည်မှာ အိပ်မက်မျှသာ ဖြစ်နေမည်ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်က "အစကောင်းမှအနှောင်းသေချာမည်ဖြစ်သောကြောင့် အစကောင်းစေရန် အားလုံးက ညီညွတ်သည့် စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ပါကြောင်း"ဟု ပြောကြားခဲ့ခြင်းသည် တိုင်းရင်းသားညီနောင်တို့၏ စုစည်းညီညွတ်မှုက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ)၏ မင်္ဂလာရှိသော အဖွင့်ခြေလှမ်းဟု အဓိပ္ပာယ်ဖွင့်ဆိုလိုက်ခြင်းပင် ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏နှလုံးသား၌ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည် တန်ဖိုးမဖြတ်နိုင်သောမျှော်မှန်းချက် ဖြစ်သကဲ့သို့ ဖြစ်ပါမည်လော-ဖြစ်ပါမည်လောဟု တကြောင့်ကြကြ စိုးရိမ်ပူပန်နေရသော ထမင်းလုံးတစ္ဆေခြောက်ခံခဲ့ရသလို ဖြစ်ခဲ့ခြင်းသည် လွတ်လပ်ရေးသက်တမ်းနှင့်အမျှပင်ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်က "ယခုအစည်းအဝေးတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး မိမိတို့၏စိုးရိမ်မှုများအား တင်ပြကြမည်ကို သဘောပေါက်နားလည်ပါကြောင်း" ဟု ပြောကြားခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူတို့၏ နှလုံးသားခံစားချက်ကို ဒေါ်အောင်ဆန်းစုကြည်က နားလည်တန်ဖိုးထားကြောင်း သက်သေထူလိုက်ခြင်းပင်ဖြစ်ပါသည်။ "စိုးရိမ်မှုကို ကျော်ဖြတ်နိုင်သည့်အရာမှာ ယုံကြည်မှုပင် ဖြစ်ပါကြောင်း" ဟူသော ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ)၌ ဆုပ်ကိုင်ရရှိရန် မျှော်မှန်းထားသည့် ပင်မဦးတည်ချက်ကို ဖော်ပြလိုက်ခြင်းဟု ယူဆပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ) ၏ ပင်မဦးတည်ချက်သည် တိုင်းရင်းသားညီနောင်တို့ကြား ယုံကြည်မှုတည်ဆောက်ခြင်းဖြစ်သည်ဟု မှတ်ယူထားပါသည်။

ဒေါ်အောင်ဆန်းစုကြည်က "မိမိတို့တန်ဖိုးထားရသည့်အရာများ ရရှိရန် မည်မျှပင်ခက်ခဲစေကာမူ မိမိတို့သည် ကြိုးစားဆောင်ရွက်မည်၊ ပူးပေါင်းဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်လျှင်ရမည်ဖြစ်ပါကြောင်း"ဟု မိန့်ကြားခဲ့ခြင်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ) အောင်မြင်ရေးကို ဆောင်ရွက်ရာ၌ ဆုပ်ကိုင်ရမည့်သဘောထားကို တင်ပြခဲ့ခြင်းပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအသီးအပွင့်ကို မျိုးဆက်အမွေအနှစ်ဟု ခံယူထားသော ဒေါ်အောင်ဆန်းစုကြည်သည် "လူငယ်များသည် တာဝန်ကို ထမ်းဆောင်လိုသည့် စိတ်ဓာတ်နှင့် ထမ်းဆောင်ရဲသည့်သတ္တိရှိရန်လိုအပ်ပါကြောင်း" ဟု ထောက်ပြ သကဲ့သို့ "ကောင်းမွန်သည့် အမွေကို ချန်ထားမပေးနိုင်ခဲ့လျှင် မိမိတို့လူကြီးများ၏ ချို့ယွင်းချက်ဖြစ်သကဲ့သို့ ချန်ထားပေးခဲ့သော ကောင်းမွန်သည့်အမွေများကို မထိန်းသိမ်းနိုင်လျှင် လူငယ်များ၏ ချို့ယွင်းချက်ဖြစ်ပါကြောင်း" ဟုလည်း တင်ပြခဲ့ပါသည်။ သုံးသပ်ရမည်ဆိုပါက မြန်မာနိုင်ငံအား ကြွယ်ဝချမ်းသာသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်ရာ၌ ငြိမ်းချမ်းရေးသည် ခွဲထုတ်၍မရသော ပင်မလိုအပ်ချက်ဖြစ်ပါသည်။ ဤသဘောတရားကို ရည်ညွှန်း၍ ဒေါ်အောင်ဆန်းစုကြည်သည် "ငြိမ်းချမ်းရေးမှတစ်ဆင့် မိမိတို့လိုလားသည့် ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံကို ထူထောင်နိုင် မည်ဖြစ်ပါကြောင်း" ဟု မိန့်ဆိုခဲ့ပါသည်။ ခြုံ၍ဆိုရပါက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့၏ ခေါင်းဆောင်များနှင့်တွေ့ဆုံရာ၌ မိန့်ဆိုခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ စကားတို့သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ရာစုပင်လုံ)၏ ပင်မဦးတည်ချက်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ရာစုပင်လုံ) အောင်မြင်ရေး ဖော်ဆောင်ရာ၌ ဆုပ်ကိုင်ရမည့် ခံယူချက်တို့အပါအဝင် ငြိမ်းချမ်းရေး ဖော်ဆောင်ထုဆစ်ရမည့် လူကြီးမျိုးဆက်နှင့်ခံယူထိန်းသိမ်းရမည့် လူငယ်မျိုးဆက်တို့ကြား ဟန်ချက်ညီရေးတို့ကို မီးမောင်းထိုးဖော်ပြနေကြောင်း တင်ပြအပ်ပါသည်။ ။




## စားသုံးသူရေးရာ သိကောင်းစရာဟောပြော

**မြောင်းမြ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူကာကွယ်ရေးဥပဒေနှင့် စားသုံးသူရေးရာ သိကောင်းစရာဟောပြောပွဲကို ဇွန် ၂၉ ရက်က မြောင်းမြပညာရေးကောလိပ်၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင် လှိုင်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူရေးရာ သိကောင်းစရာများကို လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းအသင်းချုပ် (UMFCCI) တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအေးလွင်က စားသုံးသူနှင့် စက်မှုလုပ်ငန်းများ အခြေအနေတို့ကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

**ထင်သာမြင်သာပြုပြင်စရာ**

## ဘီလူး-အုန်းစံဆိုင်-နန့်မွန်း ကားလမ်းပိုင်းရှိ မိုင်တိုင်အမှတ် (၉/၃)တွင် ခရီးသွားများအန္တရာယ်ရှိနိုင် သတိပေးဆိုင်းဘုတ်များတပ်ဆင်ပေးရန်လိုအပ်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူး-အုန်းစံဆိုင်-နန့်မွန်း ကားလမ်းပိုင်းရှိ မိုင်တိုင်အမှတ် (၉/၃)တွင်လမ်းဘေးချောင်းကမ်းပါးအနီး အက်ကွဲကြောင်းများကြောင့် ခရီးသွားမော်တော်ယာဉ်များအန္တရာယ်ရှိနိုင်သဖြင့် လမ်းပိုင်းပြုပြင်ခြင်းများ၊ အန္တရာယ်ရှိအသိပညာပေးဆိုင်းဘုတ်များ စိုက်ထူပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ဘီလူး-အုန်းစံဆိုင်-နန့်မွန်း မော်တော်ကားလမ်းပိုင်းသည် လမ်းအရှည် ၁၄ မိုင်၊ အကျယ် ၂၄ ပေရှိသော ကျောက်ခင်းကားလမ်းမကြီးဖြစ်ပြီး အဆိုပါလမ်းပိုင်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက်မှစတင်ကာ ကချင်ပြည်နယ်အစိုးရဘတ်ဂျက် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အဆိုပါလမ်းပိုင်းမှာ ယခုနှစ်မတ်လပိုင်းတွင် ကျောက်ချောလမ်းအဖြစ် ပြီးစီးခဲ့၍ ဒေသအတွင်းဆက်သွယ်ရေးလျင်မြန်ချောမွေ့ လွယ်ကူစွာသွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။



အဆိုပါမော်တော်ကားလမ်းပိုင်းမှာ မိုးဦးရာသီတွင် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် အုန်းစံဆိုင်မှ နန့်မွန်းကျေးရွာအထိ ကားလမ်းအတက်အဆင်း ၁၀ မိုင်ခန့်မှာ တောင်တက်တောင်ဆင်းနှင့် မတ်စောက်သော ကမ်းပါးယံကြွေများ ပေါများသည့်အတွက် မိုးရွာသွန်းမှုကြောင့် တောင်ကမ်းပါးယံမှ မြေလွှာလျော့ကျခြင်း၊ ချောင်းကမ်းပါးတစ်လျှောက် ဖို့မြေများပြိုကျခြင်းနှင့် လမ်းမြေသားအက်ကွဲကြောင်းများဖြစ်ပေါ်လာပြီး အထူးသဖြင့် မိုင်တိုင် အမှတ် (၉/၃)တွင် အရှည်ပေ ၅၀ ကျော်ခန့် အက်ကွဲကြောင်းများ ရှိလာသောကြောင့် ယာဉ်ကြီးများ၊ ယာဉ်ငယ်များနှင့် ဆိုင်ကယ်များအတက်အဆင်းများပြုရာ၌ အန္တရာယ်ရှိနိုင်ကြောင်း မိုးညှင်း-နန့်မွန်းမော်တော်ယာဉ်မောင်းတစ်ဦးက ပြောသည်။

**နီတိုး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၉-၆-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၁၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၂.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၃.၀၇ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၂၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၃၆ |
| တရုတ် | တစ်ယွမ် | ၁၇၇.၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၇၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✱ *ရှေ့စာမှ*

ထိုင်းနိုင်ငံတွင် လက်ရှိအချိန်၌ မြန်မာအလုပ်သမား တစ်သန်းကျော်ရှိနေသော်လည်း မှုခင်းဖြစ်ပွားမှု တစ်ရာကျော်ခန့်သာရှိ၍ ပြဿနာဖြစ်ပွားမှု ပမာဏများပြားခြင်းမရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ပူးပေါင်း၍ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ရဲတပ်ဖွဲ့များ လေ့ကျင့်သင်ကြားရေး၊ အကြမ်းဖက်နှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ နှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ဒုက္ခသည်စခန်းများမှ ဒုက္ခသည်များအား မူရင်းနေရပ်များသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရအချင်းချင်းပူးပေါင်း၍ မူရင်းနေရပ်များတွင် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေး၊ မြဝတီနယ်စပ် ချစ်ကြည်ရေးတံတား အမြန်ပြီးစီးအောင် တည်ဆောက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏအား ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ တိုးမြှင့်လာစေရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဦးဆောင်သည့် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာပီစနု ဆူဗာ နာဂျတာလည်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်) ဝုန်ဆူဝန်နှင့်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

● *ရှေ့စာမှ*

ကာကွယ်စောင့်ရှောက်ပေးရေးနှင့် အငြင်းပွားမှု၊ နစ်နာမှုများရှိပါက အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံရဲတပ်ဖွဲ့များအကြား လေ့ကျင့်ရေးဆိုင်ရာ အစီအစဉ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံမှ နေရပ်သို့ ပြန်လိုသည့် လူဦးရေ ၁၉၆ ဦးအား မူရင်းနေရပ်သို့ ပြန်လည်ခေါ်ယူရန် မြန်မာနိုင်ငံအစိုးရက ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်၍ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောလျင်စွာဆောင်ရွက်ပြီး ပြန်လည်နေရာချထားရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျတာလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ ခရိုအေးရှားသံအမတ်ကြီးအဖြစ် မစ္စတာ ခရက်ဆို ဂလာဗာ့(ဂျ်)အား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇွန် ၃၀**

မစ္စတာ ခရက်ဆို ဂလာဗာ့(ဂျ်)အား ကွာလာလမ်ပူမြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ခရက်ဆို ဂလာဗာ့(ဂျ်)ကို ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်က မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၈ ခုနှစ်တွင် တူရကီနိုင်ငံ အန်ကာရာတက္ကသိုလ် TOMER နိုင်ငံခြားဘာသာစကားဌာန၌ တူရကီဘာသာစကားကို လေ့လာသင်ယူခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ခရိုအေးရှားနိုင်ငံ ဇာဂရက်တက္ကသိုလ်မှ ဒဿနိကဗေဒပညာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်မှ စတင်၍ အစ္စတန်ဘူလ်မြို့ အန်ကာရာမြို့ ဆာရာဂျေဗိုမြို့တို့ရှိ ခရိုအေးရှားသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့တွင် သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ခရိုအေးရှားနိုင်ငံ နိုင်ငံခြားရေးနှင့်ဥရောပရေးရာဝန်ကြီး၏ အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားရေးနှင့် ဥရောပမူဝါဒရေးရာအစိုးရရုံး၏ ညှိနှိုင်းရေးအဖွဲ့အကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ခရိုအေးရှားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁)နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး၏ ရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ မစ္စတာ ခရက်ဆို ဂလာဗာ့(ဂျ်)သည် ၂၀၁၆ ခုနှစ်မှစတင်၍ မလေးရှားနိုင်ငံဆိုင်ရာ ခရိုအေးရှား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာဘရာဇီးသံအမတ်ကြီးအဖြစ် မစ္စတာ အန်တိုနီယို ဟိုဆေးမာရီယာဒီဆိုဇာအီဆစ်လ်ဗာအား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အန်တိုနီယို ဟိုဆေး မာရီယာ ဒီဆိုဇာအီဆစ်လ်ဗာအား ခန့်အပ်ရန် ဘရာဇီးအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်ပါသည်။

မစ္စတာအန်တိုနီယိုဟိုဆေး မာရီယာဒီဆိုဇာအီဆစ်လ်ဗာသည် ၁၉၅၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဥပဒေနှင့်လူမှုရေးသိပ္ပံဘွဲ့ကိုရရှိထားသူဖြစ်ပါသည်။ ၁၉၇၅ ခုနှစ်တွင် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ဘရာဇီးကောင်စစ်ဝန်ချုပ်ရုံး၊ ပါရာဂွေးသမ္မတနိုင်ငံ အက်စွန်စီယွန်မြို့ အာဂျင်တီးနားသမ္မတနိုင်ငံ ဗြူနိုအေးရိစ်မြို့နှင့် ချက်သမ္မတနိုင်ငံ ပရပ်မြို့တို့ရှိ ဘရာဇီးသံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ် အထိ တီမောလက်စတေနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ မိုဇမ်ဘစ်သမ္မတနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှစ၍ လက်ရှိတွင် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနဲရိုးမြို့ရှိ ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနရုံးခွဲ၏ ဒုတိယအကြီးအကဲ(ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပါသည်။

**(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော် ဇွန် ၂၉**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

# သံအမတ်ကြီး ဦးမျိုးအေးအား ဟန်ဂေရီသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဟန်ဂေရီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် မစ္စတာနီကိုလိုင်းလစ်တိုပါဒွေ့ဗ်အား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၃၀**

မစ္စတာနီကိုလိုင်းလစ်တိုပါဒွေ့ဗ်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာနီကိုလိုင်းလစ်တိုပါဒွေ့ဗ်ကို ၁၉၅၆ ခုနှစ်စက်တင်ဘာလ ၂၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မော်စကိုမြို့ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရှိ ရုရှားသံရုံးတွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိနှင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ် အထိလည်းကောင်း၊ နီပေါနိုင်ငံရှိ ရုရှားသံရုံးတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိလည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့ရှိ ရုရှားကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန အာရှဆိုင်ရာ ဒုတိယဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာနီကိုလိုင်းလစ်တိုပါဒွေ့ဗ်သည် မြန်မာ၊ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ကို ကျွမ်းကျင်စွာပြောဆိုနိုင်သည်။

**(သတင်းစဉ်)**

# ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဇွန် ၂၉**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်အစိုးရအနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် ဗုဒ္ဓဘုရားရှင်က မိုးရေခံသင်္ကန်း တစ်နည်းအားဖြင့် ဝါဆိုသင်္ကန်း ဆက်ကပ်ရန် ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးတော်မူခဲ့သည်ကို လိုက်နာဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီအသီးသီးမှ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရန် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကိုဆောင်ရွက်ကြရမည့်အပြင် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း ပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**



ယင်းနောက် သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီ၊ ဉပ္ပါတသန္တိစေတီတော် စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေး ဆပ်ကော်မတီ၊ သတင်းမှတ်တမ်း ထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဦးစီးကော်မတီ နာယက ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် နယ်စပ်ရေးရာဝန်ကြီးတို့အား သီးခြားစီသွားရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**
မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စရပ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုများအတွက် အထောက်အကူဖြစ်စေမည့် သင်တန်းများနှင့် အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

သံအမတ်ကြီးသည် နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမသို့ သွားရောက်တွေ့ဆုံပြီး တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံတရားစွဲနှင့် အမှုလိုက်ဌာနများအကြား အတွေ့အကြုံများဖလှယ်၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ တိုင်းရင်းသား/တိုင်းရင်းသူများ၏ အတွေ့အကြုံ၊ ဗဟုသုတ အမြင်များ ပြည့်စုံစေရေးအတွက် ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးနေမှု၊ နယ်စပ်ဒေသများရှိ IDPs များနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးကိစ္စရပ်များ၊ နယ်စပ်ဒေသအတွင်း မူးယစ်ဆေးဝါးလျှော့ပါးရေး ပူးပေါင်းဆောင်ရွက်နေမှု၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

ဇွန် ၂၉ ရက်တွင် နေပြည်တော် **Hilton Hotel** ၌ ကျင်းပသည့် အမေရိကန်ပြည်ထောင်စု၏ နှစ် (၂၄၀) မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)



**ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီအား ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)] အမည်သို့ ပြောင်းလဲခွင့်ပြု**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၃ / ၂၀၁၆ )**
**၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက် )**

**ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီအား ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)] အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၆၈)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ**သည် ယင်းပါတီ၏ အမည်ကို **ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန်သဘောတူပါသဖြင့် **ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ**အား ၂၉-၆-၂၀၁၆ ရက်နေ့မှစ၍ **ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်၊ စခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား စစ်ဆေးကြည့်ရှု အကြံပြု

**နေပြည်တော် ဇွန် ၂၉**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်၊ စခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးပြီး အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်နှင့် ဒေါ်မြမြတို့သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူအကျဉ်းထောင်၊ (၄)မိုင် ကျောက်ထုတ်လုပ်ရေးစခန်း၊ တောင်ငူမြို့မရဲအချုပ်ခန်း၊ အမှတ်(၂)နှင့် အမှတ်(၃) ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်း၊ ရေတာရှည်၊ ကေတုမတီနှင့် ဖြူးမြို့ဘိုးဘွားရိပ်သာများ၊ တောင်ငူမြို့ ဇေယျာသီရိအမျိုးသမီးဂေဟာနှင့် ဒိုက်ဦးမြို့ ကန်တော်မင်္ဂလာပရဟိတဂေဟာတို့ကို ဇွန် ၂၀ မှ ၂၃ ရက်အထိ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာဌာန ဝန်ထမ်းများအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အကျဉ်းသား၊ အချုပ်သားများနှင့် တွေ့ဆုံခြင်းများ ဆောင်ရွက်ခဲ့ကြပြီး တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဝက်ဘ်ဆိုက်၌ ဖော်ပြထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ လွှတ်တော်ဥက္ကဋ္ဌများ၊ ကော်မရှင်နှင့် ကော်မတီဥက္ကဋ္ဌများအား သီးခြားစီတွေ့ဆုံ



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီတို့ တွေ့ဆုံဆွေးနွေးစဉ်
(သတင်းစဉ်)

**နေပြည်တော် ဇွန် ၂၉**
မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လွှတ်တော်ဥက္ကဋ္ဌများ၊ ကော်မရှင်နှင့် ကော်မတီဥက္ကဋ္ဌများအား သီးခြားစီ တွေ့ဆုံခဲ့သည်။

မစ္စယန်ဟီလီသည် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ယနေ့နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ကော်မတီများဖွဲ့စည်းထားရှိမှုအခြေအနေတို့ကို ဆွေးနွေးသည်။

အလားတူ မစ္စယန်ဟီလီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ထို့အတူ မစ္စယန်ဟီလီသည် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ယနေ့ နံနက် ၁၁ နာရီတွင် ရေးရာကော်မတီဆောင် (၁)၌ တွေ့ဆုံသည်။

အလားတူ မစ္စယန်ဟီလီသည် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးကော်မတီဥက္ကဋ္ဌဦးစောနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးကြွယ်နှင့်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် အဖွဲ့ဝင်များအား ရေးရာကော်မတီ ဆောင်များ၌ မွန်းလွဲပိုင်းတွင် သီးခြားစီတွေ့ဆုံဆွေးနွေးကြသည်။
**(သတင်းစဉ်)**

# မြန်မာနှင့် လာအိုတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် လာအိုပြည်သူ့တပ်မတော် အားကစားအဖွဲ့ရောက်ရှိ

**နေပြည်တော် ဇွန် ၂၉**
မြန်မာနှင့် လာအိုတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန်အတွက် လာအိုပြည်သူ့တပ်မတော်မှ Col. Bountao Thongmanila, Deputy Director General of Training Department, General Staff Department ဦးဆောင်သော အဖွဲ့ဝင် ၄၇ ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအခြေစိုက် လာအိုသံရုံးမှ စစ်သံမှူးနှင့်အဖွဲ့တို့က ကြိုဆိုနှုတ်ဆက်ကြသည်။



မြန်မာနှင့် လာအို တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရေးအားကစားပြိုင်ပွဲများအနေဖြင့် ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းတို့ကို နေပြည်တော်၊ ဇေယျာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁ ရက် ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၂ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။
**(မြဝတီ)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အီတလီသံအမတ်ကြီးနှင့် စင်ကာပူသံအမတ်ကြီးတို့ လာရောက်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**
ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E.Mr. Pier Giorgio ALIBERTI အား နံနက် ၁၀နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချာအား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အီတလီသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် သတင်းနှင့် ပြန်ကြားရေးအခန်းကဏ္ဍ၏ အရေးပါမှုများ၊ UNESCO နှင့် ပူးပေါင်း၍ ယဉ်ကျေးမှုဒေသများနှင့် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ဆောင်နေမှုများ၊ ခရီးသွားလုပ်ငန်း၏ အရေးပါမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

စင်ကာပူသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံဆက်ဆံရေး နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် တေးဂီတဖျော်ဖြေပွဲ ကျင်းပမည့်အစီအစဉ်များ၊ နှစ်နိုင်ငံဂီတဆိုင်ရာ ပူးပေါင်းလုပ်ဆောင်နိုင်မည့် အစီအမံများနှင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်ထုတ်လုပ်မှုများရပ်တန့်နိုင်ရန် စစ်ကြောင်းအလိုက် ပိတ်ဆို့တားဆီးခြင်းလုပ်ငန်းများဆောင်ရွက်မည်

**စစ်ကိုင်း ဇွန် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်ထုတ်လုပ်မှုများ ရပ်တန့်နိုင်ရန် အများပြည်သူများ သစ်တောဆိုင်ရာ အသိပညာတိုးတက်စေရေးအတွက် ပညာပေးဟောပြောပွဲများပြုလုပ်ခြင်းနှင့်အတူ စစ်ကြောင်းအလိုက် ပိတ်ဆို့တားဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"သစ်တောတွေ အဓိကပြုန်းတီးရတဲ့ အကြောင်းရင်းက သစ်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေကနှစ်စဉ်ခွင့်ပြုတာထက်ပိုပြီး သစ်ထုတ်လုပ်ခဲ့တဲ့အတွက် ဖြစ်တယ်လို့ တွေ့ရပါတယ်။ တစ်ဖက်နိုင်ငံက တမလန်း၊ ပိတောက်၊ ကျွန်းအစရှိတဲ့ အဖိုးတန်သစ်တွေကို အဆမတန်ဈေးကြီးပေးဝယ်တဲ့အတွက် ဝိသမလောဘသားတွေရဲ့ တရားမဝင်သစ်ခိုးထုတ်လာတာတွေ တွေ့ရသလို ဒေသဖွံ့ဖြိုးရေးနဲ့မိသားစု သုံးသစ်တွေကို တရားဝင်ထုတ်လုပ်ခွင့်ပြုပေးနိုင်တာမရှိပါဘူး။ နေ့စဉ်သုံး ထင်း၊ မီးသွေးလောင်စာသုံးစွဲတာတွေအတွက် သဘာဝသစ်တောတွေက အလွန်အကျွံထုတ်ယူသုံးစွဲနေတာတွေ၊ များလာတဲ့လူဦးရေကြောင့် သဘာဝသစ်တောဧရိယာတွေကို စိုက်ပျိုးမြေအဖြစ် လယ်မြေတိုးချဲ့ခုတ်ထွင်တာတွေကြောင့် သစ်တောတွေ ပြုန်းတီးနေရတာပါ။ အဲဒီ ဖြစ်စဉ်တွေကို သစ်တောဦးစီးဌာနတစ်ခုတည်းနဲ့ ပြီးပြည့်စုံအောင် ကာကွယ်နိုင်မှာမဟုတ်ဘဲ ဒေသခံတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ နိုင်ငံရေးပါတီတွေ၊ ရဲတပ်ဖွဲ့နဲ့ တပ်မတော်တို့က ပူးပေါင်းပါဝင်မှသာ တရားမဝင်သစ်ထုတ်ယူတာတွေကို ရပ်တန့်အောင် ဆောင်ရွက် နိုင်မှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှု ၈၄ ဒသမ ၈၆ ရာခိုင်နှုန်းရှိသောပင်လည်ဘူးမြို့နယ်တွင် တရားမဝင်သစ်ထုတ်ယူမှုများရှိသလို တရားမဝင်ခိုးထုတ်မှုများလည်းရှိရာ ကြာလာလေ သဘာဝပတ်ဝန်းကျင် ပျက်စီးလေ ဖြစ်လာသောကြောင့် ရေရှားပါးခြင်းနှင့်အတူ ရာသီဥတုဆိုးရွားစွာ ဖောက်ပြန်နေကြောင်း ပင်လည်ဘူး မြို့နယ်မဲဆန္ဒနယ်အမှတ် ၂ မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်ထံမှ သိရသည်။

"သစ်တောဖုံးလွှမ်းမှု ၈၄ ဒသမ ၈၆ရာခိုင်နှုန်းရှိတဲ့ ပင်လည်ဘူးမြို့နယ်ထဲမှာ သစ်ခိုးထုတ်တာ တရားမဝင်ထုတ်နေတာတွေရှိပါတယ်။ ရက် ၁၀၀ စီမံချက် ရက်ထဲဖြစ်တဲ့ မေ ၂၈ ရက်က သင်နီးတောအုပ်စု မံပင်ကျေးရွာနဲ့သုံးမိုင်လောက်ဝေးတဲ့ တောတွင်းမှာ အင်၊ ကညင် သစ်အလုံးရေ ၂၀၅ လုံး (၇၄ ဒသမ ၇၅၆)တန်ဖမ်းမိပါတယ်။ အဲဒီလိုပဲ တန်ဖိုးကြီးတဲ့ ကျွန်းသစ်တွေ၊ တမလန်းတွေအများကြီး ခိုးထုတ်နေကြတာတွေ့ရပါတယ်"ဟု ဦးသန်းလှိုင်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးပင်လည်ဘူးမြို့နယ်အတွင်း ကြိုးဝိုင်း ၁၂ ခု၊ ကြိုးပြင်တော ၁၂ ခုရှိပြီး သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ဦးစီးရုံးချုပ်စစ်ကြောင်းများဖြင့် တရားမဝင်သစ်များကို ဖမ်းဆီးလျက်ရှိရာ ပင်လည်ဘူးမြို့နယ်အတွင်း ၂၀၁၀-၂၀၁၁ မှ ၂၀၁၅-၂၀၁၆ အထိတရားမဝင်သစ်ဖမ်းဆီးရမိမှုအနေဖြင့် ကျွန်း၊ သစ်မာနှင့် အခြားသစ် စုစုပေါင်း ၂၃၅ ဒသမ ၇၉၃၈ တန်ခန့် ဖမ်းဆီးရမိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့စာရင်းများမှ သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**



# ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ရန်ကုန် ဇွန် ၂၉**
လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က မျက်မမြင်သုံး စာရွက်များနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက ပန်းပင်ကြီးလမ်းရှိ ယင်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က မျက်မမြင်သုံးစာရွက်များ ကို ပေးအပ်ပြီး အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်က ငွေကျပ်ငါးသိန်းကျော်တန်ဖိုးရှိ ပိတ်ဖြူ၊ ကျောင်းစိမ်းနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**
**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး သမဝါယမအားဖြင့် ဆောင်ရွက်ပေး

K ဇင်သစ် (မန်းတက္ကသိုလ်)

ကောက်ရိုးမီးပမာ တစ်ခဏအတွင်း မီးဟုန်းဟုန်းတောက်ပြီး ပြာကျသွားသည့် အဖြစ်မျိုးကဲ့သို့ ခဏတာအောင်မြင်တိုးတက်မှုရှိကာ အချိန်တန်တော့ ဒုံရင်း-ဒုံရင်းဖြစ်သွားတတ်သည့် လောကသဘာဝကို အန်တုပြီးရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်သည့် စွမ်းအားကို အဘယ်ကဲ့သို့သောအဖွဲ့အစည်းက လုပ်ဆောင်နိုင်သနည်း။ နိုင်ငံအစိုးရ၊ INGO၊ NGO၊ ပရဟိတအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘဏ်များ၊ အာမခံလုပ်ငန်း၊ စီးပွားရေးဆိုင်ရာကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှု လုပ်ဆောင်ကြသည့် မိသားစုပိုင်၊ လူနည်းစုပိုင်၊ အများပိုင် အဖွဲ့အစည်းများသည် မိမိတို့နိုင်ငံ၊ အဖွဲ့အစည်း ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်ကြသော်လည်း အချို့မှာ အောင်မြင်၏၊ အချို့မှာ ကျရှုံး၏၊ အချို့မှာရပ်တန့်လိုက်ကြရ၏။ ဤတွင်စံနမူနာပြုထိုက်သည့် ဒီမိုကရေစီစံနှုန်းများဖြင့် အများ၏ထောက်ခံမှုကိုရရှိနေဆဲ လူမှုစီးပွားဘဝမြင့်မားရေး ဆောင်ရွက်နေတဲ့ အဖွဲ့တစ်ခုကို သတိရမိသည်။ ယင်းသည်ကား အခြားမဟုတ် “အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်” International Co-operative Alliance-ICA ပင်ဖြစ်ပါသည်။ ၁၈၉၅ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့သည့် ICA သည် ယနေ့အချိန်အထိ ၁၂၁ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ နှစ်စဉ်ကမ္ဘာအရပ်ရပ်ရှိ သမဝါယမလှုပ်ရှားမှုများကို မီးမောင်းထိုးပြပြီး အသင်းသားကမ္ဘာသူ/သားတို့၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်အရေးမှအစ ဆင်းရဲနွမ်းပါးမှုကိစ္စရပ်များတွင် ဦးစားပေးဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရပါသည်။ ကမ္ဘာ့သမဝါယမတို့၏ ဥသျှောင် ဖြစ်နေသည့် ICA သည် ကောင်းမွန်မှန်ကန်ပြီး အများအကျိုး ရှေ့တန်းတင်သည့် လုပ်ရပ်များကို အများ၏ စီမံခန့်ခွဲခြင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့ထိတိုင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည်ဟု ဆိုချင်ပါသည်။ သမဝါယမဦးစီးဌာနတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ်တွင် ICA အဖွဲ့ဝင်ဖြစ်ခဲ့သည်။

ကမ္ဘာအရပ်ရပ်ရှိ သမဝါယမအဖွဲ့အစည်းများက သက်ဆိုင်ရာနိုင်ငံများ၏ စီးပွားရေးကဏ္ဍတို့တွင် ထဲထဲဝင်ဝင် ပါဝင်နေကြပြီး လူမှုရေးအခန်းကဏ္ဍတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း ၁၉၀၅ ခုနှစ်မှ သမဝါယမလုပ်ငန်းများ စတင်ခဲ့သည်မှာ ၁၁၁ နှစ်ကျော်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ မြန်မာ့သမဝါယမစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခဲ့သလား မေးခွန်းထုတ်စရာဖြစ်နေပါပြီ။ သမဝါယမသည် သမဝါယမကဏ္ဍ လမ်းကြောင်းအတိုင်း ရှင်သန်ခဲ့ကြပြီး အုပ်ချုပ်သူအစိုးရမင်းတို့၏ ကိုင်တွယ်ရှုမြင်ပုံပေါ် မူတည်ပြီး အောင်မြင်မှု၊ ဆုတ်ယုတ်မှု၊ ရေရှည်မတည်တံ့မှုတွေ ဖြစ်ခဲ့ကြသည်ဟု ယေဘုယျခန့်မှန်းလို့ရနိုင်ပါသည်။ ဒါသည်လည်း အစိုးရမင်းတို့ ထုတ်ပြန်ခဲ့သည့်သမဝါယမဆိုင်ရာဥပဒေ၊ နည်းဥပဒေများအပေါ် မူတည်နေသည်ဟု ထင်မိပါသည်။ သမဝါယမသည် ရိုးသားဖြူစင်ပြီး အမြဲတည်ကြည်သန့်ရှင်းကာ ဘက်လိုက်မှုမရှိ မျှမျှတတရှိနေပါသည်။ သမဝါယမအသင်း/အဖွဲ့ကို ဦးဆောင်သည့် အမှုဆောင်များ၏ အရင်းခံစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှု၊ ပရဘက်သို့ ထက်သန်မှုအပေါ်မူတည်ပြီး အရောင်အဆင်း ပြောင်းလဲတတ်သည့် သဘောကိုတွေ့ရမည် ဖြစ်ပါသည်။ စိတ်ကောင်းရှိသောလူတော်များဖြင့် သမဝါယမကို ဦးဆောင်ကြလျှင် အဘယ်မှာ မအောင်မြင်ဘဲ ရှိပါအံ့နည်း။ မည်သည့်လုပ်ငန်း ဆောင်ရွက်ကြသည်ဖြစ်စေ၊ လွတ်လပ်ပွင့်လင်းသော၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိသော၊ လူမှုရေးကိုအခြေခံသည့် အများအကျိုးစီးပွားကို ဆောင်ရွက်ကြသည့် အခြေခံမှုများနဲ့ ပြည့်စုံနေသည့် သမဝါယမသဘောတရားကို အရင်းခံပြီးဖွဲ့စည်းပေါ်ပေါက်နေသည့် သမဝါယမအသင်း/အဖွဲ့များသည်သာ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းဖြစ်နိုင်သည်ဟု ရဲဝံ့စွာဆိုပါရစေ။

အခြေခံပြည်သူများ၏ လူနေမှုဘဝမြင့်မားဖို့၊ ရေရှည်တည်တံ့ခိုင်မြဲသောဖြစ်စဉ်ကိုထိန်းသိမ်းဖို့၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် အများ၏စီမံခန့်ခွဲမှုဖြင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖွဲ့စည်းထားသည့် သမဝါယမစနစ်ဖြင့်သာ လုပ်ဆောင်နိုင်မည် ဖြစ်ပေသည်။ သမဝါယမများကို လွတ်လပ်စွာ ဖန်တီးခွင့်ပေးပြီး ရရှိလာသည့်အကျိုးအမြတ်ကို သမဝါယမတွင် ပါဝင်သူတို့အား ထည့်ဝင်သည့် အစုရှယ်ယာပေါ် အခြေခံကာ သာတူညီမျှခွဲဝေပေးခြင်းဖြင့် အသင်းသားများ၏ ယုံကြည်အားကိုးမှုကိုရယူပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်သည်ဟုလည်း ထင်မြင်မိပါသည်။ အများဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် ဆန္ဒတူရန်တော့ ခဲယဉ်းပေမည်။ သို့သော် အများစုကလက်ခံလျှင်တော့ လုပ်သင့်လုပ်ထိုက်တာကို စွမ်းဆောင်ကြရမည် ဖြစ်ပေသည်။ တည်ဆဲ သမဝါယမအသင်း ဥပဒေပါ အခြေခံမှုများကလည်း လုပ်ဆောင် ခွင့်ပေးထားသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိဖြစ်တည်မှု မြန်မာ့သမဝါယမအပေါ် ပွင့်လင်းစွာဝေဖန်ရလျှင် ဖွဲ့စည်းမှုမှန်ကန်ရေး အားနည်းနေသေးသည်ဟု ဆိုနိုင်သည်။ သမဝါယမ၏ အတိမ်အနက်ကို ပါဝင်သူ သမဝါယမအသင်းသားအများစု ဂဃနဏသိရှိမှု အားနည်းနေပါသေးသည်။ အသင်းအား ငွေထုတ်ချေးခြင်း၊ အတိုးနှုန်း ပြင်ပထက် သက်သာပြီး၊ ပြန်ဆပ်ပြန်ချေးမှု လွယ်ကူခြင်းစသည့် မြင်သာမှုကိုသာကြည့်ပြီး သမဝါယမအသင်းသား ဖြစ်လာကြသူက များမည်ထင်ပါသည်။ သတ်မှတ်အစုကို ထည့်ဝင်ကြပြီး အသင်းသားဖြစ်ခွင့်ရှိသူများသည်သာ အသင်းသားများ၏ အများဆန္ဒဖြင့် အသင်းအုပ်ချုပ်မှု ပိုင်းဆိုင်ရာကို ကိုင်တွယ်ရသည့် BOD အဖွဲ့တွင် တာဝန်ထမ်းဆောင်ခွင့် ရရှိကြပါသည်။ ခေါင်းဆောင်မှုနှင့် အများအကျိုး ထမ်းသယ်ပိုးလိုသော ဂုဏ်သိက္ခာရှိသူဟုယူဆ၍ အများက ထောက်ခံမှုဖြင့် တာဝန်ယူခွင့်ရသည့် BOD များ အနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းမူဝါဒများအတိုင်း ဆောင်ရွက်ခြင်း၊ အများအကျိုးဆောင်လို့ ကိုယ့်အကျိုးအောင်ခြင်းသည် မှန်မြတ်ပြီး အများအကျိုးဟန်ပြ ကိုယ့်အတ္တလွန်ကဲခြင်းက ကဲ့ရဲ့ဝေဖန်ခံရမည်ဖြစ်သလို သံသရာသို့လည်းပါသွားနိုင်ပါသည်။ သမဝါယမအသင်းပိုင် ငွေကြေးပစ္စည်းများသည် အများပိုင်ဖြစ်နေခြင်းကြောင့် အလွဲသုံးစားလုပ်လျှင်လည်း ဥပဒေက ငြိမ်နေမည်မထင်ပါ။ အသင်းသားတွေရဲ့ ယုံကြည်မှုကိုခံရပြီး အသင်းသား အကျိုး၊ အသင်းဝင်အကျိုး မဆုတ်မနစ် ထမ်းသယ်ပိုးကြဖို့ လွန်စွာမှ အရေးကြီးလှပါသည်။ ယနေ့ခေတ် မြန်မာ့သမဝါယမ၏ ဆောင်ရွက်မှုများအပေါ် ပြည်သူများက ယုံကြည်မှုတိုးကာ အမြင်ကြည်လင်မှု ရရှိနေခြင်းအပေါ် ပွင့်လင်းမြင်သာမှု၊ အများအကျိုးဆောင်ရွက်ပေးမှု၊ အတ္တကင်းစင်မှုများဖြင့် ပုံဖော်ထုဆစ် လိုက်ကြမည်ဆိုပါက အတိုင်းထက်အလွန် စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်နေမည့် မြန်မာ့သမဝါယမဟု ဂုဏ်ဝင့်နေပေတော့မည်။

ပရဟိတလုပ်ငန်းကို အားတက်သရော လုပ်ဆောင်နေကြသည့် ယနေ့ခေတ် လူငယ်လူရွယ်များအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာနယ်မြေရှိ သမဝါယမအသင်းများတွင် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ပါဝင်ကြပြီး အများအကျိုးပြုလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် အနာဂတ်ကာလ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွပူးပေါင်းဆောင်ရွက်ခြင်း

**ကမ္ဘာကြီးရေရှည်ဖွံ့ဖြိုးတိုးတက်နေစေဖို့ ရည်မှန်းချက်ပန်းတိုင် (UN Sustainable Development Goals-SDGs)(၁၇)ရပ် ချမှတ်ပြီး ၂၀၁၆-၂၀၃၀ အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် မြန်မာ့သမဝါယမများအနေဖြင့်လည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးက ကဏ္ဍတွေမှာ ထဲထဲဝင်ဝင်ဆောင်ရွက်ကြဖို့နဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးလမ်းကြောင်းပေါ်ကို ဦးတည်မောင်းနှင်ကြရမည်**

## အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့



၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်

(စနေနေ့)

**“အနာဂတ်ကာလ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ သမဝါယမစွမ်းအားဖြင့် ဆောင်ရွက်ပေး”**

**" Co-operatives: The power to act for a substainable future"**

(သမဝါယမ) စွမ်းအားများဖြင့် ပို၍ပို၍ လုပ်ဆောင်နိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ အသေးစားအရင်းအနှီးချေးငွေထုတ်ချေးခြင်း၊ အသင်းသားများ ကြိုက်နှစ်သက်သည့် လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာများကို ဈေးကွက်တွင် ဖြစ်ပေါ်နေသည့် ပေါက်ဈေးဖြင့်၊ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်း အဆင့်မြှင့်တင်ခြင်းတို့ဖြင့် တစ်စထက်တစ်စ အောင်မြင်မှုရရှိလာသော သမဝါယမလုပ်ငန်းများအပေါ် စောင့်ကြည့်နေသူများကလည်း ဝေဖန်ရန် အသင့်ရှိနေမည် ထင်ပါသည်။ နိုင်ငံတကာမှ ချေးငွေရယူပြီး အခြေခံပြည်သူများ ပြင်ပထက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေခံစားခွင့်ရရှိနိုင်ရေး ကြိုးပမ်းခဲ့မှုတွေကလည်း ထင်သလောက် မလွယ်ကူခဲ့ဘူးဆိုတာ အားလုံးသိနေကြမည် ထင်ပါသည်။ နိုင်ငံခြားမှ ချေးငွေရယူ၍ သမဝါယမကိုပုံအပ်ပြီး ကောင်းလည်းသူ့စံ၊ မကောင်းလည်းသူ့ခံဆိုသည့် ဥပေက္ခာတရားက သမဝါယမလောကသားတွေရဲ့ပခုံးထက်မှာရောက်ရှိနေပြီဟု ဆို၍ရက ဆိုနိုင်ပါသည်။ ပြည်သူတွေ အတိုးနှုန်းသက်သာအောင် ဆောင်ရွက်ပေးနေမှုအပေါ် ဘယ်သူမျှ ချီးမွမ်းခန်းမထုတ်ကြပေမယ့် ငွေကြေးပြောင်းလဲမှု မတည်ငြိမ်လို့ အခက်တွေ့လျှင်တော့ လက်ညှိုးထိုးကြမည့်သူတွေက ဒုနဲ့ဒေး ရှိလာနိုင်သည်။ လက်ရှိအခြေအနေတွင် အသင်းသားပြည်သူတွေ ချေးငွေခံစားနေရသလို အခြေခံသမဝါယမအသင်း၊ မြို့နယ်သမဝါယမအသင်းစု၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်းစသောအသင်းအဆင့်ဆင့်တို့မှာလည်း ထိုက်သင့်သည့် ဝင်ငွေများ ရရှိနေကြပြီဖြစ်ပါသည်။ ကောင်းလည်းသူ့စံဆိုသည့် အနေအထားဟု မှတ်ယူနိုင်သည်။ ဒီလိုကောင်းမွန်သည့်အနေအထားကို ဆက်လက်ထိန်းသိမ်းထားပြီး ပြည်သူ့အကျိုးထာဝစဉ်အကျိုးပြု နေစေမည့် သမဝါယမဟု ယခုထက်ပို၍ အများက ယုံကြည်လက်ခံလာအောင် ကြိုးပမ်းကြရပေဦးမည်။

သမဝါယမအသင်းသားဖြစ်ခွင့်ရလို့ ချေးငွေခံစားခွင့်ရနေတယ်ဆိုသည့် ကျဉ်းမြောင်းတဲ့အသိကို ချဲ့ထွင်ဖောက်ထွက်နိုင်ဖို့ BOD များက အသင်းဆိုင်ရာလုပ်ငန်းဆောင်တာများကိုရှင်းပြ၊ ဒီနှစ်အတွက် အသင်းကအကျိုးအမြတ် ဘယ်လောက်ရတယ်၊ အသင်းသားတွေရဲ့ စုဆောင်းငွေအပေါ် အတိုးက ဘယ်လောက်ပေးလိုက်တယ်။ ရရှိလာတဲ့ အကျိုးအမြတ်ထဲက ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးရေးအတွက် ဘယ်လောက် ထည့်ဝင်လှူဒါန်းလိုက်တယ်။ အသင်းရေရှည်တည်တံ့ခိုင်မြဲဖို့ အဆင့်ဆင့်ထူထောင်ထားတဲ့ရန်ပုံငွေ၊ လျာထားငွေတွေက ဘယ်လောက်ရှိတယ်။ သဘာဝဘေးအတွက် ကူညီထောက်ပံ့ပေးလိုက်တာကဘယ်လောက်၊ နိုင်ငံတော်အတွက် အာမခံကြေး၊ ဝင်ငွေခွန်၊ အမြတ်ခွန် ဘယ်လောက်ပေးသွင်းလိုက်တယ်။ သင်တန်းကြေးနဲ့ ရုံးလုပ်ငန်း ကိစ္စဆောင်ရွက်မှု၊ ဝန်ထမ်းလစာနှင့် BOD ချီးမြှင့်စရိတ်စသည်ဖြင့် အသေးစိတ်ရှင်းလင်းချပြပြီး လက်ရှိလည်ပတ်နေတဲ့အသင်းရဲ့ ရင်းနှီးငွေများ၊ ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းများအားလုံးသည် အသင်းတွင်ပါဝင်သည့် အသင်းသား၊ တစ်ဖန် အသင်းစု- စုချုပ်နှင့် ဗဟိုအသင်းတွင် ပါဝင်သည့် အသင်းဝင်အသင်းများကသာ ပိုင်ဆိုင်ကြသည်ဆိုသည့် အသိကို သမဝါယမလောကသားများအပြင် ပြည်သူအားလုံး သိရှိကြစေပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော လမ်းကြောင်းပေါ်ကို ရောက်အောင်သွားဖို့ အချိန်တန်နေပြီဟု ထင်မိပါသည်။

စာရေးသူလေ့လာမိသော Blueprint for a Co-operative Decade က ထုတ်ပြန်ထားသည့် သမဝါယမများအတွက် ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာ ၂၀၂၀ မျှော်မှန်းချက်တွင်

- စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုတွင် အသိအမှတ်ပြုဦးဆောင်နိုင်ရန်
- လူအများကပိုမိုနှစ်သက်သည့် စံပြပုံစံဖြစ်ရန်
- အလျင်မြန်ဆုံးတိုးတက်လာသည့် လူမှု-စီးပွားရေးပုံစံဖြစ်ရန်ဟုဖော်ပြပါရှိရာ

မိမိတို့မြန်မာ့သမဝါယမများအနေဖြင့် ယင်းမျှော်မှန်းချက်များကို ကမ္ဘာ့သမဝါယမများနည်းတူ အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပေသည်။

မျှော်မှန်းချက်များအောင်မြင်အောင် အကောင်အထည်ဖော်ဖို့ ဥပဒေဆိုင်ရာမူဘောင် (Legal Frameworks)၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း (Participation)၊ ကိုယ်ပိုင်ဝိသေသလက္ခဏာရှိခြင်း(Identity)၊ ရေရှည်တည်တံ့ခြင်း (Sustainability)နှင့် ငွေကြေးအရင်းအနှီး (Capital) စသည့် နယ်ပယ်ငါးရပ်ကိုအခြေခံပြီး ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ကမ္ဘာကြီးရေရှည်ဖွံ့ဖြိုးတိုးတက်နေစေဖို့ ရည်မှန်းချက်ပန်းတိုင် (UN Sustainable Development Goals-SDGs) (၁၇)ရပ် ချမှတ်ပြီး ၂၀၁၆-၂၀၃၀ အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် မြန်မာ့သမဝါယမများအနေဖြင့်လည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးက ကဏ္ဍတွေမှာ ထဲထဲဝင်ဝင် ဆောင်ရွက်ကြဖို့နဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး လမ်းကြောင်းပေါ်ကို ဦးတည်မောင်းနှင်ကြရမည်လည်း ဖြစ်ပေသည်။ တစ်ဖက်မှာလည်း ကျေးလက်ငွေကြေးစီးဆင်းမှုကွန်ရက် ထူထောင်ပေးသည့် သဘောအသွင်ရောက်အောင် ငွေကြေးဆိုင်ရာ အသိပညာပေးမှု၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အထ၊ ကိုယ်တိုင်ပါဝင်လုပ်ဆောင်လာနိုင်ခြင်းစတဲ့ အဖွဲ့အစည်းများရဲ့အင်္ဂါရပ်တွေနဲ့ ပြည့်စုံလာအောင် သမဝါယမများက ဦးဆောင်နိုင်သူဖြစ်အောင် ကြိုးစားကြရမည် ဖြစ်ပါသည်။ တကယ်တော့ သမဝါယမလုပ်ရိုးလုပ်စဉ် နည်းနာနိဿယများသည် မြန်မာ့လူမှုအဖွဲ့အစည်းနှင့် အံဝင်ခွင်ကျ ရှိလှပေသည်။ မြန်မာ့လူမှုအဖွဲ့အစည်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေစေရေး၊ ကျေးလက်နေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ ထာဝစဉ်ရှင်သန် နေစေရေးတို့အတွက် သမဝါယမစွမ်းပကားများဖြင့် ပုံဖော်ထုဆစ်ကြမည်ဆိုပါက ပြောဖွယ်ရှိနိုင်မည် မဟုတ်ပါလော။

အချုပ်ဆိုရသော် စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနေရသည့် ယနေ့ခေတ်အချိန်အခါမှာ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝ မြင့်မားရေးကဏ္ဍတွင် အရှိန်ရရှိနေပြီဖြစ်သည့် မြန်မာ့သမဝါယမဖွံ့ဖြိုးမှု စံပြပုံစံတည်ဆောက်မှု အဟုန်တွေက အနာဂတ်ကာလ စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ လုံးဝဥဿုံအပြည့်အဝ အထောက်အကူပြုနေမည် ဖြစ်ပါသည်။ သမဝါယမသည် ရှေ့သို့သာလှမ်းချီပြီး စုပေါင်းမှုခွန်အားဖြင့် သမဝါယမဌာနရော အသင်းများကပါ ပြိုင်တူတွန်းနေကြခြင်း၏ ရလဒ်ကိုပျော်ပျော်ကြီး ရယူခံစားနိုင်ကြပါစေဟု ဆန္ဒမွန်ရင်း ဇူလိုင်လ ၂ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ သဝဏ်လွှာပါ (Co-operatives: The Power To Act For A Sustainable Future) “အနာဂတ်ကာလ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမစွမ်းအားဖြင့် ဆောင်ရွက်ပေး” ဟူသော ဆောင်ပုဒ်အတိုင်း မြန်မာနိုင်ငံတွင် သမဝါယမများက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ကြနေဦးမည်သာ ဖြစ်ပါကြောင်း ယုံကြည်ခံစားနေမိပါတော့သည်။ ။

# မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးတွင် အကောင်းဆုံးအခြေအနေမှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုပင်ဖြစ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်)ဝုန်ဆူဝန် ဦးဆောင်သောအဖွဲ့အား တွေ့ဆုံစဉ်

**နေပြည်တော် ဇွန် ၂၉**

အိမ်နီးချင်းနိုင်ငံဖြစ်သည့်အပြင် ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ မျိုးနွယ်ချင်း တူညီကြသဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်ပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် အကောင်းဆုံးအခြေအနေမှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုပင်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်)ဝုန်ဆူဝန် ဦးဆောင်သောအဖွဲ့အား ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌တွေ့ဆုံစဉ် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ဆက်လက်၍ တပ်မတော်နှစ်ရပ်အကြား ကြည်း၊ ရေ၊ လေ ကဏ္ဍပေါင်းစုံတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ဆောင်ရွက်နေသည့် TBC၊ RBC နှင့် HLC အစည်းအဝေးဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ဖြန့်ဖြူးမှုများကို တူညီသော ခြိမ်းခြောက်မှုတစ်ခုအဖြစ် ထိထိရောက်ရောက်တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံနယ်နိမိတ်ကိစ္စရပ်များ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြစ်စေရေးအတွက် အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတွင် နှစ်နိုင်ငံပူးပေါင်းသစ်ပင်စိုက်ပျိုးရေးအား ဒေသတွင်းစံပြ Model တစ်ခုအဖြစ် အောင်မြင်အောင် ကြိုးပမ်းလုပ်ဆောင်ရေး၊ ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများ၏အရေးကိစ္စများအား ထိုင်းနိုင်ငံ၏ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ပရာဝစ်(တ်) ဝုန်ဆူဝန်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌တွေ့ဆုံပြီး နယ်စပ်ရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ တိုက်ပွဲရှောင်ဒုက္ခသည်များ အရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်း



**ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကျင်းပစဉ်**

**နေပြည်တော် ဇွန် ၂၉**

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ နယ်မြေခံတပ်မဌာနချုပ် တပ်နယ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် စောအိုက်ဇက်ဖိုးနှင့် ဦးကိုကိုကြီးတို့က အမှာစကားနှင့် နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်များအား ရှင်းလင်းပြသကြပြီး ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ ယင်းနောက် ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

*ကျောဖုံးမှ*

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး PPST အဖွဲ့ဝင်များဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးဆေးဖိုး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/SSA) မှ ဘောင်ခေး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယကခွန်ဥက္ကာ၊ ချင်းအမျိုးသားတပ်ဦး(CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံး၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)KNU/KNLA (PC) မှ နော်ကပေါ်ထူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(KKO) မှ စောမိုရှေးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ငြိမ်းချမ်းစွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ပြီးစီးရေးဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ ပထမသက်တမ်းကာလ တစ်ပြည်လုံးငြိမ်းချမ်းရေးရရှိရန် ကမ်းလှမ်းချက်အပေါ်မူတည်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကောင်းမွန်သည့် အပြုသဘောတုံ့ပြန်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ခရီးလမ်းတစ်ခုအထိ ရောက်ရှိပြီး NCA လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့အစည်းများသည် ထူးခြားသောဝိသေသရှိသည်ဟု ပြောရမည်ဖြစ်ကြောင်း၊ လက်ရှိအစိုးရကဦးဆောင်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစု ပင်လုံ)ကျင်းပရန် လုပ်ဆောင်နေကြောင်း၊ ခြောက်နှစ်တာကာလ ဖြတ်သန်းခဲ့ရမှုအတွေ့အကြုံအရ နိုင်ငံသူ နိုင်ငံသားအားလုံး၏ရပ်တည်မှုနှင့် နိုင်ငံသားများ၏အခွင့်အရေးအတွက် ဥပဒေအရပေးထားသည်များရှိကြောင်း၊ အချို့နေရာများတွင် လိုအပ်ချက်အရ တောင်းဆိုပိုင်ခွင့်ရှိသော်လည်း ပြန်လည်ပေးရမည့်တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု အပိုင်းများတွင် လိုအပ်ချက်များရှိနေသည်ကိုတွေ့ရှိရ၍ နှစ်ဦးနှစ်ဖက်ညှိနှိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ခိုင်ခိုင်မာမာ ရပ်တည်ထားကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆွေးနွေးရာတွင်လည်း NCA အပေါ်တွင်သာ ရပ်တည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ညီညွတ်သော စိတ်ဖြင့် ဝိုင်းဝန်းလုပ်ဆောင်ခြင်းဖြင့် အရှိန်အဟုန်မြန်ဆန်မည်ဟု ယုံကြည်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း ယင်းစိတ်ဓာတ်ဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ PPST အဖွဲ့ဥက္ကဋ္ဌ စောမူတူးဆေးဖိုးနှင့်အဖွဲ့ဝင်များက PPST ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ PPST အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်လည်း NCA အပေါ်တွင်သာ ရပ်တည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် NCA ၌ လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့များပါဝင်နိုင်ရေး ဆွေးနွေးနေမှုအခြေအနေများ၊ UPDJC နှင့် JICM ကော်မတီအစည်းအဝေးများ ဆက်လက်လုပ်ဆောင်သွားမည့်အခြေအနေများကိုရှင်းလင်းတင်ပြပြီး တစ်ဖွဲ့ချင်းအနေဖြင့်လည်း ဆက်ဆံရေးရုံးများတိုးချဲ့ထားရှိရေး၊ JMC အနေဖြင့် အဆင့်ဆင့်နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရေး၊ နှစ်ဖက်တပ်များ တပ်နေရာချထားရေးစသည်ဖြင့် ဆွေးနွေးကြသည်။

ယင်းဆွေးနွေးချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန်အတွက် မည်သည့်အဖွဲ့ကိုမဆို တပ်မတော်က ဖိတ်ခေါ်ထားကြောင်း၊ လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားလိုစိတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ခိုင်မာသောစိတ်ရှိပါက လက်မှတ်မထိုးနိုင်စရာမရှိကြောင်း၊ မိမိကိုယ်ကိုယ်ယုံကြည်မှုရှိရန် လိုသကဲ့သို့ ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်အပေါ် ယုံကြည်အားကိုးစိတ်ရှိရန်လည်း လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်စိတ်ထား၍ ပါဝင်လက်မှတ်ရေးထိုးရန် ကြိုဆိုနေကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ပါဝင်တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းတို့သည် တပ်မတော်၏ သဘောထားတစ်ခုတည်းဖြင့်မရဘဲ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာလွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးများ၏သဘောဆန္ဒများကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် နိုင်ငံရေး၊ နိုင်ငံ့အရေးများလုပ်ဆောင်နိုင်ရန် နိုင်ငံရေးလမ်းကြောင်းဖွင့်ပေးထားခြင်းဖြစ်၍ မိမိလုပ်ဆောင်လိုသည်ကို နိုင်ငံရေးနည်းလမ်းဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ဆောင်ရာတွင်လည်း နေရာ(Place) နှင့် မြေ (Land) တို့သည် အရေးမကြီးဘဲ ပြည်သူက ထောက်ခံပြီး မိမိတို့လုပ်ဆောင်သည့် နိုင်ငံရေးလမ်းကြောင်းကို မှန်မှန်ကန်ကန် လုပ်ဆောင်ပေးနိုင်ရန်သာ အရေးကြီးကြောင်း၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲမထားရှိဘဲ တိုင်းပြည်အတွက် ကြည့်စေလိုကြောင်း၊ မိမိတို့လည်း ထိုစိတ်ဓာတ်မျိုးမွေး၍ လုပ်ဆောင်နေကြောင်း၊ ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးအရ လွတ်လပ်စွာ သဘောကွဲလွဲမှုရှိသော်လည်း တိုင်းရင်းသားအရေးတွင် သဘောကွဲလွဲမှုများ မရှိစေလိုကြောင်း၊ ရိုးသားစွာပြောဆိုရပါက တပ်မတော်အနေဖြင့် တိုင်းရင်းသားအချင်းချင်း တိုက်ခိုက်မှုကို လုံးဝမလိုလားကြောင်း၊ သက်ဆိုင်ရာအစိုးရအုပ်ချုပ်မှုယန္တရားများ၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို နှောင့်ယှက်ထိခိုက်မှုများမရှိစေရန် ကာကွယ်ရခြင်းသာဖြစ်ကြောင်း၊ တချို့လည်း စိုးရိမ်စိတ်ဖြင့် နယ်မြေတည်ဆောက်မှု၊ အင်အားတည်ဆောက်မှုများလုပ်ဆောင်နေသည်ကိုတွေ့ရှိရကြောင်း၊ မိမိကိုယ်မိမိယုံကြည်မှုရှိပါက ယင်းသို့လုပ်ဆောင်ရန်မလိုဘဲ ငြိမ်းချမ်းသည့်နည်းလမ်းဖြင့်သာ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အလားတူ နေရာနှင့်မြေမှာ အရေးမကြီးဘဲ လူထုယုံကြည်မှုရရှိရန် လိုကြောင်း၊ တပ်မတော်အနေဖြင့် လူထုယုံကြည်မှုရရှိအောင် ကြိုးစားတည်ဆောက်နေကြောင်း ရှင်းလင်းပြောကြား၍ တစ်ဖွဲ့ချင်း၏ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(မြဝတီ)**

*ကျောဖုံးမှ*

"ဒီရက်ပိုင်းမှာ ဈေးကွက်အခြေအနေက ဗြိတိန်ရဲ့ BREXIT ပြဿနာကြောင့်ပေါ်၊ စတာလင်၊ယူရို တန်ဖိုးဟာ ၃၁ နှစ်အတွင်းမှာ အနိမ့်ဆုံးရောက်ရှိသွားတဲ့အတွက် အိမ်နီးချင်းအာရှနိုင်ငံအချို့မှာ စီးပွားရေးအရ ထိခိုက်မှုတွေရှိလာပေမယ့် မြန်မာက ပေါင်၊စတာလင်အုပ်စုမှာမပါတဲ့အတွက် လုံးဝထိခိုက်မှုမရှိဘူး။ ဒါကြောင့် မြန်မာငွေကြေးဟာ ခိုင်မာလာတာပါ။ ဒေါ်လာဈေးကလည်း ဒီရက်ပိုင်းအတွင်းမှာ တစ်ဒေါ်လာ ကို ၁၁၈၃ ကျပ်နဲ့ငြိမ်နေတယ်" ဟု မန္တလေးမြို့မှ ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့် ပွဲရုံ) က ပြောသည်။

ယခုကဲ့သို့ ယူရိုတန်ဖိုးကျဆင်းသွားမှုကြောင့် ဥရောပမှ နှစ်စဉ်မှာယူမှုရှိနေသည့် ပဲ၊ ဆန်နှင့် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှာလည်း ကျဆင်းသွားနိုင်ကြောင်း ၎င်းက ဆက်လက်သုံးသပ်ပြောကြားသည်။ အဓိကမြန်မာ့ပို့ကုန်ဖြစ်သော ပဲတီစိမ်းဈေးနှုန်းမှာ ထိပ်စသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၄၀၀၀ မှ ဇွန် ၂၉ ရက်တွင် ငွေကျပ် ၉၇၀၀၀ ဈေးအထိ မြင့်တက်လာပြီး အိန္ဒိယပို့ကုန် ကုလားပဲဖြူကြီး(V2) ဈေးမှာလည်း ငွေကျပ် ၁၁၆၀၀၀ မှ ယနေ့ ဇွန် ၂၉ ရက်တွင် ငွေကျပ် ၁၂၀၀၀၀ အထိ ဈေးခုန်တက်သွားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ယူရို ၆၉ ဒသမ ၇၈ သန်းတန်ဖိုးရှိ ကျောက်စိမ်းတွဲပေါင်း ၅၈၉ တွဲရောင်းချ

**နေပြည်တော် ဇွန် ၂၉**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၀၆၂ တွဲအနက်မှ ဒုတိယအကြိမ် အတွဲ ၁၀၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြကြရာ ယူရို ၆၉ ဒသမ ၇၈ သန်းတန်ဖိုးရှိ ၅၈၉ တွဲကို ရောင်းချခဲ့ရသည်။

ပြပွဲ၏ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲ ၆၂၄ တွဲကို ယူရို ၃၆ ဒသမ ၅၆ သန်းဖြင့် ရောင်းချခဲ့ပြီး ယခင်နေ့များက ပုလဲအတွဲပေါင်း ၃၁၂ တွဲကို ၃ ဒသမ ၁၂ သန်း၊ ကျောက်မျက်အတွဲပေါင်း ၆၃ တွဲကို ၃ ဒသမ ၂၉သန်းဖြင့် ရောင်းချခဲ့ပြီးဖြစ်၍ ယနေ့အထိ စုစုပေါင်းရောင်းချရငွေမှာ ယူရို ၁၀၆ ဒသမ ၃၄ သန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပိုမိုအရည်ကောင်းမွန်သောကျောက်စိမ်းအတွဲ ၁၀၀၀ စီကို ဇူလိုင် ၃ ရက်အထိ နေ့စဉ်ပြသရောင်းချမည်ဖြစ်ပြီး ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ယူရို ၁၀ သန်းတန်ကျောက်စိမ်းအပါအဝင် ယူရို ၂၀၀၀၀၁ တန်ဖိုးအထက်ရှိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူထုဒေါ်အမာ၏ 'လူထုကိုလွှမ်းရတယ်နဲ့ အခြားမှတ်စုများ'

**မြင့်ဆွေဦး**

မြန်မာနိုင်ငံသမိုင်းတွင် ပြည်သူလူထုက တမြတ်တနိုးဖြင့် ချစ်ကြည်လေးစားစွာ 'အမေ' ဟု အမည်တပ်အခေါ်ခံရသူ နှစ်ယောက်သာရှိခဲ့သည်။ တစ်ဦးမှာ ယနေ့မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် ပြည်သူ့အပေါ်မေတ္တာထား၍ နိုင်ငံနှင့်လူထုအကျိုးကို ဆောင်ရွက်ပေးနေသော နိုင်ငံတော်၏အကြံပေးပုဂ္ဂိုလ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံ စာပေလောကနှင့်အတူ ပြည်သူလူထုက အမေတပ်၍ အခေါ်ခံရသူတစ်ဦးမှာ စာရေးဆရာ၊ သတင်းဆရာ ဆရာမကြီး လူထုဒေါ်အမာဖြစ်သည်။

လူထုဒေါ်အမာသည် ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်ကြီးမှ မွေးဖွားပေးလိုက်သော ကလောင်တစ်ချောင်းဖြစ်သည်။ အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် ဝတ္ထုဆောင်းပါးများရေးသားခဲ့သည်။ ကြီးပွားရေးမဂ္ဂဇင်းတွင် ခင်လဝင်း၊ မြမဥ္ဇူ ကလောင်အမည်များဖြင့် ရေးသားခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ကြီးပွားရေးဦးလှနှင့် လက်ထပ်ခဲ့ပြီး ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် လူထုဂျာနယ်ကို စတင်ထုတ်ဝေသည့်အခါ လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် လူထုသတင်းစာကို ထုတ်ဝေသည့်အခါ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် လူထုသတင်းစာနှင့်ကြီးပွားရေးပုံနှိပ်တိုက်ကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည်။ ၁၉၄၉ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် လူထုသတင်းစာပိတ်ပင်ခံရသည်။ ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် လူထုသတင်းစာကို ပြန်လည်ထုတ်ဝေခဲ့သည်။ လူထုဂျာနယ်ကိုလည်း ပြန်လည်ထုတ်ဝေခဲ့သည်။ လူထုဂျာနယ်နှင့်လူထုသတင်းစာကိုတွဲ၍ ပြန်လည်ထုတ်ဝေခဲ့ချိန်မှစကာ ခင်ပွန်းနှင့်အတူ သတင်းစာ၊ ဂျာနယ်လုပ်ငန်းများကို ဇောက်ချလုပ်ကိုင်ခဲ့ပြီး လူထုဒေါ်အမာဟူ၍ ထင်ရှားလာခဲ့သည်။

၁၉၅၃ ခုနှစ်တွင် လူထုဦးလှကို ပုဒ်မ ၅ ဖြင့် အဖမ်းခံရသဖြင့် လူထုသတင်းစာခေါင်းကြီးများကို တာဝန်ခံရေးသားခဲ့သည်။ ၁၉၆၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် လူထုသတင်းစာ ရပ်စဲခံရသည်။

လူထုဒေါ်အမာသည် နိုင်ငံရေးခံယူချက်ကြောင့် မိသားစုတစ်ခုလုံး သေကွဲရော၊ ရှင်ကွဲရော အကွဲကွဲအပြားပြားကြုံတွေ့ခဲ့ရသော်လည်း လောကဓံ အထုအထောင်းကို ကြံ့ကြံ့ခံကာ နောက်ဆုံးအချိန်ထိ နိုင်ငံရေး၊ လူမှုရေးအရ ပြည်သူလူထုဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့သူဖြစ်သဖြင့် ပြည်သူလူထု၏ လေးစားချစ်ခင်မှုကိုခံခဲ့ရပြီး အမေလူထုဒေါ်အမာဟူ၍ ထင်ရှားခဲ့သည်။

ကြီးပွားရေးစာအုပ်တိုက်မှ လူထုဒေါ်အမာနှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် 'လူထုကို လွှမ်းရတယ်နဲ့ အခြားမှတ်စုများ' စာအုပ်ကို ထုတ်ဝေခဲ့သည်။ လူထုဒေါ်အမာတွင် အကျင့်ခလေ့ဝသီစရိုက်ကောင်းလေးနှစ်ခုရှိသည်ဟု ဆိုသည်။ ယင်းမှာ နေ့စဉ်ထူးခြားသည့် အဖြစ်အပျက်များကို နေ့စဉ်မှတ်တမ်း သဘောမျိုးရေးသားခြင်းနှင့် လမ်းမှာသွားရင်းလာရင်းနှင့် ရွာဈေးလေးဖြစ်ဖြစ်၊ ပွဲဈေးလေးဖြစ်ဖြစ်တွေ့ရင် ခဏတစ်ဖြုတ်လောက်ဝင်ပြီး ဈေးဝယ်ခြင်း၊ ဈေးစနည်းနာခြင်းတို့ဖြစ်သည်။ အဲ့ဒီလိုနေ့စဉ်မပြတ် ကမ္ဘာ့အရေး၊ ဗမာ့အရေးတွေကို ထိတွေ့ရသဖြင့် လူထုဒေါ်အမာ၏ လောကအမြင်များသည် အမြဲတမ်းသစ်လွင်နေသည်။ အသက်အရွယ်အိုမင်းလာသည်အထိ အသိအမြင်များသည် ရှင်သန်ထက်မြက်နေဆဲ ဖြစ်သည်။



နိုင်ငံတကာသတင်းများကို မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြား မပေါ်ခင်ကတည်းက ဘီဘီစီ၊ ဗွီအိုအေ၊ အောလ်အင်ဒီးယား၊ ရေဒီယိုဘီဂျင်းစသည့် နိုင်ငံတကာအသံလွှင့်ဌာနများက ထုတ်လွှင့်သည့်သတင်းများကို အမြဲမပြတ်နားထောင်နေသည့်အတွက် လူထုဒေါ်အမာ၏ လောကအမြင်များသည် အမြဲတမ်းသစ်လွင်ဆန်းသစ်နေလေသည်။ ထို့ကြောင့် လူငယ်အသိုင်းအဝိုင်းတွင် လူထုဒေါ်အမာအား ဒေါ်ဒေါ်မာ၊ အမေမာ စသည်ဖြင့် ကြည်ညိုလေးစားမှုကို ရရှိခဲ့သူဖြစ်သည်။

ယခုထုတ်ဝေသည့် 'လူထုကိုလွှမ်းရတယ်နဲ့အခြားမှတ်စုများ'မှာ ၁၉၇၀ ပြည့်နှစ်တစ်ဝိုက်က လူထုဒေါ်အမာ၏ မှတ်တမ်းမှတ်ရာအတိုအထွာများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ တချို့မှတ်တမ်းများသည် တိုတိုထွာထွာများဖြစ်သော်လည်း 'ကနေ့ မှတ်တမ်း၊ နက်ဖြန်သမိုင်း' ဆိုသည့်စကားနှင့်အညီ ထိုခေတ်ကာလ၏သမိုင်းကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့သဖြင့် တစ်ခါမျှ ပုံနှိပ်ထုတ်ဝေခြင်းမရှိသေးသော မှတ်တမ်းမှတ်ရာများကို လူထုဒေါ်အမာမွေးနေ့ နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်ဟု ဆိုလေသည်။ ၁၉၇၀ ပြည့်နှစ်တစ်ဝိုက်က မှတ်တမ်းများဖြစ်သဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်အကြောင်းကို တစေ့တစောင်း တွေ့ရလေသည်။

ထိုစဉ်က ပါတီကောင်စီ၏ လုပ်ရပ်အထွေထွေကို လူထုဒေါ်အမာက သတင်းသမားပီပီဖော်ထုတ်ဖွင့်ချမှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

'လူထုကို လွှမ်းရတယ်' မှတ်တမ်းမှတ်စုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုလသမဂ္ဂထဲ ဝင်ရေးအတွက် အယ်လ်ဘေးနီးယားတင်သွင်းသည့်အဆို အနိုင်ရသွားသည့်အကြောင်းကို ရေဒီယိုသတင်းမှ နားထောင်လိုက်ရသဖြင့် လူထုသတင်းစာသာရှိလျှင် ထိုသတင်းကို မည်သို့ဖော်ပြမည်၊ ခေါင်းကြီးကို မည်သို့ရေးလိုက်မည်ဟု စဉ်းစားမိပုံကိုတင်ပြထားသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဘက်က သတင်းစာများအကြောင်းကို ပွင့်ပွင့်လင်းလင်းဝေဖန်ပြီး မှတ်တမ်းမှတ်ရာရေးသားခဲ့သည်။ ယင်းမှာ 'ကနေ့သတင်းစာတဲ့' ဖြစ်သည်။ ယင်းမှတ်စုမှတ်တမ်းတွင် ဖဆပလခေတ်က သတင်းစာများအကြောင်းကို "ဗမာပြည်မှာ ထွက်သမျှသတင်းစာကို ဖတ်မှတ်တယ်။ ဒါကြောင့် ဟံသာဝတီအပြင် လုပ်သား (ဗမာအင်္ဂလိပ်)၊ ဂါးဒီးယန်း၊ ကြေးမုံနှင့် ဗိုလ်တထောင်သတင်းစာငါးစောင်နေ့တိုင်းဝယ်တယ်။ သတင်းစာလာလို့ ကောက်ကြည့်လိုက်ရင် ဖတ်ချင်စရာသတင်းကနည်းလိုက်တာ၊ ခေါင်းစဉ်တောင်ဆုံးအောင် မဖတ်ကြည့်ချင်တဲ့ သတင်းတွေကပါသေး၊ ပြီးတော့ တစ်စောင်ကြည့်ပြီးရင် ကျန်တာတွေမကြည့်လည်းရတာပဲ" ဟု ဝေဖန်မှတ်တမ်းတင်ခဲ့သည်။ မှတ်တမ်းမှာပင် "ကပိုင်စာကြည့်အသင်းက ဦးလှကိုဖိတ်ပြီး ဟောပြောပွဲလုပ်မည် ကြံစည်တာပါတီတို့ နယ်မြေတို့က သဘောမကျဘူး။ ဒါ့ကြောင့် မဖိတ်ဖြစ်ဘူးတဲ့" ဟု မှတ်တမ်းတင်ခဲ့သည်။

'အ'သုံးလုံး(၁)မှတ်စုတွင် လူထုဒေါ်အမာက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

"ကနေ့သတင်းနှစ်ခုကြားရတယ်။ တစ်ခုက ယာဉ်တွေလက်ယာဘက်က မောင်းဖို့အတွက် စီစဉ်စိုင်းပြင်းနေတယ်ဆိုတာဖြစ်တယ်။ တစ်ခုကတော့ ဝမ်းတွင်းနယ်မှာ စာရေးစာဖတ်မတတ်တဲ့လူကို ရက်ကန်းအလုပ်မပေးတော့ဘူးဆိုတဲ့ သတင်းဖြစ်တယ်။

"ပြောင်းတာမှာဘာ့ကြောင့်ပြောင်းတယ်လို့ အကြောင်းလုလုမပြကြဘူး။ လောလောဆယ်လည်း ပြောင်းစရာ လုံလုံလောက်လောက် ပြင်ဆင်ပြီးမရှိသေးဘူး။ ဘာလို့များဒါကို ကောက်ကိုင်ချင်ကြပါလိမ့်၊ အလုပ်မရှိလို့ ကြောင်ကလေးရေချိုးတာကျနေတာပဲ၊ ဒုက္ခမရှိဒုက္ခရှာလို့။

"ဗမာလူမျိုးဟာ စာမတတ်သူ ရာခိုင်နှုန်းအနည်းဆုံးနိုင်ငံ၊ ပြီးတော့ စာတတ်ရင်ကောင်းတယ်ဆိုတာကိုလည်း အသိဆုံးပါ။ ဗမာ့အသိဉာဏ်ဟာ ထက်လည်းထက်မြက်တယ်။ ဗမာက အကင်းလည်းပါးတယ်။ ဒါဖြစ်ရဲ့သားနဲ့ စာမတတ်တဲ့ လူရှိကြသေးတာကတော့ စီးပွားရေးအခြေအနေတွေကြောင့် မသင်နိုင်ကြ၊ မသင်အားကြလို့ပါ၊ ဒါကိုအားလုံးစာတတ်လာအောင် မောင်းနှင်ရာမှာ အခုလိုအလုပ်အကိုင်ရရှိရေးနဲ့တော့ အကျပ်မကိုင်သင့်ဘူး။ စာမတတ်တဲ့လူတွေ ငတ်ရတော့မယ်ဆိုတာမျိုးတော့ ဘယ်လိုအဖွဲ့အစည်းမျိုးကမှ မလုပ်ထိုက်ပါဘူး၊ လုပ်ကိုင်စားသောက်ရမှုနဲ့ အကျပ်ကိုင်တာဟာအလွန်ဆိုးပါတယ်။

" 'အ'သုံးလုံးနဲ့ပတ်သက်လို့ အမှန်အတိုင်းပြည်သူက သိရဖို့တော့ မလွယ်ဘူး။ ဘာလို့လဲဆိုတော့ အောက်က အလုပ်လုပ်ကြတဲ့လူတွေက အမှန်ကိုသိရအောင်လုပ်ကြတာမှ မဟုတ်တဲ့ဟာ ကိုး။ ရွှေဘိုမှာစာမတတ်သူ လူတစ်သိန်းရှိပါတယ်။ သို့ပေမယ့် တကယ်ကတစ်သိန်းမရှိဘူး၊ စာတတ်တဲ့လူတွေကို မတတ်ဘူး စာရင်းထဲထည့်တာမျိုးလည်း ကြားရရဲ့။ အချို့နေရာတွေမှာ စာတတ်ပေမယ့် နေ့စားနဲ့လုပ်ကြတယ်။ မတတ်ဘူးလုပ်ပြီး သင်ကြသတဲ့။ တချို့နေရာတွေတော့လည်း လူလည်တွေက တတ်ရဲ့သားနဲ့ မတတ်ချင်ယောင်ဆောင်ပြီး ဝင်သင်၊ ချက်ချင်း တတ်တယ်လုပ်၊ ခတ်ပုံအရိုက်ခံ၊ အသံသွင်းခံ၊ ပြောချင်တာတွေ လျှောက်ပြောနဲ့ ထင်တိုင်းအခွင့်အရေးယူနေကြသတဲ့။ တချို့ရွာတွေမှာတော့လည်း ခြိမ်းခြောက်မှုကတယ်ကြီးဆိုသကိုး၊ စာမသင်ရင် ဒီရွာမှာမနေရဘူးဆိုတာမျိုးအထိ ခြိမ်းခြောက်ပြီး စာသင်ခိုင်းသကိုး။ ရွှေဘိုနယ်က ဆရာတစ်ဦးကတော့ 'အ'သုံးလုံးနဲ့ပတ်သက်လို့ ကုလသမဂ္ဂဆုရတာ ဆရာတွေအသင်အပြ ကောင်းလို့ မဟုတ်ဘူး၊ စာရင်းဇယားလုပ်ပြပုံကောင်းလို့ပါလို့ ပြောသွားတယ်။"

လူထုဒေါ်အမာက ရွှေဘိုမှာကျင်းပမည့် စာပေဟောပြောပွဲအကြောင်းကိုလည်း ရေးမှတ်ချင်ခဲ့သည်။ "ရွှေဘိုမှာ စာဆိုတော်နေ့ကျင်းပဖို့ ရန်ပုံငွေရှာရအောင် ပို့စကတ်နှစ်မျိုး ကော်မတီကရိုက်ပြီး ရောင်းဖို့ဖြစ်တယ်။

"ပို့စကတ်တစ်ခုမှာက ဒီဟာပေါ့။ အဲဒါမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ လက်ရေးဓာတ်ကြီးလေးရပ်ကို ထောင့်မှာထည့်လိုက်တယ်။ ဒါကို ရွှေဘိုက အာဏာပိုင်တချို့က မကြိုက်ဘူးတဲ့။ အထူးသဖြင့် တူတံစဉ်ကိုသူတို့က မသုံးစေချင်ဘူး။ တူတံစဉ်ဟာ ကွန်မြူနစ်ပဲ၊ မြန်မာ့ဆိုရှယ်လစ်ရဲ့ အမှတ်အသားက စပါးနှံနဲ့ ပင်နီယံဖြစ်တယ်လို့ တရားသေမှတ်ယူပုံရတယ်။ တူတံစဉ်ကို ဖြုတ်ပစ်ရမယ်လို့ တောင်းဆိုသတဲ့။ ပို့စကတ်သမားတွေကလည်း ဆရာကြီးမှိုင်းရဲ့ ဂူဗိမာန်မှာလည်း ဒီလက်ခဏာကြီး လေးရပ်ရှိပါတယ်လို့ ရှင်းလင်းပြောပြပါတယ်။ သို့ပေမယ့် လက်မခံဘူး။ နောက်ဆုံးတော့ တူတံစဉ်ပေါ်မှာ စာအုပ်ပုံ တစ်ခုထပ်ရိုက်ပြီး ရောင်းချရသကိုး။

"ဒုတိယပို့စကတ်ကတော့ ကလေးငယ်နဲ့ချိုးရုပ်ကလေးပဲ။ ထုတ်ဝေသူများရဲ့အဓိပ္ပာယ်က ကမ္ဘာ့ငြိမ်းချမ်းရေးရရှိမှ ငြိမ်းချမ်းသာယာမယ်၊ ငြိမ်းချမ်းစွာ ပညာသင်ကြားရမယ်လို့ ဆိုချင်တာကိုး။ သို့ပေမယ့် ဒီကတ်ကိုရွှေဘိုပါတီက တော်တော်ကြီး မကြိုက်နိုင်ဘဲ ဖြစ်နေတယ်၊ ဒါဟာ ကနေ့ပညာရေးကို သရုပ်ဖော်တာ၊ ကလေးငယ်၊ ကျောင်းသား ကျောင်းသူ အင်္ကျီကလေးဟာ ကျည်ဆန်ပေါက်တွေ၊ အဝါရောင်ဆိုတာ ပညာရေး၊ အပြာတွေစီးကျနေတာက မျက်ရည်တွေ၊ ဒါကြောင့် ဒီပို့စကတ်ကို ထုတ်ဝေရောင်းချခြင်းမပြုပါနဲ့၊ အားလုံးသူတို့လက်ကိုအပ်ပါ၊ ဘလောက်တွေလည်းပို့လှည့်ပါဆိုလို့ အားလုံးသူတို့ဆီသွားအပ်လိုက်ရတယ်။"

လူထုဒေါ်အမာ၏မှတ်စုမှတ်တမ်းများသည် မဆလခေတ်၏ သမိုင်းကို မှန်မှန်ကန်ကန်တင်ပြထားခြင်းဖြစ်သည်။ သတင်းစာဆရာပီပီ မခြွင်းမချန်ရေးသားတင်ပြခဲ့သည်။ ထိုခေတ်က မဆလအာဏာပိုင်များ၏ သရုပ်သကန်ကို တစ်စိတ်တစ် ပိုင်းထင်သာမြင်သာအောင် မှတ်စုမှတ်တမ်းများအဖြစ် ရေးသားထားခြင်းဖြစ်သည်။ ။

> **နိုင်ငံတကာသတင်းများကို မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြား မပေါ်ခင်ကတည်းက ဘီဘီစီ၊ ဗွီအိုအေ၊ အောလ်အင်ဒီးယား၊ ရေဒီယိုဘီဂျင်းစသည့် နိုင်ငံတကာအသံလွှင့်ဌာနများက ထုတ်လွှင့်သည့်သတင်းများကို အမြဲမပြတ်နားထောင်နေသည့်အတွက် လူထုဒေါ်အမာ၏ လောကအမြင်များသည် အမြဲတမ်းသစ်လွင်ဆန်းသစ်နေလေသည်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်းများအားခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၂၄-၆-၂၀၁၆ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၆-၆-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦး၊ ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ တစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေခြောက်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ လေးဦး စုစုပေါင်း ၁၆ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၄၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၈၂၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်း ၃၂၁၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ မဂ္ဂဇင်းအသစ်လျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူ တစ်ဦးတို့အား အချက်အလက်များစိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကျေးရွာစာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးအတွက် နယ်လှည့်ကွင်းဆင်း

**မြောက်ဦး ဇွန် ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒို့ကျေးရွာ စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၈ ရက်က မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက်နှင့် မောင်ရှိကန်ကျေးရွာတို့၌ ကျင်းပသည်။



ဆက်လက်၍ မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်ရွှေက စာကြည့်တိုက် အဆင့်မြှင့်တင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းအရာများကို ဟောပြောခဲ့ပြီး မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းသည့် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများကို ကျေးရွာစာကြည့်တိုက်မှူးများသို့ လှူဒါန်းပြီး သတင်းစကား လက်ကမ်းစာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ ပြသပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော စာအုပ်များစာရင်း

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသည့် ဇွန် ၁၈ ရက်နေ့မှ ၂၈ ရက်နေ့အထိ ထွက်ရှိသော စာအုပ် ၁၂၀ အနက် စာအုပ် ၆၀စာရင်း











| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | နေမျိုးကျော်စိုး | အမေစုအတွက် အားဆေးတစ်ခွက် | ၃၀၀၀ိ/- | ရွှေပေ |
| ၂ | မင်းသိခ် | ပြည်ကြီးမဏ္ဍိုင်မြကြီး | ၃၀၀၀ိ/- | ဘုမ္မာဝတီ |
| ၃ | ဦးဖေအောင် | ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းခွင်များဆိုင်ရာ တင်ဒါလမ်းညွှန် | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၄ | ဇေယျာလင်း | ဒီပရက်ရှင်မီးခိုး | ၁၀၀၀ိ/- | နှစ်ကာလများ |
| ၅ | W.L.Barretto | Heroes of burma | ၅၀၀၀ိ/- | the key |
| ၆ | သန်းဝင်းလှိုင် | နှစ်ဆယ်ရာစုအကျော်ကြားဆုံးခေါင်းဆောင်များ | ၃၀၀၀ိ/- | ခုနစ်စင်ကြယ် |
| ၇ | ကိုနေ(မန္တလေး) | (၂၁)ရာစုခေါင်းဆောင်မှုပြိုင်ပွဲနှင့် ဆက်ဆံရခက်သူ လူခဲ့ကပ်များကိုစီမံခန့်ခွဲနည်း | ၃၀၀၀ိ/- | ကိုနေ(မန်း) |
| ၈ | အောင်လှိုင် | သင်နှင့်သင့်ပြဿနာများဗုဒ္ဓနည်းကျဖြေရှင်းခြင်း | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၉ | ဉာတိခမ်း | ဒီဘဝနောက်ဘဝချမ်းသာသုခနည်းလမ်း | ၂၅၀၀ိ/- | ပါရမီ |
| ၁၀ | မြထွေးမောင် | ဗေဒါအလွမ်းနှင့် အခြားရသဝတ္ထုတိုများ | ၅၀၀၀ိ/- | ရွှေဝတ်မှုန် |
| ၁၁ | မောင်ကံထူး | ဖြစ်ပျက်မြင်လျှင်မဖြစ်မပျက်တွေ့နိုင်ရပါမည် | ၁၀၀၀ိ/- | |
| ၁၂ | လယ်တီအရှင်ကောဝိဒ | သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးသမိုင်း | ၂၅၀၀ိ/- | ရှင်မတောင် |
| ၁၃ | သင့်လူ | ကယ်တင်ရှင် | ၃၅၀၀ိ/- | ငါတို့စာပေ |
| ၁၄ | ကြူမွေး | နားထိုင်းတို့ရွာ | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၁၅ | ကိုကိုလေး | သုံးပွင့်ဆိုင်လုပ်ကြံမှုကြီး | ၁၈၀၀ိ/- | ယဉ်မျိုး |
| ၁၆ | သေက္ခုတောင်ဆရာတော် | အဘိဓမ္မာတ္ထသရူပဒီပနီကျမ်း | ၅၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၇ | ကိုစိုင်း | Theory For guitar | ၅၀၀၀ိ/- | cfmart |
| ၁၈ | ကလောင်စုံ | ပါဝင်ပစ္စည်းများ | ၁၅၀၀ိ/- | ယဉ်မျိုး |
| ၁၉ | လင်းမိုးစွေ | ကျောင်းသွားဖော်သို့ | ၁၀၀၀ိ/- | Pica media |
| ၂၀ | ရယ်စရာမဂ္ဂဇင်း-၁ | ဂျင်နရယ်စောနေရွှေနှင့် အခြားလက်ရွေးစင်ဝတ္ထုတိုများ | ၄၅၀၀ိ/- | Pica media |
| ၂၁ | အရှင်ဓမ္မသာရ(ထိုင်း) | ဆင်တူယိုးမှားပုံရိပ်များ | ၂၀၀၀ိ/- | Pica media |
| ၂၂ | လင်းသိုက်ညွန့် | စူပါပါဝါသို့ချဉ်းကပ်ခြင်း | ၃၅၀၀ိ/- | Success |
| ၂၃ | ကံလှ(ငါန်းဇွန်) | လယ်ယာကဏ္ဍဘာတွေပြောင်းကြမလဲ | ၁၀၀၀ိ/- | ခရေဖူး |
| ၂၄ | တင်နိုင်တိုး | ရန်ကုန်မြို့တော်ဝန်များ(၁၇၅၅ မှ ၁၉၈၈) | ၂၅၀၀ိ/- | လင်းလွန်းခင် |
| ၂၅ | ဦးမြင့်ခိုင်(စိတ်ပညာ) | ကျွန်တော်တင်ခဲ့သောFacebookစုစည်းမှု(၂) | ၂၀၀၀ိ/- | အနုတ္တစာပေ |
| ၂၆ | သစ္စာနီ | ဒါဝင်ဝင်စားတဲ့မျောက် | ၁၅၀၀ိ/- | သုံးပွင့်ညီညာ |
| ၂၇ | မိုးဇက်ပိုင် | သေးငယ်ခြင်းမှ ကြီးကျယ်ခြင်းသို့ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၈ | ဇင်သန့် | အောင်မြင်ဖို့အတွက် စလိုက်ကြစို့ | ၂၈၀၀ိ/- | the book house |
| ၂၉ | ရွှေဥဒေါင်း | ရတနာပုံဝတ္ထု | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | ရဲစတိုင်း | ကြိုက်သလောက်ဖတ် ကြိုက်သလောက်ရယ် | ၇၀၀ိ/- | စိတ်ကူးချိုချို |
| ၃၁ | ပန်းချီ-အောင်ကြောင်းဖြာ ဇာတ်ညွှန်း-မုဒိတာ | ငါးရာငါးဆယ့်ဇာတ်တော်များ -ဘုရားလောင်း ပဒုမမင်းနှင့်ကျေးဇူးသစ္စာမဲ့သူများ | ၁၂၀၀ိ/- | နဂါးပျံ |
| ၃၂ | ပန်းချီ-အောင်ကြောင်းဖြာ ဇာတ်ညွှန်း-မုဒိတာ | ငရဲကြီးရှစ်ထပ်ရောရုဝရဲ | ၁၂၀၀ိ/- | နဂါးပျံ |
| ၃၃ | the key Collection | စာကြည့်တိုက်စာစဉ်(၂၃) နယ်လ်ဆင်မင်ဒဲလား | ၁၅၀၀ိ/- | The Key |
| ၃၄ | ပန်းချီ-အောင်ကြောင်းဖြာ ဇာတ်ညွှန်း-မုဒိတာ | သူခိုးအတွက်လေ့ကားထမ်းသူ | ၂၅၀၀ိ/- | နဂါးပျံ |
| ၃၅ | စမ်းစမ်းနွဲ့(သာယာဝတီ) | ဘယ်သူလဲ၊ဘာကြောင့်လဲ၊ဘယ်လိုလဲ | ၂၀၀၀ိ/- | အလင်းသစ် |
| ၃၆ | ဂေါ်ယာမြေစောဝင်း | ကျိုးဖြူရွာကမယ်ထွီးယေနှင့်လူစွမ်းကောင်းများ (ရခိုင်ဂန္ထဝင်ပုံဝတ္ထုများ) | ၂၅၀၀ိ/- | ဂန္ထပစာပေ |
| ၃၇ | ဉာတိခမ်း | ဓမ္မနှင့်ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏အတွေးအခေါ် | ၂၅၀၀ိ/- | ဉာတိခမ်း |
| ၃၈ | ရဲဘော်မိုးဦး | တရုတ်ပြည်ကွန်မြူနစ်ပါတီ ဘာကြောင့်စွမ်းဆောင် နိုင်ခဲ့တာလဲ(သမိုင်းကိုခြေရာကောက်ကြည့်ခြင်း) | ၃၅၀၀ိ/- | ယဉ်မျိုး |
| ၃၉ | ဗန်းမော်သိန်းဖေ | ဆင်းရဲနွံမှချမ်းသာဘုံသို့ | ၃၀၀၀ိ/- | ပဥ္စဂံ |
| ၄၀ | မောင်ကြူးရင့် | ငါ့နိုင်ငံနဲ့ပွေ့ဖက်ခြင်း | ၁၀၀၀ိ/- | နှင်းဆီဖြူ |
| ၄၁ | ပိုင် | မွန်ဂို-၁၀၀ | ၁၅၀၀ိ/- | နှင်း |
| ၄၂ | နေမင်းနိုင် | စီမံခန့်ခွဲမှုပညာ-ဂုရုများ | ၁၈၀၀ိ/- | Momentum |
| ၄၃ | မိုယ်းဇော် | ထာဝရ မီးရထားသံလမ်းများ | ၂၀၀၀ိ/- | နှင်းဆီဖြူ |
| ၄၄ | သင့်လူ(JONAS JONASSON) | The Girl Who Saved The King of Sweden(ကယ်တင်ရှင်) | ၃၅၀၀ိ/- | ငါတို့စာပေ |
| ၄၅ | အောင်အေး | သက်ရှည်ကျန်းမာရေးလိုတိုရှင်းအကြံပြုချက်များ (ရန်ကုန်တက္ကသိုလ်) | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄၆ | နေသွေးနောင် | နိုင်ငံရေးစကားပြောသူခေတ်ကြီးကို အတင်းပြောင်းနိုင်ပါ့မလား | ၂၀၀၀ိ/- | ပင့်ကူအိမ်စာပေ |
| ၄၇ | ကိုကို (စက်မှုတက္ကသိုလ်) | အစိုးရအဖွဲ့သစ်၏ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံခြင်း | ၃၀၀၀ိ/- | မဇ္ဈိမစာပေ |
| ၄၈ | ထောင်မှူးကြီးသိန်းဝင်း နှင့်သူရိန်ထွန်း | လည်သူစားတမ်းအပါအဝင် အကျဉ်းထောင်၊ သုတ၊ရသ ဝတ္ထုတိုများ | ၁၈၀၀ိ/- | သူရိန်ထွန်းစာပေ |
| ၄၉ | | VOA Learning English Program (V-2016)+CD The Greatest' Muhammad Ali Dies at 74 | ၁၂၀၀ိ/- | ကွန်သာယာ |
| ၅၀ | ပန်းချီ-Lလင်း | နဂါးနိုင်မင်း(မောင်ပေါက်ကျိုင်း) | ၁၀၀၀ိ/- | ခုနစ်စင်ကြယ် |
| ၅၁ | အရှင်စန္ဒသိရီ (ဓမ္မာစရိယ၊ ဝိနယဝိဒူ) | ကျန်းမာခြင်းသည်လာဘ်တစ်ပါး (အသည်းစီပိုးဆေးကုသခြင်း) | ၂၅၀၀ိ/- | ကောင်းထွဋ် |
| ၅၂ | စိန်ဝင်းစိန် | ရွှင်ပျော်ပျော်အီဒီယမ်များ-၁ | ၁၂၀၀ိ/- | စာပြတင်း |
| ၅၃ | ကလောင်စုံ | ခွန်းဆင့်သံဂျာနယ်၊တစ်ဆင့်တက်ကြပါစို့ အတွဲ(၁)၊ အမှတ်(၁၉)၂၀၁၆ ခုနှစ်၊ မေလ | ၁၅၀၀ိ/- | The call ခွန်းဆင့်သံ |
| ၅၄ | လယ်တီအရှင်ကောဝိဒ အရှင်ကေလာသ | ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး သက္ကရာဇ်-၄၇၉ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော ပခုက္ကူမြို့ သီဟိုဠ်မြတ်စွာဘုရားကြီးသမိုင်း | ၂၅၀၀ိ/- | ရှင်မတောင် |
| ၅၅ | နေခြည်ဇေယျ | မော်ဒယ်ပြောတဲ့မော်ဒယ်လ်လမ်းညွှန် | ၈၀၀၀ိ/- | မယ်နဲ့မောင် |
| ၅၆ | ဦးဖိုးကျား | ဦးဖိုးကျားကိုယ်တွေ့ဝတ္ထုများ | ၁၅၀၀ိ/- | ပါရမီ |
| ၅၇ | ခင်လိမ္မာ၊မေသရဝဏ်ဦး | နပန်းလုံးနေကြသောဘဝများရဲ့ ကောင်းကင်မျက်နှာစာ | ၁၅၀၀ိ/- | ဩကာသ |
| ၅၈ | ဘိုဘိုဟန် | အများနဲ့မတူတစ်မူထူးခြားတဲ့သူများ | ၄၀၀၀ိ/- | Journalish Pub |
| ၅၉ | ကျော်မျိုးကို | မြန်မာ့ရုပ်စုံသဘင်+CD | ၇၅၀၀ိ/- | Information Matrix |
| ၆၀ | မျိုးမာန် | အင်တာနက်ထဲက ကမ္ဘာကျော်ဇာတ်လမ်းများ | ၂၀၀၀ိ/- | မြင့်မိုရ်မေမေ |

## သမိုင်းထဲက သက်ရှိရာဇဝင်များနှင့် တွေ့ဆုံခြင်းစာအုပ်ထွက်ရှိ

**ရန်ကုန် ဇွန် ၂၉**

ခင်မောင်ထွေး**(MNA)**၏ "သမိုင်းထဲက သက်ရှိရာဇဝင်များနှင့် တွေ့ဆုံခြင်း" စာအုပ် ထွက်ရှိလာသည်။ အဆိုပါ စာအုပ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး၊ စာရေး ဆရာမသီတာ(စမ်းချောင်း)၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် သယံဇာတနှင့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၊ ဝါရင့်နိုင်ငံရေး သမားကြီး ဦးသုဝေ၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီး နှင့် ဗိုလ်မှူးချုပ် သန်းတင်(ငြိမ်း)တို့နှင့် တွေ့ဆုံမေးမြန်းထားသည်။

"သမိုင်းထဲက သက်ရှိရာဇဝင်များနှင့် တွေ့ဆုံခြင်း"စာစုသည် စာဖတ်ပရိသတ်များ တစ်ခဏတာဖတ်ရှုရမည့် စာအုပ်မျိုးမဟုတ်ဘဲ သမိုင်းအကိုးအကားပြုသူများအတွက် ပါ အထောက်အကူပြုမည့် စာအုပ်တစ်အုပ်အဖြစ် ရှုမြင်သုံးသပ်မိပါသည်ဟု စံတော်ချိန် နေ့စဉ် သတင်းစာအယ်ဒီတာချုပ်က အမှာစာရေးသားထားသည်။




စာဖတ်သူများနှင့် မျိုးဆက်သစ်လူငယ်များအတွက် အရေးကြီးသည့် သမိုင်း ရေးရာဆိုင်ရာ အချက်အလက်မှတ်တမ်းများ ကျန်ရစ်စေရန် ဦးတည်ချက်ထားခဲ့ပြီး ထိုထိုသော ပုဂ္ဂိုလ်များ၏ ခံယူချက်၊ ရပ်တည်ချက်နှင့် အတွေးအမြင် သဘောထားများ၊ သင်ခန်းစာရယူဖွယ် အတုယူဖွယ်များ၊ ပစ္စက္ခအခြေအနေများအပေါ် သုံးသပ်ချက်များ စသဖြင့် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို ခြုံငုံချိတ်ဆက်မိစေရန် ကြိုးပမ်း မေးမြန်းရေးသားခဲ့ခြင်းဖြစ်ကြောင်း စာရေးသူက အမှာစာ၌ ရေးသားထားသည်။ မဇ္ဈိမစာပေက တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ထုတ်ဝေသည်။ **(သတင်းစဉ်)**

## ဘုရင့်နောင်ပွဲရုံနယ်မြေရှိ ထရန်စဖော်မာပေါ်က ချုံနွယ်များရှင်းလင်း

**ရန်ကုန် ဇွန် ၂၉**

ဇွန် ၂၉ ရက်ထုတ် (မြန်မာ့အလင်း၊ ကြေးမုံ)သတင်းစာ၏ ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍ၌ ဘုရင့်နောင်ပွဲရုံ နယ်မြေနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းရှိ ရိုးကြီးချောင်းပတ်လမ်းဘေး ထရန်စဖော် မာနှင့် ဓာတ်တိုင်များပေါ်တွင် ချုံနွယ်များ ဖုံးအုပ်နေကြောင်း ဖော်ပြပါရှိခြင်းအား ယနေ့နံနက်ပိုင်းက နေ့ချင်းပြီးဆောင်ရွက် ခဲ့ကြောင်း မရမ်းကုန်းမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံးမှ သိရသည်။

အဆိုပါ ဘုရင့်နောင်ပွဲရုံနယ်မြေ ပုဂ္ဂလိကကိုယ်ပိုင် အသုံးပြုသော (KVA-315) ထရန်စဖော်မာနှင့် ဓာတ်တိုင်များရှိ ချုံနွယ်များကို ရန်ကုန် အနောက်ပိုင်းခရိုင် လျှပ်စစ်ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ သက်ဆိုင်ရာ ဘုရင့်နောင်ပွဲရုံ ကော်မတီတာဝန်ခံများ နှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။



**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အစ္စတန်ဘူလ်လေဆိပ်တွင် အသေခံဗုံးခွဲမှုကြောင့် ၄၁ ဦးသေဆုံးပြီး ၂၃၉ ဦး ဒဏ်ရာရ

**အစ္စတန်ဘူလ် ဇွန် ၂၉**

အသေခံဗုံးခွဲသမားသုံးဦးက အစ္စတန်ဘူလ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အင်္ဂါနေ့တွင် ဖောက်ခွဲမှုပြုလုပ်ခဲ့ရာ လူ ၄၁ ဦး သေဆုံးခဲ့ပြီး လူ ၂၃၉ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ အသေခံဗုံးဖောက်ခွဲမှုသည် အိုင်အက်စ်တို့၏ လက်ချက်ဖြစ်နိုင်ကြောင်း တူရကီဝန်ကြီးချုပ်က ဖော်ပြခဲ့သည်။

အသေခံဗုံးခွဲသမားသုံးဦးက ထွက်ခွာခန်းမအတွင်းပိုင်းနှင့် အပြင်ပိုင်းတို့တွင် ဗုံးခွဲတိုက်ခိုက်ခြင်းမပြုမီ တိုက်ခိုက်ရေးသမားတစ်ဦးသည် ထွက်ခွာခန်းမအတွင်း စက်သေနတ်ဖြင့် ဝေ့ယမ်းပစ်ခတ်ခြင်းကြောင့် ခရီးသည်များမှာ အကာအကွယ်များနောက်သို့ မှောက်ချရှောင်တိမ်းကြပြီး အချို့မှာ ထွက်ပြေးရန် ကြိုးစားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက သက်ဆိုင်ရာအာဏာပိုင်များသို့ ပြောခဲ့သည်။ ဥရောပ၏ တတိယအစည်ကားဆုံးဖြစ်သည့် လေဆိပ်တိုက်ခိုက်မှုသည် တူရကီရှိ အသေခံဗုံးခွဲတိုက်ခိုက်မှုများအနက် အသေအပျောက်အများဆုံး ဖြစ်သည်။ အမေရိကန်ဦးဆောင်၍ မဟာမိတ်များ၏ အိုင်အက်စ်ဆန့်ကျင်တိုက်ခိုက်မှုပြုလုပ်ရာနေရာတစ်ခု ဖြစ်သည်။

ထို့အပြင် တူရကီအရှေ့တောင်ပိုင်း ကာ့ဒ်လူမျိုးအများစုနေထိုင်ရာ နေရာများတွင်လည်း ကာ့ဒ်သူပုန်များ သောင်းကျန်းလျက်ရှိသည်။

ရဲများက တိုက်ခိုက်ရေးသမားနှစ်ဦးကို စစ်ဆေးရေးဂိတ်မရောက်မီ တားဆီးပစ်ခတ်ခဲ့သော်လည်း သူတို့ကိုယ်သူတို့ အသေခံဗုံးဖောက်ခွဲမှု ပြုလုပ်သွားခဲ့ကြောင်း တူရကီအရာရှိတစ်ဦးက ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် အပြစ်မဲ့ပြည်သူများကို ဦးတည်ချက်ထားတိုက်ခိုက်မှုဖြစ်သောကြောင့် ဝန်ကြီးချုပ် ဗိုင်နလီရယ်ဒီရင်က ကြိုတင်စီစဉ်ထားသော အကြမ်းဖက်တိုက်ခိုက်မှု တစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။ ကနဦးလေ့လာတွေ့ရှိချက်အရ တိုက်ခိုက်ရေးသမားတစ်ဦးသည် သေနတ်ပစ်ခတ်မှုများ ပြုလုပ်ပြီးနောက် အသေခံဗုံးဖောက်ခွဲခဲ့ကြောင်း ဝန်ကြီးချုပ်က သတင်းထောက်များကို လေဆိပ်တွင် ပြောကြားခဲ့သည်။

တိုက်ခိုက်ရေးသမားများသည် လေဆိပ်သို့ အငှားယာဉ်ဖြင့်လာရောက်ခဲ့ကြောင်း၊ အိုင်အက်စ်အကြမ်းဖက်အဖွဲ့မှ တိုက်ခိုက်ခြင်းဖြစ်နိုင်သည်ကို ကနဦးအနေဖြင့် ပြောနိုင်ကြောင်း ၎င်းကသတင်းထောက်များကို ဆက်လက်ပြောကြားခဲ့သည်။ **(ရိုက်တာ)**




# နိုင်ငံရေးနှင့် စီးပွားရေးရာများဖြေရှင်းရန် ဗြိတိန်ကိုအမြန်ဆုံးဆောင်ရွက်စေလို

**လန်ဒန် ဇွန် ၂၉**

ပြီးခဲ့သောသီတင်းပတ်က အီးယူမှ နုတ်ထွက်ရေးမဲပေးခဲ့ပြီးနောက် နိုင်ငံရေးဆိုင်ရာနှင့် စီးပွားရေးရာ ရှုပ်ထွေးစေမှုများကို ဖြေရှင်းရန် ဗြိတိန်ကို အမြန်ဆုံးဆောင်ရွက်စေလိုကြောင်း ဥရောပခေါင်းဆောင်များက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။ မသေချာမရေရာမှုများက ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုအတွက် ဖိအားဖြစ်စေနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)က ပြောကြားသည်။



ပေါင်စတာလင်နှင့်စတော့ဈေးကွက်သည် အင်္ဂါနေ့က အနည်းငယ်ပြန်မတ်လာသော်လည်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မူဝါဒရေးဆွဲသူများက သူတို့သည် စီးပွားရေးလုပ်ငန်းများကို ကာကွယ်နိုင်ပါသည်ဟု ပြောဆိုနေလင့်ကစား အနည်းငယ်စိုးရိမ်နေကြသေးသည်။

ပြီးခဲ့သည့်သီတင်းပတ်က ဆန္ဒခံယူပွဲကြောင့် ရှယ်ယာတန်ဖိုးနှင့်စတာလင်တန်ဖိုးများ နှစ်ပေါင်း ၃၁ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ခဲ့သည်။

ဈေးကွက်တည်ငြိမ်ရေး ကြိုးပမ်းခဲ့သူ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးဂျော့ အော့စ်ဘွန်းက အစိုးရအနေဖြင့် စီးပွားရေးတည်ငြိမ်မှုရရှိစေရန် အသုံးစရိတ်များလျှော့ချပြီး အခွန်တိုးမြှင့်ကောက်ခံရမည်ဖြစ်ကြောင်း အင်္ဂါနေ့တွင် ပြောကြားသည်။

**(ရိုက်တာ)**

# အမေရိကန်ကျောထောက်နောက်ခံပြု ဆီးရီးယားတိုက်ခိုက်ရေးသမားများ လေဆိပ်ကို ပြန်လည်သိမ်းပိုက်နိုင်

**ဒမတ်စကတ် ဇွန် ၂၉**

အမေရိကန်နှင့်အနောက်အုပ်စုတို့အား ကျောထောက်နောက်ခံပြုထားသည့်ဆီးရီးယားတိုက်ခိုက်ရေးသမားများသည် အီရတ်နယ်စပ်အနီး အိုင်အက်စ်တို့ အခိုင်အမာ တပ်စွဲထားသော AL-Bukamal အနီး စစ်ဘက်သုံးလေယာဉ်ကွင်းကို သိမ်းပိုက်နိုင်ခဲ့သည်ဟု စောင့်ကြည့်လေ့လာသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင်ပြောသည်။

ယူကေအခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ယင်းစစ်ဆင်မှု၌ နိုင်ငံခြားလေထီးတပ်သားများလည်း ပါဝင်ခဲ့ကြောင်းပြောသည်။ အမေရိကန်က အထောက်အပံ့ပေးထားသော ဆီးရီးယားတပ်ဖွဲ့အသစ်သည် ယခုတိုက်ပွဲမှာ ယူဖရေးတီးစ်မြစ်ဝှမ်းမြို့ကို သိမ်းယူနိုင်ရေး အစပင်ဖြစ်သည်ဟု အင်္ဂါနေ့က ပြောခဲ့သည်။ ယခုတိုက်ပွဲ အောင်မြင်မှုကြောင့် အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့အကြား နယ်မြေများကို သိမ်းပိုက်ထားသော စစ်သွေးကြွများ၏ တိုက်ခိုက်မှုစွမ်းရည်ကို ဟန့်တားရာရောက်ကြောင်းလည်း ၎င်းတို့ကပြောသည်။

ဆီးရီးယားတိုက်ခိုက်ရေးသမားများက ဟာမဒန်ရွာကို သိမ်းယူနိုင်ပြီဟု အတည်ပြုခဲ့သော်လည်း အသေးစိတ်အချက်အလက်များကိုမူ မသိရသေးပေ။ အမေရိကန်ဦးဆောင်သည့်မဟာ မိတ်တပ်ဖွဲ့များကလည်း မြို့အတွင်းပုန်းအောင်းနေသည့်စစ်သွေးကြွများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု စောင့်ကြည့်လေ့လာသူများက ပြောသည်။

ဆီးရီးယားတပ်ဖွဲ့အသစ်ကို ဆီးရီးယားနိုင်ငံအရှေ့ပိုင်းမှ အိုင်အက်စ်တို့ကို တိုက်ထုတ်ရန် တိုက်ခိုက်ရေးသမားများဖြင့် ဖွဲ့စည်းခဲ့သည်မှာ ရှစ်လခန့်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# ပျက်ကျခဲ့သည့်လေယာဉ်မှအသံမှတ်တမ်း အီဂျစ်နိုင်ငံသို့ ပေးပို့

**ကိုင်ရို ဇွန် ၂၉**

အီဂျစ်လေကြောင်းလိုင်းမှ ပျက်ကျလေယာဉ် MS-804 ၏ အချက်အလက်ဖိုင်များကို အီဂျစ်နိုင်ငံသို့ အင်္ဂါနေ့ကပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း အီဂျစ်စုံစမ်းစစ်ဆေးရေး ကော်မတီက ပြောသည်။ ပျံသန်းမှုမှတ်တမ်းမှ အချက်အလက်ဖိုင်များကို ကိုင်ရိုသို့လွှဲပြောင်းပေးပို့ခဲ့ပြီး အီဂျစ်အမျိုးသားလေကြောင်း ဝန်ကြီးဌာန၏ လေယာဉ်မတော်တဆဖြစ်မှုများဆိုင်ရာ ဗဟိုဌာန၌ ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်နိုင်ရေးပေးပို့ခဲ့ခြင်း ဖြစ်သည်။

မှန်ကန်တိကျသည့် သတင်းအချက်အလက်များရရှိရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်မှုမှာ ရက်ပေါင်းများစွာကြာမြင့်ဦးမည်ဟုလည်း ၎င်းအဖွဲ့က ပြောသည်။ MS-804 လေယာဉ်သည် ပါရီမှကိုင်ရိုသို့ မေ ၁၉ ရက်က ဦးတည်ပျံသန်းစဉ်မြေထဲပင်လယ်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ်လိုက်ပါသည့် လူ ၆၆ဦးစလုံး သေဆုံးခဲ့သည်။ ယခုလအစောပိုင်းက စုံစမ်းစစ်ဆေးရေး အဖွဲ့သည် သင်္ဘောကြီးတစ်စင်းငှားရမ်းပြီး ရှာဖွေမှုများပြုလုပ်ခဲ့ရာ လေယာဉ်မှူးအခန်းမှ အသံမှတ်တမ်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ဆားငန်ရေများဝင်ကာ ပျက်စီးနေသော ယင်းအသံဖိုင်ကို ပြုပြင်ရန် ကိုင်ရိုမှ ပါရီသို့ပေးပို့ခဲ့သည်။ ယခုအခါ ယင်းအသံမှတ်တမ်းကို ပြုပြင်ပြီးဖြစ်၍ ကိုင်ရိုသို့ ပြန်လည်ပေးပို့ခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# ကနေဒါနိုင်ငံ တိုရန်တိုမြို့အပြင်ဘက်တွင် ပေါက်ကွဲမှုဖြစ် တစ်ဦးသေဆုံး

**တိုရန်တို ဇွန် ၂၉**

ကနေဒါနိုင်ငံ တိုရန်တိုမြို့အပြင်ဘက်တွင်ပေါက်ကွဲမှုကြီးတစ်ခု အင်္ဂါနေ့ကဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပေါက်ကွဲမှုသည် အွန်တာရီယို မစ္စစ်စဂါတွင် ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ်၂၀ ၌ ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲရသည့်အကြောင်းရင်းကို မသိရသေးပေ။ ပေါက်ကွဲမှုဘာကြောင့်ဖြစ်သလဲဆိုသည်ကိုပြောဖို့စောလွန်းသေးကြောင်း ဒေသခံရဲများက ပြောသည်။ မီးသတ်သမားများသည် ပေါက်ကွဲမှုဖြစ်ပွားသောနေရာတွင် သဲလွန်စကိုရှာဖွေလျက်ရှိသည်။ ပေါက်ကွဲမှုကြောင့် အနီးနားရှိ အိမ်ခြေ ၂၅ လုံး ထိခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ခြောက်လုံးမှာ အတော်လေးပျက်စီးသွားကြောင်း သက်ဆိုင်ရာအရာရှိတစ်ဦးက ပြောကြားသည်။ ရဲများက ယင်းဒေသတွင်ရှိသော လူ ၅၀မှ ၁၀၀ ကြား ရွှေ့ပြောင်းမှုများ ပြုလုပ်ရန်တိုက်တွန်းထားသည်။ မြို့တော်ဝန်က ပေါက်ကွဲမှုဖြစ်ပွားရာနေရာရှိ အိမ်ခြေ ၅၈ ကို လျှပ်စစ်မီးများဖြတ်ထားကြောင်း ပြောခဲ့သည်။ အချိန်တစ်ခုအထိ ၎င်းတို့ ၏နေအိမ်များကို စွန့်ခွာရမည်ဖြစ်ကြောင်း ဒေသခံများက ပြောခဲ့သည်။

**(အေပီ)**

# ထိုင်းနိုင်ငံကို လူကုန်ကူးမှု အဆိုးရွားဆုံးစာရင်းမှ အမေရိကန် ဖယ်ရှား

**ဗန်ကောက် ဇွန် ၂၉**

အမေရိကန်က ထိုင်းနိုင်ငံကို လူကုန်ကူးမှုအဆိုးရွားဆုံး ကျူးလွန်သူများစာရင်းမှ ဖယ်ရှားဖို့ ဆုံးဖြတ်ခဲ့ကြောင်း ရည်ရွယ်ချက်မှာ စစ်ဘက်အုပ်ချုပ်သော ထိုင်းအစိုးရနှင့်ဆက်ဆံရေး ချောမွေ့ပြေပြစ်စေရန်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ အဆင့်တိုးမြှင့်ခြင်းကို ဝါရှင်တန်ရှိ အမေရိကန်အရာရှိတစ်ဦးနှင့် ဗန်ကောက်အခြေစိုက် နိုင်ငံတကာ အဖွဲ့အစည်းမှ အဆင့်တူအရာရှိတို့က ရိုက်တာသတင်းဌာန သို့ အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်ပြီး အမေရိကန်-ထိုင်းဆက်ဆံရေး ရှားရှားပါးပါးတိုးမြှင့်မှုတစ်ခု အပြစ်ထင်ရှားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်က ထိုင်းစစ်ဘက်မှ အာဏာသိမ်းမှု ဖြစ်ပွားခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးမှာ အနည်းငယ်ကျဲသွားခဲ့ပြီး ဝါရှင်တန်အစိုးရက ထိုင်းအစိုးရကို ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သည်။




တောင်တရုတ်ပင်လယ်၌ တရုတ်၏ နယ်မြေပိုင်နက် အငြင်းပွားမှုများအတွက် အရှေ့တောင်အာရှနိုင်ငံများ ပေါင်းစည်းညီညွတ်ရေးကို သမ္မတအိုဘားမားက တိုက်တွန်းထားသည်။ ကြာသပတေးနေ့တွင် ထုတ်ပြန်မည့် နှစ်စဉ် လူကုန်ကူးမှုအစီရင်ခံစာ၏ အနိမ့်ဆုံးအဆင့်မှ ထိုင်းနိုင်ငံကို သင့်ကြောင်း ဗန်ကောက်ဘက်မှ ဝါရှင်တန်ကို လူသိရှင်ကြား အခိုင်အမာပြောဆိုခဲ့သည်။

အစီရင်ခံစာသည် ထိုင်းနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး တိုးတက်မှုများအတွက် သာဓကအထောက်အထားအဖြစ် ညွှန်းသွားသည်ဟု မျှော်လင့်ရသည်။

**(ရိုက်တာ)**

# မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒဆိုင်ရာ အစိုးရဌာနများအတွင်း ဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC) တို့ ပူးပေါင်းကျင်းပခဲ့ရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ **(ယာပုံ)**



အခမ်းအနားတွင် UNODC မှ Country Manager (Myanmar), Mr. Troels Vester က အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ကမ္ဘာ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် လူငယ်များ၏ ဘဝ အညွန့်တုံးစေရုံမျှမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျဆင်းလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် မဟာဗျူဟာတစ်ခုတည်းကိုသာ အသုံးချခြင်း မရဘဲ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေးတို့ကို ထည့်သွင်းရေးဆွဲရန်လိုအပ်ကြောင်း၊ မူးယစ်ဗဟိုအဖွဲ့အနေဖြင့် ကုလသမဂ္ဂလုပ်ငန်း အကြံပြုချက်များနှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ် ပေါ်ထွက်လာရေးဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ UNODC မှ Country Manager (Myanmar), Mr. TroelsVester က မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများအား ရှင်းလင်းတင်ပြခဲ့ရာ မြန်မာနိုင်ငံသည် အခြားအရှေ့တောင်အာရှနိုင်ငံများနှင့်မတူ မူးယစ်ဆေးဝါးပြဿနာကို ရင်ဆိုင်နေရကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများ ဥပဒေများအား ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးအနေဖြင့် အစိုးရဌာနများမှ ဖြစ်နိုင်ခြေရှိသည်များကို တင်ပြဆွေးနွေးစေလိုကြောင်း၊ မူးယစ်ဆေးဝါးပြဿနာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုများသည် ဆက်စပ်မှုရှိနိုင်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများနှင့်လည်း ဆက်စပ်နေကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ဓာတုကုန်ကြမ်း အဓိကထုတ်လုပ်နေသော နိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိမှုကြောင့် မူးယစ်ဆေးဝါးပြဿနာ များစွာကြုံတွေ့လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် မူဝါဒများ၊ ဥပဒေများဖော်ဆောင်ရာတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

၎င်းနောက် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများ လက်အောက်ရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များက မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုကြပြီး မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်နှင့် Mr. TroelsVester တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြန်/ဆက်ဦးစီးဌာန သမအသင်း နှစ်လည်စည်းဝေး

**နေပြည်တော် ဇွန် ၂၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၈ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ အထွေထွေစီးပွားရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးရဲတင့်နှင့် နေပြည်တော်ကောင်စီနယ်မြေ သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

အဆိုပါ သမဝါယမအသင်းအနေဖြင့် အသင်းသားများ၏ စုဆောင်းငွေများ၊ အစုရှယ်ယာများဖြင့် အသင်းသားများအား ချေးငွေများထုတ်ချေးပေးခြင်း၊ အမြတ်ငွေများအား အသင်းသားများသို့ ပြန်လည်ခွဲဝေထုတ်ပေးခြင်းများ၊ ဝန်ထမ်းများ၏ သာရေး/နာရေး ထောက်ပံ့ငွေများ၊ ပညာသင်ထောက်ပံ့ငွေများကိုပါ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တိုင်းရင်းသားမီဒီယာများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တိုင်းရင်းသားမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ ပြုလုပ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးမြင့်ကျော်နှင့် ဦးခိုင်မြတ်ကျော်တို့က ဦးဆောင်ကာတက်ရောက်လာသည့် တိုင်းရင်းသားမီဒီယာများက လွတ်လပ်စွာ သတင်းရယူခွင့်ရရှိရေး၊ သတင်းသမားများလုံခြုံရေး၊ တိုင်းရင်းသားမီဒီယာများ၏ ရေရှည်ရပ်တည်နိုင်ရေးတို့ကို အဓိကထား ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ဦးစီးကျင်းပခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားမီဒီယာအဖွဲ့ ၁၈ ဖွဲ့မှ သတင်းမီဒီယာသမားများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ တက်ရောက်ကြသည်။

**အောင်သူရ**



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးများစိုက်ပျိုးရန် ရောမင်းမျိုးသန့်မျိုးပွား စပါးမျိုးနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၂၉ ရက်က သမ္မတောကျေးရွာ တောင်သူဦးစန်းဝင်း လယ်မြေ၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ရောမင်းစပါး မျိုးသန့်နှင့် ဓာတ်မြေဩဇာများကို တောင်သူတစ်ဦးအား ပေးအပ်စဉ်
အောင်ကျော်ထွန်း(ပုသိမ်ကြီး)

# ကယားပြည်နယ် သဘာဝဘေးကြိုတင်ပြင်ဆင်နိုင်ရန် ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

**လွိုင်ကော် ဇွန် ၂၉**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ကယားပြည်နယ်အတွင်း သက်ဆိုင်ရာဒေသများအလိုက် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြုံတွေ့လာပါက အများပြည်သူအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် အလှူငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၉ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အလှူငွေကို ဖောင်ဒေးရှင်းမှ ဒေါ်အိအိခိုင် (လွိုင်ကော်ဘဏ်ခွဲ(၁) တာဝန်ခံ-ဒုတိယမန်နေဂျာ)က ကယားပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(ယာပုံ)**



အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မျိုးတင်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးလှမျိုးဆွေ၊ ပြည်နယ် ဥပဒေချုပ်ရုံး ဦးစိုင်းကျော်ဇံ၊ ပြည်နယ် စာရင်းစစ်ချုပ်ရုံး ဦးအောင်မောင်း၊ ပြည်နယ်အစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ ညွှန်ကြားရေးမှူး ဦးအုံ့မော်နှင့် တာဝန်ရှိသူများ၊ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ တက်ရောက်ကြပြီး အခမ်းအနားတွင် ဖောင်ဒေးရှင်းမှ ဒေါ်အိအိခိုင်က ယမန်နှစ်က ရေကြီး၊ ရေလျှံ၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်အတွင်း ဖောင်ဒေးရှင်းအနေဖြင့်သော်လည်းကောင်း၊ အခြားပရဟိတအဖွဲ့များနှင့် အလှူရှင်များအနေဖြင့် သော်လည်းကောင်း၊ ခက်ခဲပင်ပန်းစွာ လူအား၊ ငွေအားနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်၍ ဝေးလံခေါင်သီသော အချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ကြရကြောင်း၊ ထိုအတွေ့အကြုံတို့ကို အခြေခံ၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုဖြင့် သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ မိမိတို့ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့သော ဒေသများတွင် ဒေသခံပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ တတ်စွမ်းသမျှ ကူညီပံ့ပိုးပေးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေကျပ်သိန်း ၁၀၀၀ ကို ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းသည် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန်ရည်ရွယ်ပြီး ဇွန် ၂၀ ရက်က ရခိုင်ပြည်နယ်တွင် ငွေကျပ်သိန်း ၁၀၀၀၊ ဇွန် ၂၁ ရက်က ချင်းပြည်နယ် ဟားခါးမြို့တွင် ငွေကျပ်သိန်း ၁၀၀၀၊ ဇွန် ၂၂ ရက်က မကွေးတိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၁၀၀၀၊ ဇွန် ၂၄ ရက်က တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၁၀၀၀ တို့ကိုလည်း ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ ထို့ပြင် ယခုနှစ် ဆောင်းရာသီတွင် လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲမှုဒဏ်ကို ပိုမိုခံစားရနိုင်သည့် ဒေသများမှ ဒေသခံပြည်သူများအတွက် အအေးဒဏ် ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါ အနွေးထည် ၁၂၀၀၀ ကို တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ တိုက်ရိုက်မှာယူ၍ အချိန်မီလှူဒါန်းပေးနိုင်ရန် ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းလည်း သိရသည်။

**သဲနိုင်ဦး**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၉**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာ နှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**(မိုး/ဇလ)**

# ကွမ်းလုံ၌ တန်ဖိုးငွေကျပ် ၁ ဘီလီယံကျော်ရှိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဇွန် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ်အတွင်း နယ်မြေခံတပ်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ကွမ်းလုံမြို့မြောက်ဘက် မီတာ ၁၀၀၀ အကွာရှိ ကွမ်းလုံ-လောက်ကိုင်သွားကားလမ်း၏ မြို့ရှောင်လမ်းပေါ်၌ ရပ်တန့်ထားသောယာဉ်နှစ်စီးကို စစ်ဆေးရှာဖွေရာ ယာဉ်မောင်းများကို မတွေ့ရှိရဘဲ ယာဉ်အမှတ် ၅က/----- လီဖန်းအမျိုးအစားယာဉ်ပေါ်မှ ကဖင်း(အဖြူရောင်အမှုန့်) ၄၀ ကီလိုခန့်စီပါ ဆာလာအိတ် ၁၆၅ အိတ် စုစုပေါင်း အလေးချိန် ၆၆၀၀ ကီလိုခန့် ကာလတန်ဖိုး ငွေကျပ် သိန်း ၄၉၅၀ ခန့်၊ ဟိုက်ဒရိုကလိုရစ်အက်စစ်အရည် ၁၄၀ ကီလိုခန့်စီပါ စုစုပေါင်း စတီးပီပါ ၁၃ လုံး ၁၈၂၀ လီတာခန့် ကာလတန်ဖိုး ငွေကျပ် သိန်း ၁၃၆၅ ခန့်နှင့် ဆာလ်ဖြူရစ်အက်စစ် အရည် ၁၄၀ လီတာခန့်စီပါ ပလတ်စတစ် ပီပါ နှစ်ပီပါ ၂၈၀ လီတာခန့် ကာလတန်ဖိုး ငွေကျပ် ၂၂၄၀၀၀ ခန့်နှင့် ယာဉ်အမှတ် ၄ယ/----- ယာဉ်ပေါ်မှ ကဖင်း(အဖြူရောင်အမှုန့်) ၄၀ ကီလိုခန့်စီပါ ဆာလာအိတ် ၁၈၃ အိတ် ၇၃၂၀ ကီလိုခန့် ကာလတန်ဖိုး ငွေကျပ် သိန်း ၅၄၉၀ ခန့်ကို သိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

ထိုသိမ်းဆည်းရမိယာဉ်နှင့် ပစ္စည်းများကို ကွမ်းလုံမြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မြဝတီ**



# ပူတာအိုမြို့၌ မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲသူတစ်ဦး သေဆုံး

**ပူတာအို ဇွန် ၂၉**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲသည့် လူတစ်ဦး ခရိုင်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားကြောင်း သိရသည်။

လူတစ်ဦး ပါးစပ်မှအမြှုပ်များထွက်ပြီး ဇွန် ၂၉ ရက် နံနက် ၂ နာရီခန့်တွင် ဆေးရုံသို့ရောက်ရှိလာရာ ၁၅ မိနစ်ခန့်အကြာတွင် သေဆုံးသွားကြောင်း ပူတာအိုမြို့မရဲစခန်းသို့ ခရိုင်ဆေးရုံကြီးမှ အကြောင်းကြားချက်အရ တာဝန်မှူး ဒုရဲအုပ်စောမျိုးလင်းနှင့် နယ်ထိန်း ခေါင်းဆောင် ရဲအုပ်သန်းဝေ၊ တပ်ကြပ်ကြီး ဝင်းမြင့်တို့က မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ နောင်မွန်မြို့နေ မောင်ပြည့်စန်းအောင်(၂၄ နှစ်)သည် လုံးစွပ်သံဘောင်တံတားဟောင်းပေါ်တွင် မူးယစ်ဆေးဝါးအလွန်အကျွံသုံးစွဲပြီး ပါးစပ်မှအမြှုပ်များ ထွက်ကာလဲနေကြောင်း ပူတာအိုမြို့မရပ်ကွက်နေ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ မောင်ကျော်စိုးဝင်းအား လုံးစွပ်ရပ်ကွက်နေသူများက လာရောက်အကြောင်းကြားသဖြင့် ခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး ၁၅ မိနစ်ခန့်အကြာတွင် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းမှ ဒုရဲအုပ် စောမျိုးလင်းက တရားလိုပြုလုပ်တိုင်တန်း၍ မြို့မရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သထုံ၌ ငွေကျပ် သိန်း ၃၇၀၀ တန်ဖိုးရှိ ကွမ်းသီးများ တရားမဝင်သယ်ဆောင်လာသော ယာဉ်လေးစီးဖမ်းမိ

**သထုံ ဇွန် ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအုပ်စု ဒုံသမိတံတားအနီးတွင် ဇွန် ၂၈ ရက်က ပြည်ပနိုင်ငံထွက် ကွမ်းသီးများ ကာလတန်ဖိုး ငွေကျပ် သိန်း ၃၇၀၀ ခန့်ကို တရားမဝင် တင်ဆောင်လာသည့် ၂၂ ဘီးယာဉ်လေးစီးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံခရိုင် မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ သုဓမ္မဝတီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့သည် နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် ဘားအံဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ၂၂ ဘီးယာဉ် လေးစီးအား တားဆီးစစ်ဆေးရာ ယာဉ်မောင်း ဦးစောအောင်မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကိုထွန်းထွန်းမြင့် လိုက်ပါလာသည့် ယာဉ်အမှတ် 9D/----ယာဉ်နှင့် ယာဉ်မောင်း ကိုဖြိုးသီဟ မောင်းနှင်ပြီး မောင်ရှိုင်းထက်အောင် လိုက်ပါလာသော ယာဉ်အမှတ် 6C/---- ယာဉ်နှစ်စီးပေါ်တွင် တစ်အိတ်လျှင် ပိဿာချိန် ၅၀ ခန့်ပါ ကွမ်းသီးအိတ် ၃၈၀ (ပိဿာချိန် ၁၉၀၀၀ ခန့်စီ)၊ ယာဉ်မောင်း ကိုမိုးကျော်မောင်းနှင်ပြီး ကိုဟန်မင်းစိုး လိုက်ပါလာသော ယာဉ်အမှတ် 3J/----ယာဉ်နှင့် ယာဉ်မောင်း ကိုအောင်ကျော်မိုး မောင်းနှင်ပြီး ဦးမောင်မောင်လွင် လိုက်ပါလာသော ယာဉ်အမှတ် ၆ဂ/----ယာဉ် စုစုပေါင်း ယာဉ်လေးစီးပေါ်တွင် ကာလတန်ဖိုး ငွေကျပ်သိန်း ၃၇၀၀ ဝန်းကျင်ခန့် တန်ဖိုးရှိ ကွမ်းသီးအိတ်ပေါင်း ၁၄၈၀ (ပိဿာချိန်ပေါင်း ၇၄၀၀၀ ကျော်)ကို တွေ့ရှိရသည်။ ယင်းကွမ်းသီးများကို မြဝတီကုန်သွယ်ရေးဇုန်ရှိ ဂိုဒေါင်တစ်ခုမှ ရန်ကုန်သို့ သယ်ဆောင်လာခြင်းဖြစ်ကာ စာရွက်စာတန်း အထောက်အထား တစ်စုံတစ်ရာမပါရှိဘဲ ကန့်သတ်ထားသည့် ပြည်ပနိုင်ငံထွက် ကွမ်းသီးများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့ရှစ်ဦးကို ပို့ကုန်သွင်းကုန်ဥပဒေဖြင့် သုဓမ္မဝတီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ကျိုင်းတုံ၌ လက်ပစ်ဗုံးတစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ကျိုင်းတုံ ဇွန် ၂၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ဝမ်ပုတ်(အာခါ)ကျေးရွာတွင် ဖျူ(စ်)တပ်ဆင်ထားသော လက်ပစ်ဗုံးတစ်လုံးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းချေးနှင့် ဘိန်းရှူကိရိယာများ ဖမ်းဆီးရမိကြောင်း သိရသည်။

ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်သန်းထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ် မိုင်းလန်းအုပ်စု ဝမ်ပုတ်(အာခါ)ကျေးရွာရှိ အားထူ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အားထူနှင့် အမျိုးသား(၂/၃)ဦးခန့် ထွက်ပြေးသွားခဲ့သည်။ နေအိမ်အတွင်း၌ အားထူ၏ သားဖြစ်သူ အားရီ(၁၈ နှစ်) ကိုတွေ့ရှိရပြီး ရှာဖွေစစ်ဆေးရာ နေအိမ်အတွင်းရှိ သံသေတ္တာအတွင်းမှ ဖျူ(စ်)တပ်ဆင်ထားသော လက်ပစ်ဗုံးတစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားတို့ကို သိမ်းဆည်းရမိသည်။ ဆက်လက်၍ ရှာဖွေရာ ဝါးကွပ်ပျစ်ပေါ်မှ ဘိန်းချေး ၁ ဒသမ ၇ ဂရမ်၊ ဘိန်းရှူကိရိယာ တစ်ခု၊ ငွေကျပ် ၃၀၀၀ နှင့် မော်တော်ဆိုင်ကယ်နှစ်စီးတို့ သိမ်းဆည်းရမိသည်။

ဆက်လက်၍ ရဲတပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် အထက်ပါကျေးရွာ (ဝမ်ပုတ်၊ အာခါ)ရှိ လုံးတာ(ခ)အားဗျို့ အိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ဖြစ်သူ လုံးတာ (ခ)အားဗျို့(၅၀ နှစ်)နှင့် ပဲခူးတိုင်းဒေသကြီး တံခွန်တိုင်အုပ်စု ဝန်ထောက်စုကျေးရွာနေ အောင်ကိုလတ်(၃၀ နှစ်)တို့ကို တွေ့ရှိရပြီး တဲအတွင်း ဝါးကွပ်ပျစ်ပေါ်၌ စိတ်ကြွရူးသွပ်ဆေးပြား လေးပြားနှင့် ဘိန်းရှူရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရမိသည်။

ဆက်လက်၍ ယင်းကျေးရွာအနီး တောင်ကုန်းထိပ်တွင် အားနဲယာ(ခ) အိုက်ကျွတ်(၅၀နှစ်)ကို တွေ့ရှိ၍ စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားကို သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အားရီ၊ ထွက်ပြေးတိမ်းရှောင်သွားသူ အားထူနှင့် လုံးတာ(ခ)အားဗျို့၊ အောင်ကိုလတ်၊ အားနဲယာ(ခ)အိုက်ကျွတ်တို့ကို ကျိုင်းတုံမြို့မရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046, 392048, 256954

ဦးထွန်းလင်းချဲ့လမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
9 - 12:00 (Sat + Sun) 10 Jul
7:30 - 9 (Mon ~ Thurs) 11 Jul
6 - 7:30 (Mon ~ Thurs) 11 Jul
1 - 4:00 (Sat + Sun) 16 Jul
10-11:30 (Mon ~ Thurs) 18 Jul

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 29 Jun
1 - 4:00 (Sat + Sun) 2 Jul
3:30 - 5 (Mon ~ Thurs) 4,18 Jul
9 - 12:00 (Sat + Sun) 17 Jul
10-11:30 (Mon ~ Thurs) 18 Jul
6 - 7:30 (Mon ~ Thurs) 25 Jul

BASIC GRAMMAR
9 - 12:00 (Sat + Sun) 16 Jul

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 27 Jun
7:30-10:30 (Sat + Sun) 10 Jul
7:30 - 9 (Mon ~ Thurs) 18 Jul
1 - 4:00 (Sat + Sun) 23 Jul
1 - 2:30 (Mon ~ Thurs) 1 Aug

INTERMEDIATE (ACADEMIC ENGLISH)
10-11:30 (Mon ~ Thurs) 18 Jul
7:30 - 9 (Mon ~ Thurs) 25 Jul
1 - 2:30 (Mon ~ Thurs) 1 Aug

VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 4 Jul
12 - 3:00 (Sat + Sun) 30 Jul

BASIC WRITING
1 - 4:00 (Sat + Sun) 10 Jul

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 29 Jun
12 - 3:00 (Sat + Sun) 17 Jul
10-11:30 (Mon ~ Thurs) 18 Jul

BASIC GRAMMAR
1 - 2:30 (Mon ~ Thurs) 11 Jul

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 11 Jul
3:30 - 5 (Mon ~ Thurs) 18 Jul
12 - 3:00 (Sat + Sun) 30 Jul

IELTS (Preparation)
7:30-9:30 (Mon~Thurs) 11 Jul
1 - 3:30 (Mon~Thurs) 25 Jul

IELTS (Speaking)
7:30 - 9 (Mon~Thurs) 18 Jul

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 4 Jul
6 - 7:30 (Mon ~ Thurs) 4 Jul
7:30 - 9 (Mon ~ Thurs) 11 Jul
10-11:30 (Mon ~ Thurs) 11 Jul
1 - 2:30 (Mon ~ Thurs) 18 Jul
1 - 2:30 (Mon ~ Thurs) 25 Jul
7:30-10:30 (Sat + Sun) 31 Jul

INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 2 Jul
7:30 - 9 (Mon ~ Thurs) 25 Jul

IELTS (Reading)
1 - 3:00 (Mon~Thurs) 18 Jul

IELTS (Grammar)
10-11:30 (Mon~Thurs) 20 Jun


## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းပညာရေးမှူးရုံးအောက်ရှိ အခြေခံပညာကျောင်းများ၌ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပရိဘောဂများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၄)ခု၌ ဆောက်လုပ်မည့်ကျောင်း/ရုံး အဆောက်အအုံပေါင်း (၂၀၇)ခုအတွက် Lot (79) ခု

(ခ) အဆိုပါကျောင်းဆောင်သစ်များအတွက် စာရေးခုံအမြင့် ၃၈၂၆စုံ၊ အနိမ့် ၄၄၇၀ စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၆-၂၀၁၆ရက် နံနက် ၉း၀၀ နာရီမှ ၁၅-၇-၂၀၁၆ရက် ညနေ ၄း၃၀နာရီအထိ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၆-၇-၂၀၁၆ရက် နံနက် ၉း၀၀နာရီမှ ၂၉-၇-၂၀၁၆ရက် ညနေ ၄း၃၀နာရီအထိနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့်တင်သွင်းရမည့်လိပ်စာမှာ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းပညာရေးမှူးရုံး၊ ကြည့်မြင်တိုင်မြို့နယ်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်များကို ဖုန်း-၀၁-၂၁၀၁၄၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**


POST ရာထူးဝင်ခွင့်သင်တန်း(၂.၇.၂၀၁၆)ဖွင့်ပြီ

မြို့နယ်စည်ပင် အငယ်တန်းအင်ဂျင်နီယာ-၄ / အခွန်အကောက်-၅ (စနေ-တနင်္ဂနွေ)

၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်။ ၀၉၄၂၀၁၂၉၃၃၃


### အုံနာဘုတ်ပျောက်ဆုံး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့ သာယာမြို့သစ်နေ ဦးမင်းဇော် ပိုင်ဆိုင်သော မော်တော်ဆိုင်ကယ်ယာဉ်အမှတ် ၄၀ ယ/၉၉၈၀သည် အုံနာဘုတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၂၃၇၀၅၁၇၀၊ ၀၉-၄၂၃၆၉၈၉၉၃ တို့သို့ ဆက်သွယ်ပါရန် မေတ္တာရပ်ခံပါသည်။ **ဦးမင်းဇော် (မင်းလှမြို့)**



# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ရတနာပုံအသင်း ဂိုးပြတ်နိုင်ပြီး ကွာတားတက်

**ရန်ကုန် ဇွန် ၂၉**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရတနာပုံအသင်းနှင့် မကွေးအသင်းတို့ ကွာတားဖိုင်နယ်တက်ရောက်သွားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းသည် Horizon အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ရတနာပုံအတွက် တိုက်စစ်မှူး ဝင်းနိုင်စိုးက ဟက်ထရစ်သွင်းယူပေးခဲ့ပြီး ယခုရာသီ၏ ဒုတိယမြောက် ဟက်ထရစ် သွင်းယူနိုင်မှုဖြစ်ခဲ့သည်။

ရတနာပုံအသင်းသည် ထွန်းငြိမ်း၊ ရဲရင့်ထွန်း စသည့် ကစားသမားများကို ပွဲထုတ်ခဲ့သော်လည်း ရန်ပိုင်၊ အောင်သူ၊ စည်သူအောင်တို့ အပါအဝင် နိုင်ငံခြားသား သုံးဦးဖြင့် လူစုံခဲ့သည်။ ပွဲအစပိုင်းတွင် ရတနာပုံအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၁၄ မိနစ်တွင် ဝင်းနိုင်စိုးက စည်သူအောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် Horizon အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာခဲ့ပြီး အခွင့်အရေးအချို့ ပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ရတနာပုံအသင်းမှ အောင်သူနှင့် ထွန်းငြိမ်းတို့ ဒဏ်ရာရရှိ၍ လူစားလဲခဲ့ရသည်။

ဒုတိယပိုင်းတွင် ရတနာပုံအသင်းသည် ပွဲကို ထိန်းကစားသွားပြီး မိနစ် ၆၀ တွင် Horizon နောက်ခံလူ လက်ထိခဲ့သောကြောင့် ပယ်နယ်တီရခဲ့ပြီး တိုက်စစ်မှူး မာတူနာက ဒုတိယဂိုးအဖြစ် သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရတနာပုံအသင်းက ပွဲကို ထိန်းချုပ်သွားပြီး ဝင်းနိုင်စိုးက ၇၅ မိနစ်နှင့် ၈၄ မိနစ်တို့တွင် နှစ်ဂိုး ထပ်မံသွင်းယူခဲ့သောကြောင့် ဟက်ထရစ်ရရှိခဲ့သည်။ Horizon အတွက် ချေပဂိုးတစ်ဂိုးကို ၈၉ မိနစ်တွင် ချန်ဟီကင်မ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက် ကန်သွင်းခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲအစ စက္ကန့်ပိုင်းတွင် သွင်းယူသည့် ညီညီမင်း၏ ဂိုးဖြင့် ချင်းယူနိုက်တက်အသင်း ဦးဆောင်နိုင်ခဲ့သော်လည်း မကွေးအသင်းအတွက် မိနစ် ၇၀ တွင် စိုးမင်းနိုင်က ချေပဂိုး၊ ၇၁ မိနစ်တွင် ထူးထူးအောင်က အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်သို့ ရန်ကုန်၊ ဟံသာဝတီ၊ မြဝတီ၊ ရှမ်းယူနိုက်တက်၊ ရတနာပုံနှင့် မကွေးအသင်းတို့ တက်ရောက်သွားကြပြီး လက်ကျန် နှစ်ပွဲကစားရန် ကျန်ရှိနေသည်။ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်နှင့် ဟံသာဝတီ၊ မြဝတီနှင့် ရတနာပုံ၊ ရှမ်းယူနိုက်တက်နှင့် မကွေးအသင်းတို့ တွေ့ဆုံလျက်ရှိသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



ရတနာပုံနှင့် Horizon အသင်းတို့ ယှဉ်ပြိုင်နေစဉ်

# ဆီးဂိမ်းအတွက် ထူးချွန်လက်ဝှေ့ကစားသမားများ ရွေးချယ်မည်

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၆ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းအတွင်း လက်ဝှေ့ပြိုင်ပွဲ ရုံ၌ ဇွန် ၂၈ ရက်က ကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အားကစားသမားများ အဓိက ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အမျိုးသားဝိတ်တန်း ၁၂ တန်းနှင့် အမျိုးသမီးဝိတ်တန်း သုံးတန်းတွင် အားကစားသမား ၃၈ ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ကြပြီး ပွဲစဉ်များအပြီး ပထမ၊ ဒုတိယရရှိသူများကို မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

"အစဉ်အလာအရ တပ်မတော်နဲ့ ရဲတပ်ဖွဲ့ဝင်မှ နိုင်ငံ့ဂုဏ်ဆောင် လက်ဝှေ့ကစားသမားတွေ မွေးထုတ်ပေးခဲ့ပါတယ်။ ဒီအစဉ်အလာကိုလည်း ဆက်ပြီး ထိန်းသိမ်းရမှာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကို လာမယ့် ဩဂုတ်လမှာ ကျင်းပမယ်။ နိုဝင်ဘာလမှာ တံခွန်စိုက်ပြိုင်ပွဲ လုပ်ပါမယ်။ အဲဒီပြိုင်ပွဲက ထူးချွန်တဲ့ကစားသမားတွေကို ရွေးချယ်ပြီး မလေးရှားနိုင်ငံမှာ ကျင်းပမယ့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်သွားပါမယ်" ဟု မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက ပြောကြားသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ယူရို ၂၀၁၆ ကွာတားဖိုင်နယ်တွင် ပေါ်တူဂီနှင့် ပိုလန် မည်သူအနိုင်ယူ၍ အကြိုဗိုလ်လုပွဲသို့ တက်မည်နည်း




ပိုလန်အသင်းအတွက် အားထားရသည့် တိုက်စစ်မှူး လီဝမ်ဒေါ့စကီး

ယူရို ၂၀၁၆ ကွာတားဖိုင်နယ်ပွဲစဉ်များမှ ပထမဦးဆုံးပွဲစဉ်အဖြစ် ပိုလန်နှင့် ပေါ်တူဂီ ပွဲစဉ်ကို ဇူလိုင် ၁ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပိုလန်အသင်းသည် အုပ်စု(ဂ)မှ တက်ရောက်လာခဲ့ပြီး ပွဲစဉ်တစ်လျှောက်တွေ့ဆုံမှုတွင် မြောက်အိုင်ယာလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဂျာမနီနှင့် ဂိုးမရှိသရေကျကာ ယူကရိန်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ၁၆ သင်းအဆင့်တွင်လည်း ဆွစ်ဇာလန်အသင်းနှင့် တွေ့ဆုံပြီး မိနစ် ၉၀ အထိ တစ်ဖက် တစ်ဂိုးစီသရေကျ၍ ပယ်နယ်တီ ကန်ခဲ့ရာ ပိုလန်တို့ အနိုင်ရခဲ့ပြန်သည်။ ပိုလန်သည် ပွဲစဉ်တစ်လျှောက် တစ်ဂိုးသာပေးခဲ့ရ၍ နောက်တန်းမာကျောသည့် အသင်းအဖြစ် သတ်မှတ်နိုင်သည်။

ပေါ်တူဂီအသင်းအနေဖြင့် အုပ်စု(စ)မှ တတိယအဆင့်ဖြင့်တက်ရောက်လာပြီး အုပ်စုပွဲတွင် နိုင်ပွဲ၊ ရှုံးပွဲမရှိဘဲ အိုက်စလန်နှင့် တစ်ဖက်တစ်ဂိုးစီ၊ ဩစတြီးယားနှင့် ဂိုးမရှိသရေ၊ ဟန်ဂေရီနှင့် တစ်ဖက် သုံးဂိုးစီ သရေရလဒ်များဖြင့်သာ ပြီးဆုံးထားသည်။ ၁၆ သင်းအဆင့်တွင်လည်း ခရိုအေးရှားကို အချိန်ပိုသွင်းဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။

ယင်းနှစ်သင်းသည် ခြေရည်အားဖြင့် မကွာခြားဘဲ အသင်းခေါင်းဆောင်လည်းဖြစ် တိုက်စစ်မှူးများလည်းဖြစ်သော စီရော်နယ်ဒိုနှင့် လီဝမ်ဒေါ့စကီးတို့ အားပြိုင်မည့်ပွဲဖြစ်သည်။ လီဝမ်ဒေါ့စကီးသည် ဂိုးသွင်းယူထားခြင်းမရှိသေးဘဲ စီရော်နယ်ဒိုမှာ နှစ်ဂိုးသွင်းယူထားသည်။ ယင်းနှစ်သင်း တွေ့ဆုံမည့်ပွဲတွင် ပေါ်တူဂီအသင်း ဂိုးပေးရနိုင်ပြီး ပိုလန်ကိုသာ အကြိုက်တွေ့မိပါသည်။ ပေါ်တူဂီနှင့် ပိုလန်ပွဲမှ အနိုင်ရသူသည် ဝေးလ်နှင့် ဘယ်ဂျီယံပွဲမှ အနိုင်ရသည့်အသင်းနှင့် အကြိုဗိုလ်လုပွဲတွင် တွေ့ဆုံမည်ဖြစ်သည်။

■ **သီဟ**



ပေါ်တူဂီအသင်းခေါင်းဆောင် တိုက်စစ်မှူး စီရော်နယ်ဒို

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

**ဖခင်အမည်မှန်**

ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မခိုင်သဇင်၏ဖခင်အမည်မှန်မှာ ဦးမောင်လွင် ၁၂/ကတန(နိုင်)၀၇၁၁၁၇ ဖြစ်ပါကြောင်း။ **ဖခင် ဦးမောင်လွင်**

**ကန့်ကွက်နိုင်ပါသည်**

ထားဝယ်မြို့၊ ဘုမ္မော်ရပ်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် ၄၇၇၊ ကွင်းအမှတ် ၅၁၊ ကွင်းအမည် (ဘုမ္မော်မြောက်)၊ ဦးပိုင်အမှတ် (၄၆၉-ခ)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၂၈ရှိ နေအိမ်နှင့် မြေကြီးတွင် ဒေါ်စောရွှေ ၆/ထဝန(နိုင်) ၀၃၁၈၅၀မိသားစု နေထိုင်ပိုင်ဆိုင်ပြီး သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေး ဆောင်ရွက်နိုင်ရန် ဒေါ်လေးနွယ် ပိုင်ဆိုင်မှုအား ကန့်ကွက်သူရှိပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**ဒေါ်စောရွှေ ၆/ထဝန(နိုင်) ၀၃၁၈၅၀**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4E/4674 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4D/4157 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**Apartment တိုက်ခန်းရောင်းမည်**

* ရန်ကုန်မြို့မှာ ထပ်မရနိုင်တော့သည့် ကမာရွတ်မြို့နယ်၊ ပြည်လမ်းမပေါ်တွင်တည်ရှိပြီး လုံခြုံအေးချမ်းသောနေရာ၊
* ရန်ကုန်တက္ကသိုလ်၊ လှည်းတန်းဈေး၊ လှည်းတန်း Center ၊ Junction Square၊ ဆေးတက္ကသိုလ်(၁)၊ TTC ကျောင်းတို့နှင့်အလွန်နီး၊ အိမ်ရှေ့ View အလွန်ကောင်း၊ ရှစ်လမ်းမောင်း ပြည်လမ်းမကြီး၏ မျက်နှာချင်းဆိုင်ဖက်တွင် သစ်ပင်၊ပန်းပင်တို့ဖြင့် သာယာလှပသော ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမနှင့် လှမ်းမြင်နေရသည့် သစ်လွင်သော လှည်းတန်းစုံးကျော်တံတားကြီး၊
* ၂၀ပေ x ၅၅ပေ ၊ဧည့်ခန်း၊ ဘုရားခန်း၊ အိပ်ခန်း ၂ခန်း အခန်းဖွဲ့ပြီး၊ Aircon ၃လုံး၊ ကော်ဇောခင်း၊ 4F(ပဥ္စမထပ်)၊ သိန်း၁၆၀၀

ဆက်သွယ်ရန် Tel : ၀၉၂၆၁၈၆၈၀၆၄ ၊ ၀၉၉၆၅၁၈၃၆၈၅

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ပြည်ထောင်စုဝန်ကြီးဌာနဘတ်ဂျက်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ လုပ်ငန်း (၄)ခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူသွားမည်ဖြစ်ပါသည်-

| | | ခွင့်ပြုငွေ(ကျပ်သန်း) |
|---|---|---|
| (က) | တောင်ပိုင်းခရိုင်ဦးစီးမှူးရုံး(သန်လျင်) (၆၀×၄၀×၂၈)ပေ RCC (၂)ထပ်သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး အပါအဝင် ဆောက်လုပ်ခြင်း | ၁၃၁·၀၄၀ |
| (ခ) | သိုလှောင်ရုံအမှတ်(၁၂)(၁၀၀×၉၁)ပေ အမိုးဒိုင်းမြားတန်းလဲလှယ်ခြင်း(သွပ်ဖိုးမပါ) | ၁၄·၅၀၁ |
| (ဂ) | သိုလှောင်ရုံအမှတ်(၁၆) (၂၀၃×၇၄)ပေ အမိုးဒိုင်းမြားတန်းလဲလှယ်ခြင်း(သွပ်ဖိုးမပါ) | ၂၃·၁၀၉ |
| (ဃ) | သိုလှောင်ရုံအမှတ်(၁၁) (၁၀၁×၈၈)ပေ အမိုးဒိုင်းမြားတန်းလဲလှယ်ခြင်း(သွပ်ဖိုးမပါ) | ၁၀· ၇၉၄ |

၂။ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူသွားပါမည်-
(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၆ ရက်မှ ၇-၇-၂၀၁၆ ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၇-၇-၂၀၁၆ ရက်မှ ၁၄-၇-၂၀၁၆ ရက်အထိ
(ဂ) **တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

၃။ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဖုန်း-၀၁-၆၆၁၈၁၂၊ ၀၉-၇၉၇၆၂၇၇၆၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**အမည်ပြောင်း**

ဦးမျိုးမင်းဇော် ၁၄/မအပ(နိုင်) ၀၀၃၀၇၇၏သား အထက-၁၂၊ ပဥ္စမတန်း (A)မှ မောင်ရှင်းသန့်မင်းအား မောင်ရှင်းသန့် ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရှင်းသန့်**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**
**အကြောင်းကြားစာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၅ နှင့်ဆက်နွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၂**

ဦးကိုကိုနိုင် **နှင့်** ၁။ ဦးဝင်းစိုး
၂။ (ကွယ်လွန်သူ ဒေါ်မယ်မယ်မြင့်၏ တရားဝင်ကိုယ်စားလှယ်) ဦးခိုင်ဆွေ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အမှတ် ၄၆၄၊ ဗိုလ်မင်းရောင်လမ်း၊ (၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဝင်းစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဇွန် ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6J/3198 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8D/4620 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ်စိန် ၇/တငန(နိုင်)၁၂၃၃၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

# ပဲတီစိမ်းအထွက်ကောင်းသော်လည်း ကုန်ကျစရိတ်များ၍ ပဲဈေးနှုန်းဆက်ကျမည်ကို တောင်သူများစိုးရိမ်နေ

**ရေစကြို ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း စိုက်ပျိုးသော ပဲတီစိမ်းများမှာ အထွက်နှုန်းကောင်းသော်လည်း စိုက်ပျိုးရေးကုန်ကျစရိတ်များခဲ့သဖြင့် ယခု ပဲတီစိမ်းပေါ်ချိန်တွင် ဈေးနှုန်းများမှာ တဖြည်းဖြည်းကျဆင်းနေသဖြင့် အရှုံးပေါ်မည်ကို တောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။

"ဒီနှစ်မှာ အပူချိန်မြင့်မားပေမယ့် ပဲတီစိမ်းတွေ အပျက်အစီးနည်းပြီး အောင်မြင်တယ်။ ပဲအထွက်လည်း မဆိုးဘူး။ စောစောစိုက် စောစောပေါ်တဲ့ တောင်သူတွေကတော့ ပဲတီစိမ်းတစ်တင်းကို ၃၅၀၀၀ ကျပ်အထိ ဈေးရကြတယ်။ တဖြည်းဖြည်းနဲ့ ဈေးတွေကျလာတာ လှိုင်လှိုင်လည်းပေါ်ရော အခုရက်ဈေးက အမြင့်ဈေး ၂၉၀၀၀ ကျပ်ပဲ ရတယ်။ ဒါတောင် နောက်ဆို ဆက်ကျဦးမယ်တဲ့" ဟု ပဲတီစိမ်းစိုက်ပျိုးထားသော တောင်သူတစ်ဦးက ဈေးကွက်အခြေအနေကို ရှင်းပြသည်။



ပဲတီစိမ်းစိုက်ခင်းတစ်ခုတွင် ပဲတီစိမ်းကောက်ရန် ငှားထားသော လုပ်သားများ

ရေစကြိုမြို့နယ်အတွင်း ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်သည့်ဒဏ်ကို ခံခဲ့ရသော်လည်း ပဲတီစိမ်းနှင့် အခြားနွေသီးနှံများမှာ အပျက်အစီးနည်းပါးပြီး အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ သို့သော် စိုက်ပျိုးရာတွင် ပဲတီစိမ်းမျိုး ဈေးနှုန်းနှင့် လုပ်သားခများ အပါအဝင် ကုန်ကျစရိတ်များ မြင့်တက်ခဲ့ခြင်းကြောင့် ယခုဈေးကျနေပုံအရ အရှုံးပေါ်မည်ကို တောင်သူများ စိုးရိမ်နေကြခြင်းဖြစ်သည်။

"ဒီမှာက အလုပ်သမားကရှား၊ ဈေးက များသေး၊ အမျိုးသမီးတစ်ယောက်ဆိုရင် တစ်နေကုန် ၃၀၀၀ ကျပ်ပေးရတယ်။ တစ်ကေဆိုရင် လူ ၁၀၀ ကျော်နဲ့ ကောက်ရတော့ အလုပ်သမားစရိတ်က ထောင်းတယ်။ မျိုးဈေးကလည်း ကောင်းတယ်။ တစ်တင်း ကိုးသောင်းဈေးပေးပြီး စိုက်ခဲ့ရတာ။ ဒီကြားထဲ ရေတင်ရတဲ့စရိတ်၊ ဆေးဖိုးစရိတ်တွေက ရှိသေးတယ်။ ဒါကြောင့် အခုရက်ဈေးနဲ့ဆိုရင် တောင်သူတွေက အရှုံးပေါ်မှာကို စိုးရိမ်နေကြတယ်"ဟု ထန်းဆယ်ပင်ရွာမှ ပဲတီစိမ်းစိုက်တောင်သူ ဦးသာမောင်က ပြောသည်။

ရေစကြိုမြို့နယ်တွင် နွေသီးနှံအဖြစ် အခြားသီးနှံများနှင့်အတူ ပဲတီစိမ်းကိုလည်း အဓိကသီးနှံတစ်ခုအဖြစ် စိုက်ပျိုးလေ့ရှိပြီး နှစ်စဉ် နွေသီးနှံစိုက်ပျိုးသည့်ရာသီတွင် ပဲတီစိမ်း ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်လေ့ရှိကြောင်း သိရသည်။

**ဇေထွဏ်းဇော်(ရေစကြို)**

## သဘာဝဘေး ကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေး

**လှိုင်းဘွဲ့ ဇွန် ၂၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်ကျေးရွာ အထက်ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ သဘာဝဘေးလျော့ပါးရေး ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီး ဌာနမှူးက သဘာဝဘေးလျော့ပါးရေးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်တားဆီးရမည့် လုပ်ငန်းများကိုလည်းကောင်း၊ ရေအရင်းအမြစ်နှင့်မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်စိုးက မြစ်ချောင်းကမ်းပါးများ ရေတိုက်စားမှုအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်အချက်များကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ရွှေဂွန်ကျေးရွာအတွင်း ကမ်းပါးပြိုကျခဲ့သောနေရာများသို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြပြီး ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့်အဖွဲ့က လှိုင်းဘွဲ့မြို့(က) ရပ်ကွက် ရွှေဂွန်းလမ်းတွင် ကမ်းပါးပြိုကျမှုနှင့် ပြုပြင်ထိန်းသိမ်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## မြေအောက်ရေတွင်းတူးဖော်အောင်မြင်၍ ပြည်သူများဝမ်းမြောက်

**မြိုင် ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု ကံကြီးတော(အနောက်) ကျေးရွာ၌ ရန်ကုန်ဆေးတက္ကသိုလ်(၁)ပါမောက္ခချုပ်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ လှူဒါန်းမှုဖြင့် မေ ၂၀ ရက်မှ စတင်တူးဖော်ခဲ့သော စက်ရေတွင်းမှ ဇွန် ၂၇ ရက်တွင် ရေချိုများစတင်ထွက်ရှိလာသဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းတူးဖော်ခြင်းအပြင် ရေတင်ပန့်နှင့် ရေလှောင်ကန်တစ်ကန်ကိုလည်း ရန်ကုန်ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများက လှူဒါန်းခဲ့ပြီး စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၃၈ သိန်းဖြစ်ကြောင်း၊ စက်ရေတွင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး တာဝန်ခံဦးမျိုးမြင့်အေးနှင့်အဖွဲ့က တူးဖော်ပေးခဲ့ကြောင်း၊ ရေတွင်းအနက်မှာ ၇၅၀ ပေဖြစ်ပြီး လေးလက်မပိုက်တပ်ဆင်၍ ရေတင်ရာတွင် တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ ကျော်ထွက်ရှိသဖြင့် ကျေးရွာရှိ အိမ်ခြေ ၄၂ အိမ်မှ လူဦးရေ ၂၃၁ ဦးနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် ရာသီမရွေး ရေလုံလောက်စွာ ရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

## ချမ်းမြသာစည်မြို့နယ် ဒေသန္တရကျန်းမာရေးဌာနတွင် အထူးကု ဆရာဝန်ကြီးများက အပတ်စဉ်ကုသပေး

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်ထားသော ဘုရားကြီးအရှေ့မုခ် ဒေသန္တရကျန်းမာရေးဌာနတွင် ယခုဇွန်လအတွင်းမှစတင်၍ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့စစ်ဆေးကုသမှုများ အပတ်စဉ်ပြုလုပ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

အပတ်စဉ် အင်္ဂါနေ့များတွင် မီးယပ်သားဖွားအထူးကုဆရာဝန်၊ ဗုဒ္ဓဟူးနေ့တွင် ကလေးအထူးကု ဆရာဝန်၊ ကြာသပတေးနေ့တွင် အထွေထွေရောဂါအထူးကုသမားတော်နှင့် ခွဲစိတ်အထူးကုဆရာဝန်များက နေ့ရက်အလိုက် အလှည့်ကျ နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် ဆရာဝန်ကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ခံယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ၀)**

## စာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးနှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မြစ်သား ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စီစဉ်၍ စာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အခြေခံပညာ အထက်တန်းကျောင်း(မြစ်သား)၌ ဇွန် ၂၇ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနေခြည်သိန်းဝင်းနှင့် ကျန်းမာရေးမှူး(၁) ဒေါ်ရီရီမိတို့က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ ခြင်ပေါက်ပွားနိုင်သော ရေသိုလှောင်သည့် အိုးခွက်၊ ပုလင်း၊ ဘူးခွံများ မရှိရအောင် ကျောင်းပတ်ဝန်းကျင်တွင် သန့်ရှင်းရေးဆောင်ရွက်ရန်၊ ကျောင်းပတ်ဝန်းကျင်မှ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် ကျောင်းများတွင် အပတ်စဉ် Dry Day ပြုလုပ်ရေးတို့ကို ဟောပြောခဲ့သည်။

ထို့နောက် သွေးလွန်တုပ်ကွေးရောဂါအကြောင်း စာစီစာကုံးနှင့် ကဗျာဆုရရှိသော ကျောင်းသား ကျောင်းသူသုံးဦးကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုက ဆုများချီးမြှင့်ပြီး ကျောင်းဝင်းအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းပေး

**ကျောက်မဲ ဇွန် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ ရွှေညီအစ်ကိုပရဟိတအဖွဲ့မှ အဖွဲ့ဝင်များက မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များနှင့် ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ပရဟိတအဖွဲ့အတွက် လှူဒါန်းရရှိသော အလှူငွေများဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအချိန်သည် သွေးလွန်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားနေချိန် ဖြစ်သည့်အတွက် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကျောက်မဲမြို့ အထက(၃)ကျောင်းမှ ကျောင်းသားသုံးဦး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေသည်ဟု ဆရာမကြီးထံမှ သတင်းရ၍ ဇွန် ၂၇ ရက် တွင် သွားရောက်ပြီး ကျောင်းခန်းများ၊ လူနေအဆောက်အအုံများနှင့် ပတ်ဝန်းကျင်တွင် ခြင်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်ကလည်း လာရောက်၍ ခြင်ဆေးဖျန်းပေးခဲ့သော ပရဟိတအဖွဲ့အား ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်ရှိကြောင်းနှင့် အခြားကျောင်းများသို့လည်း ယခုကဲ့သို့ ဆေးဖျန်းပေးစေလိုကြောင်း ပြောကြားခဲ့သည်။

**(ခရိုင်ပြန်/ဆက်)**

## ကျောင်းသားများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်

**ပုံပါကျင် ဇွန် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင် ပုံပါကျင်မြို့၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်အရ ပုံပါကျင်မြို့အထကကျောင်းမှ အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် ပုံပါကျင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ယာယီမြို့နယ်ဦးစီးမှူး ဦးကျော်စွာဝင်းနှင့် ဝန်ထမ်းများက ကျောင်းသားရှစ်ဦး၊ ကျောင်းသူ ၂၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ဝေလင်းနှင့် မြို့နယ်ရဲစခန်းမှူး ရဲအုပ်သန့်ဇင်ထွန်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## အမျိုးသမီးများ တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ ပညာပေးဆွေးနွေး

**တာပွန် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ အမျိုးသမီးများ တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဂျပန်အပြည်ပြည်ဆိုင်ရာမိသားစုစီမံကိန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JOICFP)က ကြီးမှူး၍ ဇွန် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဂျပန်အပြည်ပြည်ဆိုင်ရာမိသားစုစီမံကိန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JOICFP)မှ တာဝန်ရှိသူများနှင့် နတ်တလင်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေမီထွန်းတို့က အမျိုးသမီးများ တစ်ကိုယ်ရေသန့်ရှင်းမှု တိုးတက်ကောင်းမွန်စေရေးနှင့် အုပ်ထိန်းသူ မိခင်များကလည်း သမီးငယ်များ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်ပေးနိုင်ရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသမီးကျန်းမာရေးဆရာမကြီး ဒေါ်မြမူက အမျိုးသမီးကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာခိုင်ခိုင်ညိုက သွားနှင့်ခံတွင်းတွင် ဖြစ်ပွားတတ်သောရောဂါများအကြောင်းနှင့် ကာကွယ်ရမည့်အချက်များကိုလည်းကောင်း ဟောပြောပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ မိသားစုစီမံကိန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JOICFP) က အမျိုးသမီးကျန်းမာရေးသုံးပစ္စည်းများ၊ အမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတစာအုပ်နှင့် လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့သည်။

**တင်မြင့်(နတ်တလင်း)**

# အိပ်ငိုက်ခြင်းကြောင့်ဖြစ်သော ယာဉ်မတော်တဆမှုများကို လျှော့ချနိုင်ဖို့

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာအရပ်ရပ်ရှိ အများပြည်သူသုံး လမ်းမများပေါ်တွင် မိနစ်နှင့်အမျှ ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိနေသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများ၌ ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများသည် မြို့တွင်း သို့မဟုတ် ဆင်ခြေဖုံးဒေသများ၌ အများဆုံးဖြစ်ပေါ်ခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌ ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကမူ အဝေးပြေးလမ်းမကြီးများပေါ်၌ သို့တည်းမဟုတ် အမြန်လမ်းမကြီးများပေါ်၌ အများဆုံးဖြစ်ပေါ်ခဲ့သည်။

ယာဉ်မတော်တဆမှုများ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ယာဉ်မောင်းသူ၏ အိပ်ငိုက်မှု သို့မဟုတ် အိပ်ပျော်သွားမှု သို့မဟုတ် အိပ်ရေးပျက်မှုများကြောင့် ဖြစ်ခဲ့ရကြောင်း သုတေသနပြု တွေ့ရှိရသည်။ ကမ္ဘာပေါ်၌ နှစ်စဉ်ဖြစ်ပွားလျက်ရှိနေသော ယာဉ်မတော်တဆမှုများအနက် ယာဉ်တိုက်မှုပေါင်း နှစ်သိန်းငါးသောင်းခန့်သည် ယာဉ်မောင်းများ၏ အိပ်ရေးပျက်ခြင်းပြဿနာ၊ အိပ်ငိုက်ခြင်းပြဿနာနှင့် အိပ်ပျော်သွားခြင်းပြဿနာများကြောင့် ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။

ကမ္ဘာအရပ်ရပ်ရှိ အများပြည်သူသုံး လမ်းမကြီးများပေါ်၌ မော်တော်ကားမောင်းနှင်နေကြသော ယာဉ်မောင်းသူများအနက် နေ့စဉ် ပျမ်းမျှအားဖြင့် ယာဉ်မောင်းသူဦးရေ ရှစ်သောင်းနီးပါးသည် မော်တော်ကားမောင်းနှင်နေစဉ်၌ အိပ်ပျော်သွားတတ်ကြကြောင်းကိုလည်း စစ်တမ်းကောက်ယူမှု တစ်ရပ်အရ တွေ့ရှိရသည်။ ဤသည်မှာ ခရီးဝေးကားမောင်းချိန် ကြာမြင့်လာသည်နှင့်အမျှ အိပ်ငိုက်တတ်သော လူ့သဘောသဘာဝကြောင့်ပင် ဖြစ်သည်။ အထူးသဖြင့် ဖြောင့်တန်းပြီး ရှည်လျားလှသော လမ်းပိုင်းများသည် ယာဉ်မောင်းများ ငိုက်မျဉ်းမှုကို ပို၍ဖြစ်ပွားစေသည်။

နာရီနှင့်ချီ၍ အချိန်ကြာမြင့်စွာ မောင်းနှင်ကြရမည့် ယာဉ်မောင်းသူများအဖို့ ခရီးဝေးမမောင်းနှင်မီ ကြိုတင်ပြင်ဆင်ထားသင့်သော ကိစ္စရပ်များအနက် ခရီးမထွက်မီ အိပ်ရေးဝအောင်အိပ်စက်ထားခြင်းသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။ အိပ်ရေးဝပြီး အားအင်ပြည့်ဖြိုးကာ ကိုယ်ရောစိတ်ပါ လန်းဆန်းတက်ကြွနေသည့် ယာဉ်မောင်းသူများသည် ခရီးဝေးကားမောင်းရာ၌ အိပ်ငိုက်ခြင်း၊ အိပ်ပျော်သွားခြင်းနှင့် အလွန်အမင်းပင်ပန်းနွမ်းနယ်ခြင်းတို့ကြောင့် ဖြစ်ပွားလာနိုင်သည့် ယာဉ်မတော်တဆမှုများကို ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။

ခရီးဝေးကားမမောင်းမီ အစာကို အလွန်အမင်းစားသုံးခြင်း၊ ပြည့်အင့်အောင် စားသောက်ထားခြင်းတို့သည် ကားမောင်းစဉ်၌ ငိုက်မျဉ်းခြင်းကို ဖြစ်ပေါ်လာစေနိုင်သော အကြောင်းအချက်တစ်ခု ဖြစ်သည်။ ထို့အတူ ကီလိုမီတာ ရာနှင့်ချီသောခရီးတာကို မရပ်မနားမောင်းနှင်ခြင်းသည်လည်း ကားမောင်းစဉ်၌ ငိုက်မျဉ်းခြင်းကို ဖြစ်ပေါ်လာစေနိုင်သော အကြောင်းအချက်တစ်ခု ဖြစ်သည်။

အလားတူပင် လေးလံထိုင်းမှိုင်းမှုကို ဖြစ်ပေါ်စေနိုင်သည့် ဆေးဝါးများကိုသုံးစွဲထားခြင်း၊ သွေးလှည့်ပတ်မှုကို နှေးကွေးတုံ့ဆိုင်းစေသည့် ဆေးဝါးများနှင့် အစားအသောက်များကို မှီဝဲထားခြင်း၊ အာရုံကြောများ နိုးကြွားတက်ကြွမှုကို အဟန့်အတားဖြစ်စေသည့် ဆေးဝါးနှင့် အစားအသောက်များကို သုံးဆောင်မှီဝဲထားခြင်းတို့သည်လည်း ကားမောင်းစဉ်၌ ငိုက်မျဉ်းမှုကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများပင် ဖြစ်ကြသည်။

ခရီးဝေးကားမောင်းစဉ်၌ မည်သည့်အကြောင်းကြောင့် ငိုက်မျဉ်းမှုဖြစ်ပေါ်သည်ဖြစ်စေ သင့်တော်သည့်နေရာ၌ ခေတ္တရပ်နားပြီး မိနစ် ၂၀ ခန့် နှစ်ခြိုက်စွာ အိပ်စက်သင့်ကြသည်။ စက္ကန့်ပိုင်းကို ကျော်လွန်ပြီး မိနစ်ပိုင်းမျှအထိ ငိုက်မျဉ်းနေပါလျက်နှင့် ကားမောင်းနေခြင်းသည် အရက်မူးပြီး ကားမောင်းနေခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း နယူးဇီလန်သိပ္ပံပညာရှင်တို့က သတိပေးထောက်ပြထားကြသည်။ လူတစ်ဦးတစ်ယောက်သည် တစ်ဆက်တစ်စပ်တည်း နာရီ ၂၀ ကြာအထိ မအိပ်မနေ နိုးကြားနေခဲ့လျှင် သွေးအတွင်း၌ အယ်လ်ကိုဟောပါဝင်နှုန်း ဒသမ သုညရှစ် ရာခိုင်နှုန်း ရှိနေသူနှင့် အတူတူပင်ဖြစ်ကြောင်းကိုလည်း ကနေဒါနှင့် ဗြိတိန် သိပ္ပံပညာရှင်တို့က သတိပေးထောက်ပြထားသည်။

**တစ်မေးမျှမေးသည်ဟု ပြောဆိုနေကြသော အချိန်အတိုင်းအတာကို သိပ္ပံပညာရှင်တို့က စက္ကန့် ၃၀ ဟု သတ်မှတ်ထားကြသည်။ ယာဉ်မောင်းတစ်ဦးအဖို့ တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ နှုန်းဖြင့် မောင်းနှင်နေစဉ်၌ တစ်စက္ကန့်မျှ မေးခနဲအိပ်ပျော်သွားခဲ့လျှင် မောင်းနှင်နေသောကားသည် ပေ ၁၅၀ နီးပါး ခရီးတာအထိ အထိန်းအကွပ်မဲ့စွာ ရွေ့လျားရောက်ရှိသွားလိမ့်မည်ဖြစ်သည်။ ဤနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငါးစက္ကန့်မျှ မေးခနဲအိပ်ပျော်သွားခဲ့လျှင် ထိုသူမောင်းနှင်နေသောကားက ပေ ၇၅၀ နီးပါးမျှအထိ ထိန်းချုပ်ကွပ်ကဲမှုကင်းမဲ့စွာဖြင့် ဦးတည်ရာမဲ့ ရွေ့လျားသွားလိမ့်မည် ဖြစ်သည် . . .**



သာမန်အခြေအနေမှာပင် အိပ်စက်သင့်သည့်အချိန်၌ မအိပ်ဘဲ နာရီပေါင်းများစွာ နိုးကြားနေသူသည် သွေးအတွင်း၌ အယ်လ်ကိုဟောပါဝင်နှုန်း အသင့်အတင့်ရှိသူနှင့် တန်းတူဖြစ်လျက်ရှိနေသည်ဆိုလျှင်... အဝေးပြေးလမ်းမကြီးများ သို့တည်းမဟုတ် အမြန်လမ်းမကြီးများပေါ်၌ မနားမနေ၊ မအိပ်မနေ နာရီပေါင်းများစွာကြာအောင် ဆက်တိုက်ကားမောင်းနှင်နေသူတို့အဖို့ မည်မျှအန္တရာယ်ရှိနေသည်ကို နှိုင်းချိန်သိရှိနိုင်သည်။

အထူးသဖြင့် တန်ချိန်များစွာလေးလံသော ကုန်ပစ္စည်းများကိုတင်ဆောင်ထားသည့် ထရပ်ကားကြီးများကို မောင်းနှင်ကြမည့် ယာဉ်မောင်းများသည် ခရီးလမ်းတွင် မကြာခဏဆိုသလို ကားရပ်နားကာ ကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်သင့်ကြသည်။ ကုန်တင်ထရပ်ကားကြီးများ၏ သဘောသဘာဝအရ တန်ချိန်များစွာ လေးလံသောကုန်ပစ္စည်းများကို တင်ဆောင်မောင်းနှင်ကြရာတွင် အပေါ့စားလူစီးကားငယ်များကဲ့သို့ လျင်မြန်သွက်လက်စွာ မောင်းနှင်၍မရဘဲ ဖြည်းဖြည်းမှန်မှန် မြန်နှုန်းမျိုးဖြင့်သာ မောင်းနှင်ကြရသည့်အတွက် ထိုကဲ့သို့သော မောင်းနှင်မှုပုံစံမျိုးကပင် ငိုက်မျဉ်းခြင်းကို လွယ်လင့်တကူ ဖြစ်ပေါ်လာစေနိုင်သည်။

အဝေးပြေးလမ်းမကြီးများနှင့် အမြန်လမ်းမကြီးများပေါ်၌ ယာဉ်မတော်တဆမှု အဖြစ်အများဆုံးသော အချိန်အတိုင်းအတာသည် ည ၁၂ နာရီမှ နံနက် ၆ နာရီအတွင်းဖြစ်ပြီး ထိုဖြစ်ရပ်များထဲတွင် ယာဉ်မောင်းသူ၏ ပင်ပန်းနွမ်းနယ်မှု၊ အိပ်ရေးပျက်မှု၊ ငိုက်မျဉ်းမှုနှင့် အိပ်ပျော်သွားမှုတို့ကြောင့်ဖြစ်ရသည့် ယာဉ်မတော်တဆဖြစ်ရပ်မျိုးက ရာခိုင်နှုန်းအများဆုံးအဖြစ် ပါဝင်လျက်ရှိနေသည်။

ကျန်းမာသန်စွမ်းနေသူတစ်ဦးအဖို့ ၂၄ နာရီ တစ်ရက်တာအတွင်း ဆယ်နာရီထက်ပို၍ ကားမမောင်းသင့်ပေ။ ကားမောင်းချိန် ဆယ်နာရီဟုဆိုရာ၌လည်း တစ်ဆက်တည်း ကားမောင်းချိန်ကို ၄ နာရီ မိနစ် ၃၀ ထက် မကျော်လွန်စေရဘဲ ၄ နာရီ မိနစ် ၃၀ ပြည့်တိုင်း အနည်းဆုံး ၄၅ မိနစ် နားပြီးမှသာလျှင် ဆက်လက်မောင်းနှင်ကြရမည်ဖြစ်သည်။ အကယ်၍ အလျင်စလိုဖြင့် အချိန်မီရောက်ရန်မလိုအပ်သည့် ခရီးစဉ်မျိုးဖြစ်ပါက ၃ နာရီကြာမောင်းနှင်ပြီးတိုင်း မိနစ် ၃၀ နားခြင်းက အသင့်တော်ဆုံးဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ လေ့လာသုတေသနပြုချက်များအရ တစ်ညတာ အိပ်ရေးပျက်ပါက မှားယွင်းမှုအသေးအဖွဲ့များကို ပြုလုပ်မိလေ့ရှိပြီး အိပ်ရေးပျက်သောည ဆက်၍ဆက်ကာဖြစ်ပေါ်ပါက အမှားအယွင်းများကို သိသိသာသာ ပြုလုပ်မိလေ့ရှိကြောင်း တွေ့ရှိရသည်။ အိပ်ရေးပျက်ခြင်းသည် သင်္ချာပုစ္ဆာများကို တွက်ချက်ရာ၌လည်း အခက်အခဲများကို ကြုံတွေ့ရစေသလို အလေးအနက်ထားကာ ဆုံးဖြတ်ရမည့် ကိစ္စရပ်များအပေါ်၌လည်း စဉ်းစားသုံးသပ်မှုကို သိသာစွာထိခိုက်မှု ဖြစ်ပေါ်စေသည်။ အားကစားလေ့ကျင့်ခန်းလုပ်ရာ၌လည်း စိတ်ပါလက်ပါမဖြစ်တော့သလို ကျက်စာမဟုတ်သည့် စဉ်းစားတွက်ချက်ရသော ဘာသာရပ်များ၌ အမှတ်ရရှိမှုကိုလည်း လျော့နည်းသွားစေနိုင်သည်။ ထို့ကြောင့်ပင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်း သူများအဖို့ အိပ်ရေးဝအောင် အိပ်စက်ကြရန် လိုအပ်ခြင်းဖြစ်သည်။

မော်တော်ကား မောင်းနှင်ခြင်းသည် အရေးကြီးသော ဆုံးဖြတ်ချက်များကို တစ်စက္ကန့်ထက် ပို၍တိုတောင်းသော အချိန်အတိုင်းအတာအတွင်း ချမှတ်ကြရသည့်အားလျော်စွာ အိပ်ရေးပျက်ထားသည့် ယာဉ်မောင်းတစ်ဦးအဖို့ ထိုမျှအရေးကြီးလှသည့် ဆုံးဖြတ်ချက်များကို ဆက်၍ဆက်ကာ ချမှတ်လုပ်ဆောင်ရာတွင် အမှားအယွင်းအချို့နှင့် ကြုံတွေ့ကြရနိုင်သည်ကို ယာဉ်မောင်းသူတိုင်းက သတိပြုကြရမည် ဖြစ်သည်။ အိပ်ရေးပျက်ထားရုံမျှဖြင့်ပင် အမှားအယွင်းများနှင့် ကြုံတွေ့ကြရနိုင်သည်ဖြစ်ရာ ကားမောင်းနေရင်း ငိုက်မျဉ်းသည့်အဆင့်အထိ ရောက်ရှိလာပါက ဆိုဖွယ်ရာမရှိတော့ပြီ ဖြစ်သည်။

အရပ်အခေါ်အားဖြင့် တစ်မေးမျှမေးသည်ဟု ပြောဆိုနေကြသော အချိန်အတိုင်းအတာကို သိပ္ပံပညာရှင်တို့က စက္ကန့် ၃၀ ဟု သတ်မှတ်ထားကြသည်။ ယာဉ်မောင်းတစ်ဦးအဖို့ တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ နှုန်းဖြင့် မောင်းနှင်နေစဉ်၌ တစ်စက္ကန့်မျှ မေးခနဲအိပ်ပျော်သွားခဲ့လျှင် မောင်းနှင်နေသောကားသည် ပေ ၁၅၀ နီးပါး ခရီးတာအထိ အထိန်းအကွပ်မဲ့စွာ ရွေ့လျားရောက်ရှိသွားလိမ့်မည် ဖြစ်သည်။ ဤနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငါးစက္ကန့်မျှ မေးခနဲအိပ်ပျော်သွားခဲ့လျှင် ထိုသူမောင်းနှင်နေသောကားက ပေ ၇၅၀ နီးပါးမျှအထိ ထိန်းချုပ်ကွပ်ကဲမှုကင်းမဲ့စွာဖြင့် ဦးတည်ရာမဲ့ ရွေ့လျားသွားလိမ့်မည် ဖြစ်သည်။

ထို့ကြောင့်ပင် အမြန်လမ်းမကြီးများပေါ်၌ ယာဉ်မောင်းသူ၏ ငိုက်မျဉ်းမှု၊ မေးခနဲအိပ်ပျော်သွားမှုတို့ကြောင့် လမ်းဘေးသို့ ထိုးကျခြင်း၊ လမ်းလယ်ကျွန်းများပေါ်သို့ တက်ရောက်သွားခြင်း၊ လမ်းဘေးရှိ အတားအဆီး အကာအရံများကို တိုက်မိခြင်း၊ တံတားလက်ရန်းကိုကျော်၍ ချောင်းမြောင်းများအတွင်းသို့ ပြုတ်ကျခြင်း၊ ရှေ့ကသွားနေသောကားကို ဝင်တိုက်ခြင်း၊ ဆန့်ကျင်ဘက်ယာဉ်ကြောမှ မျက်နှာချင်းဆိုင် မောင်းနှင်လာနေသည့်ကားကို ခေါင်းချင်းဆိုင်တိုက်မိခြင်း၊ တိမ်းမှောက်ခြင်းစသည်တို့ ဖြစ်ပွားခဲ့ကြခြင်း ဖြစ်သည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တို့တွင် အဝေးပြေးလမ်းမကြီးများနှင့် အမြန်လမ်းမကြီးများတစ်လျှောက်၌ ပျမ်းမျှအားဖြင့် ကီလိုမီတာ ၁၆၀ ကွာဝေးသော နေရာတိုင်း၌ ယာဉ်ရပ်နားစခန်းများကို တည်ဆောက်ထားလေ့ရှိသည်ကို တွေ့မြင်နိုင်သည်။ အဆိုပါ ယာဉ်ရပ်နားစခန်းများတွင် ကိုယ်လက်သန့်စင်ခန်းများ၊ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်သော စတိုးဆိုင်များ၊ လောင်စာနှင့် ဓာတ်ငွေ့ဖြည့်သွင်းထားသောဆိုင်များ၊ တာယာလေဖြည့်သွင်းစက်များနှင့် လေပေါင်ချိန်စက်များ၊ မော်တော်ကားရေဆေးပန့်များ စသည်တို့ကို အပြည့်အစုံ စီစဉ်ပေးထားသည်ကိုလည်း တွေ့ရှိနိုင်သည်။

အဆိုပါ အဝေးပြေးယာဉ်ရပ်နားစခန်းများ ထားရှိပေးခြင်း၏ ရည်ရွယ်ချက်မှာ အဓိကအားဖြင့် ယာဉ်မောင်းသူများကို ခေတ္တအနားပေးခြင်းဖြင့် ငိုက်မျဉ်းမှုနှင့် ပင်ပန်းနွမ်းနယ်မှုတို့ကို ပြေပျောက်စေရန်ဖြစ်ပြီး ထိုမှတစ်ဆင့် ခရီးသည်များကိုပါ ကိုယ်လက်ညောင်းညာမှုများ ပြေပျောက်စေရန်အတွက် ဖြစ်သည်။ ယာဉ်မောင်းသူနှင့် ခရီးသည်များ ခေတ္တအနားယူနေစဉ် မော်တော်ကားအတွက် လိုအပ်သည်များကိုစစ်ဆေးကာ ရေဆေးခြင်း၊ လေဖြည့်တင်းခြင်း၊ လောင်စာနှင့် ဓာတ်ငွေ့ဖြည့်တင်းခြင်းများကို ပြုလုပ်နိုင်ကြသည်။

ခရီးဝေး ကားမောင်းနေစဉ်၌ ကျယ်ဝန်းပြန့်ပြူးသော ဘေးပတ်ဝန်းကျင်မြင်ကွင်းများကြောင့် ယာဉ်မောင်းသူ၏သိစိတ်က လွတ်လပ်ပေါ့ပါးနေသည်ဟု ထင်ရသော်လည်း မသိစိတ်ကမူ ကား၏မြန်နှုန်းအပေါ်မူတည်ပြီး ဖိစီးမှုကို ခံနေကြရသည်။ ထို့ကြောင့်ပင် သင့်တော်သောနေရာ၌ အချိန်အတိုင်းအတာတစ်ခုအထိရပ်နားရန် လိုအပ်ခြင်းဖြစ်ပြီး ယင်းကဲ့သို့ ခေတ္တရပ်နားချိန်ကျမှသာ ယာဉ်မောင်းသူ၏ မသိစိတ်က လွတ်လပ်ပေါ့ပါးမှုကို ခံစားလာရသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော ကဏ္ဍကြီးတစ်ရပ်ဖြစ်ပြီး သက်ဆိုင်ရာအစိုးရများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကို လုံခြုံချောမွေ့အောင် စီမံဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုကလည်း အထိုက်အလျောက် အားကောင်းလာရစမြဲ ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဟုဆိုရာတွင် ကျယ်ဝန်းပြန့်ပြူးသော အမြန်လမ်းမကြီးများကို ခမ်းနားကြီးကျယ်စွာ ဖောက်လုပ်ထားရုံမျှဖြင့် ပြည့်စုံမှုရှိလာမည်မဟုတ်ပေ။ ကီလိုမီတာရာနှင့်ချီသော ခရီးဝေးကို သင့်တင့်သောအမြန်နှုန်းဖြင့် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်သော အရည်အသွေးမျိုးနှင့် ပြည့်စုံသည့် လမ်းမျိုးဖြစ်ရန် လိုအပ်သလို ယာဉ်မောင်းသူတို့၏ မဆင်မခြင်မောင်းနှင်မှုများ၊ အရက်သေစာ သောက်စားမူးယစ်ပြီး မောင်းနှင်နေမှုများကိုပါ တင်းကျပ်စွာ ကန့်သတ်ဆောင်ရွက်ရန်လည်း လိုအပ်သည်။

ထို့အတူ ကားမောင်းစဉ်၌ ငိုက်မျဉ်းတတ်သော ယာဉ်မောင်းသူတို့၏သဘောသဘာဝကို ကောင်းစွာသိရှိပြီး ယာဉ်မောင်းအိပ်ငိုက်ခြင်း သို့တည်းမဟုတ် အိပ်ပျော်သွားခြင်းကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ယာဉ်မတော်တဆမှုများကို သိသိသာသာလျှော့ချပေးနိုင်ရန်အတွက် ဖြောင့်တန်းပြီး ရှည်လျားလွန်းလှသော လမ်းပိုင်းများအစား သင့်တော်သည့် ခရီးတာအကွာအဝေးတစ်ခုရောက်တိုင်း လမ်းကွေ့လမ်းပိုင်းများ ထားရှိပေးခြင်း၊ ပြီးပြည့်စုံသော ယာဉ်ရပ်နားစခန်းများကို အဝေးပြေးလမ်းမကြီးများနှင့် အမြန်လမ်းမကြီးများတစ်လျှောက် တည်ဆောက်ထားရှိပေးခြင်း၊ ကားမောင်းစဉ်၌ ငိုက်မျဉ်းခြင်းနှင့် အိပ်ပျော်သွားခြင်းများ မဖြစ်ပွားစေရေးအတွက် ကျင့်ကြံလိုက်နာရန်လိုအပ်သော ကျန်းမာရေးဆိုင်ရာပညာပေးမှုများကို စဉ်ဆက်မပြတ် ထုတ်ပြန်သတိပေးခြင်းများကိုပါ အလေးအနက်ထားကာ ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးသစ်စတင်ထည့်သွင်းထိုးနှံခြင်း အသိပေးရှင်းလင်း

**တောင်ကြီး ဇွန် ၂၉**

ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးပေးရာတွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးသစ် (Pneumococcal Conjugate Vaccine-PCV) စတင်ထည့်သွင်းထိုးနှံခြင်းနှင့် ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ဇွန် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသစ်ထည့်သွင်းထိုးနှံမည့် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးကို နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာသိရှိ၍ နီးနွယ်သောဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်လာအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်က ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးသစ်စတင်ထည့်သွင်းထိုးနှံခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပြည်သူများ၏ မျှော်မှန်းသက်တမ်းတိုးမြင့်လာရေးနှင့် တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း လျှော့ချရေးအတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးများအား ကူးစက်ရောဂါကိုးမျိုး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကုန်အထိ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကာကွယ်ဆေးအသစ်လေးမျိုး ထည့်သွင်းထိုးနှံခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် နိုင်ငံတော်အစိုးရ၏ထည့်ဝင်ငွေနှင့် GAVI Vaccine Alliance တို့၏ ပံ့ပိုးငွေများဖြင့် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးအသစ်ကို ထပ်မံထည့်သွင်း ထိုးနှံသွားမည်ဖြစ်ကြောင်း အဆိုပါရှင်းလင်းပွဲမှ သိရသည်။ ကျန်းမာရေးအဖွဲ့၏ ၂၀၀၉ ခုနှစ် ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် အသက်ငါးနှစ်အောက်ကလေး တစ်သိန်းတွင် ၁၀၀ မှ ၃၀၀ အထိမှာ ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် သေဆုံးခဲ့သည်ဟု ခန့်မှန်းထားကြောင်းလည်း ရှင်းလင်းပွဲမှ သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်များသို့ နိုင်ငံတော်ဓာတ်အားလိုင်းစနစ်မှ ဓာတ်အားဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**ဂန့်ဂေါ ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် အဆက်မပြတ် လျှပ်စစ်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး ဂန့်ဂေါခရိုင်အတွင်းရှိ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့နယ်များတွင်လည်း မကြာမီကာလ၌ လျှပ်စစ်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်တွင် ကျောဓာတ်အားခွဲရုံနှင့် ဂန့်ဂေါဓာတ်အားခွဲရုံတို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကာ လက်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းမှ အကွာအဝေး နှစ်မိုင်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ထက် ပိုမိုဝေးကွာ၍ ဓာတ်အားလိုင်းမရောက်ရှိနိုင်သေးသော ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၅ မိုင်ရှည်လျားသည့် ဂန့်ဂေါ-နှမ်းခါး ဓာတ်အားလိုင်းကို တည်ဆောက်လျက်ရှိပြီး နှမ်းခါးကျေးရွာတွင် ၆၆/၁၁ကေဗွီ ဓာတ်အားခွဲရုံကိုလည်း တည်ဆောက်လျက်ရှိသည်။

ဂန့်ဂေါခရိုင်အတွင်း မြို့နယ်များဖြစ်သည့် ဆော၊ ကျောက်ထု၊ ထီးလင်းမြို့နယ်များ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရန် ဓာတ်အားလိုင်းတည်ဆောက်မှုများ၊ ဂန့်ဂေါမြို့နယ်တွင် ကျောဓာတ်အားခွဲရုံနှင့် ဂန့်ဂေါဓာတ်အားခွဲရုံတို့မှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုများ၊ လက်ရှိတည်ဆောက်နေသည့် မြစ်သာတမံဘက်စုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားရရှိသည့်အခါ လုပ်ငန်းဆောင်ရွက်နိုင်ရန် ဂန့်ဂေါဓာတ်အားခွဲရုံတွင် Switch Bay တည်ဆောက်နေမှုများကိုလည်း မကွေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်သန်းက ဇွန် ၁၉ ရက်နှင့် ၂၀ ရက်များက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(၁၀၁)**

## ဧည့်လမ်းညွှန်များအသင်းက မင်းကွန်းဒေသတွင် အရိပ်ရပင် ၂၀၀ ကျော် စိုက်ပျိုး

**မင်းကွန်း ဇွန် ၂၉**

နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်ကြသည့် မင်းကွန်းဒေသတွင် အရိပ်ရသစ်ပင် ၂၀၀ ကျော်ကို မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(မန္တလေးဇုန်)မှ အသင်းဝင်များ ပူးပေါင်း၍ ဇွန် ၂၅ ရက်က စုပေါင်းစိုက်ပျိုးခဲ့ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်းကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ဒေသတွင်းရှိနေထိုင်သူများနှင့် နိုင်ငံအတွက်ပါ အကျိုးရှိစေပြီး ယခုကဲ့သို့ ခရီးသွားဧည့်သည်နည်းပါးသည့် ရာသီတွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် အမှိုက်ကောက်ခြင်းများကို အသင်းအနေဖြင့် နှစ်စဉ်လုပ်ဆောင်လေ့ရှိကြောင်း သစ်ပင်စိုက်ပျိုးရာတွင်ပါဝင်သည့် အသင်းဝင်တစ်ဦးဖြစ်သူ ဧည့်လမ်းညွှန် မယုက ပြောကြားသည်။

"နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေက သစ်ပင်တွေ စိမ်းစိမ်းစိုစိုနဲ့ အမှိုက်မရှိဘဲ သန့်ရှင်းတာကို ကြိုက်ကြတယ်။ ကျွန်မတို့အနေနဲ့လည်း အလုပ်အားတဲ့အချိန်တွေမှာ တတ်နိုင်သလောက်လုပ်ပါတယ်"ဟု ၎င်းကဆိုသည်။

ယခု မင်းကွန်းဒေသ၌ သစ်ပင်စိုက်ပျိုးခြင်းသည် အသင်း၏ ရှစ်ကြိမ်မြောက်လုပ်ဆောင်ချက်ဖြစ်ပြီး ဧည့်လမ်းညွှန်လုပ်ကိုင်နေသူဦးရေ ၈၀ ကျော် ပူးပေါင်းပါဝင်၍ သစ်ပင်များ စိုက်ပျိုးခဲ့ကြကြောင်း၊ ဧည့်လမ်းညွှန်မျိုးဆက်သစ်များအား ဧည့်လမ်းညွှန်ပညာ လက်ဆင့်ကမ်းသင်ကြားပေးခြင်းကိုပါ ထည့်သွင်းလုပ်ဆောင်ခဲ့ကြောင်း သစ်ပင်စိုက်ပျိုးရာတွင် ပါဝင်သည့် ဧည့်လမ်းညွှန် ကိုဝင်းဇော်ဦးက ပြောသည်။

"ဒီလိုသွားရင်းနဲ့ မျိုးဆက်သစ်ဧည့်လမ်းညွှန်တွေအတွက် ဒေသမှာရှိတဲ့ နာမည်ကြီးဘုရားတွေအကြောင်းကို သင်ကြားပေးခွင့်ရခဲ့တဲ့အတွက် သူတို့တွေ အတွေ့အကြုံအများကြီးရလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းကပြောသည်။

သစ်ပင်စိုက်ပျိုးရာတွင် မင်းကွန်းဒေသအတွင်းရှိ မင်းကွန်းပုထိုးတော်ကြီး၊ မြသိန်းတံဘုရားနှင့် အထက(၁)ကျောင်းဝင်းအတွင်း နေရာများ၌ အရိပ်ရနှစ်ရှည်ပင်များဖြစ်သော တရုတ်စကားပင်၊ ဗောဓိပင်၊ စွယ်တော်ပင်၊ စိန်ပန်းပင်နှင့် မယ်ဇယ်ပင်များ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်ရဲသွင်**



## ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးခြင်း အသိပညာပေး

**ကျိုင်းတုံ ဇွန် ၂၉**
ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ရေနံဓာတ်ငွေ့ရည်အိုးများ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းလုပ်ကိုင်သူများအား အသိပညာပေးရှင်းလင်းခြင်းကို ဇွန် ၂၈ ရက်က ကျိုင်းတုံမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ပြည်နယ်ရောင်းဝယ်ရေး အရာရှိရုံး၌ ပြုလုပ်သည်။

ရေနံဓာတ်ငွေ့ကြောင့် ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များကို ကင်းဝေးစေရန် ရည်ရွယ်ချက်ဖြင့် အဆိုပါလုပ်ငန်းလုပ်ကိုင်သူများ သတိပြုလိုက်နာရမည့်အချက်များ၊ လုံခြုံမှုဖြစ်ရမည့်အရာများကို ပညာပေးရှင်းလင်းပြီး တရားဝင်ရောင်းဝယ်ဖြန့်ဖြူးနိုင်ရန် ယာယီလိုင်စင်တွေ အခမဲ့လာရောက်ထုတ်ပေးခြင်းဖြစ်ကြောင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးက ပြောသည်။

အဆိုပါ အသိပညာပေးရှင်းလင်းပွဲသို့ တက်ရောက်သည့် ကျိုင်းတုံမြို့မှ အဆိုပါ လုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းရှင် ၁၀ ဦးကို လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် လိုက်နာရမည့်စည်းကမ်းချက်များရှင်းလင်းခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သိရှိလိုသည်များဖြေကြားခြင်းတို့ ဆောင်ရွက်၍ ဒီဇင်ဘာ ၃၁ ရက်အထိသက်တမ်းရှိသော ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် လိုင်စင်(ဃ)၊ ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းဖြင့် သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းအတွက်လိုင်စင်(င)တို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်း

**ကြာအင်းဆိပ်ကြီး ဇွန် ၂၉**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် ကျေးရွာ ၁၂ ရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇွန် ၂၇ ရက်က ဝါဘိုးကုန်းကျေးရွာ၊ မရိကလကျေးရွာ၊ ကြာအင်းကြီးကျေးရွာ၊ ထီဖိုးနိုင်း(မွန်)၊ ထီဖိုးနိုင်း(ကရင်)ကျေးရွာတို့တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များက ကျေးရွာအဆင့်မြစိမ်းရောင်ကော်မတီဝင်များအား မဲစနစ်ဖြင့် ရွေးချယ်ခြင်းများအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြိတ်မြို့တွင် ဟိုတယ်လုပ်ငန်းသုံးဆိုင်ရာ ထိုင်းဘာသာစကားပြော အခမဲ့သင်တန်း ဖွင့်လှစ်



**မြိတ် ဇွန် ၂၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်လုပ်ငန်းသုံးဆိုင်ရာ ထိုင်းဘာသာစကားပြော အခမဲ့သင်တန်းကို ဇွန် ၂၇ ရက်က မြိတ်မြို့ကန်ဖျားရပ် မြေနီလမ်းရှိ AKM Tourism ရုံးခန်းမ၌ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မြိတ်)ရုံးခွဲနှင့် AKM Tourism တို့ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး ဇွန်၂၇ ရက်မှ ဇူလိုင် ၂၂ ရက်အထိ အပတ်စဉ် တနင်္လာမှ သောကြာနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော့တောင်-စင်ခွန်းနယ်စပ် ယာယီနယ်စပ်ဂိတ်ဖွင့်လှစ်ခဲ့သည့် ၂၀၁၅ ခုနှစ် မေ ၂၃ ရက်ရက်က ထိုင်းလူမျိုးများ မြိတ်မြို့သို့ လာရောက်လည်ပတ်မှုများပြားလာသဖြင့် ဟိုတယ်များတွင် ထိုင်းဘာသာစကားအခက်အခဲဖြစ်နေသည်ကို ဖြေရှင်းနိုင်ရန်နှင့် မိုးတွင်းကာလတွင် အချိန်ယူ၍ ပွင့်လင်းရာသီတွင် အဆင်သင့်ဖြစ်စေရန် ရည်ရွယ်၍ ဟိုတယ်ရှစ်လုံးနှင့် တည်းခိုရိပ်သာသုံးလုံးရှိ ခရီးသွားကဏ္ဍတွင် လုပ်ကိုင်နေကြသည့်ဝန်ထမ်းများအား ဟိုတယ်လုပ်ငန်းသုံးဆိုင်ရာ ထိုင်းဘာသာစကားပြောအခမဲ့သင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထိုင်းလူမျိုးများအနေဖြင့် မြိတ်မြို့သို့ ၂၀၁၅ ခုနှစ်တွင် ၁၅၀၈၅ဦး၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၅၄၄၄ ဦး လာရောက်လည်ပတ်ခဲ့ကြကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မြိတ်)ရုံးခွဲမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# သက်ငယ်အမျိုးသမီးများအား အဓမ္မပြုကျင့်မှုမှ ကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၂၉**
အလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ လူမှောင်ခို၊ လူကုန်ကူးခြင်းနှင့် သက်ငယ်အမျိုးသမီးများအား အဓမ္မပြုကျင့်မှုမှ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၈ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၇) သဇင်ခန်းမ၌ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ အလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စိုး၊ အထက(၇)ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မမထွန်းက လူမှောင်ခိုနှင့်လူကုန်ကူးခြင်း သက်ငယ်အမျိုးသမီးများအား အဓမ္မပြုကျင့်မှုမှ ကာကွယ်ရေးအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# မြိုင်မြို့နယ်လုံးဆိုင်ရာ လူငယ်တွေ့ဆုံပွဲ အခမ်းအနားကျင်းပ

**မြိုင် ဇွန် ၂၉**
မကွေးတိုင်းဒေသကြီးပခုက္ကူခရိုင်- မြိုင်မြို့နယ်လုံးဆိုင်ရာ လူငယ်တွေ့ဆုံပွဲကို ဇွန် ၂၆ ရက်က အမှတ်(၃)ရပ်ကွက် မင်းကျောင်းဘုန်းတော်ကြီးကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် မြိုင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းက နိုင်ငံတော်မှ လူငယ်များနှင့်ပတ်သက်သည့် မူဝါဒများ ချမှတ်ဆောင်ရွက်မည်ဖြစ်၍ လူငယ်များက တင်ပြခြင်း၊ တောင်းဆိုခြင်း၊ လုပ်ငန်းတွေမှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အက်ရှင်အေ့ဒ်မြန်မာ (Acti-onaid Myanmar)၏ အပူပိုင်းဇုန်စီမံကိန်းမန်နေဂျာ ဦးအောင်မင်းနိုင်က လူငယ်တွေအချိန်မဖြုန်းကြရန် ပြည်သူတွေတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ တန်ဖိုးရှိသော လူငယ်များဖြစ်လာစေရန်၊ လူငယ်များကို လုပ်ငန်းများတွင် အသုံးချရန် လိုအပ်ကြောင်းတို့ကိုပြောကြားပြီး၊ MYDO ၏ နောက်ခံအကြောင်းအရာများနှင့် လုပ်ဆောင်နေမှုများကို မရီဌေးက လည်းကောင်း၊ Myaing Youth Forum ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို မောင်တင့်ဇော်ဟိန်းက လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာလူငယ်များအနေဖြင့် လူငယ်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ တွေ့ကြုံရသော အခက်အခဲများ၊ အဖွဲ့အစည်းကွန်ရက်အချင်းချင်း အချိတ်အဆက်များ ပြုလုပ်ဆောင်ရွက်ရန် လူငယ်ကွန်ရက်အဖွဲ့အစည်းများ၊ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများကို မြို့နယ်ဌာနဆိုင်ရာများနှင့် အပြန်အလှန်ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**



**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက်(၁၀၁) လမ်း၌ ရှုပ်ထွေးခတ်ကြိုးများ ရှင်းလင်းခြင်းကို ပြည်သူပါဝင်သောလုပ်ငန်းအဖြစ် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ(စီမံ)နှင့် (အင်/ယာ)၊ မြို့နယ်လျှပ်စစ်မန်နေဂျာ(စီမံ)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ဇွန်လ စတုတ္ထပတ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်စဉ်။**
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ဗိုလ်မှူးကြီးဗထူး၏ ရာပြည့်အထိမ်းအမှတ် ကျင်းပမည်

**ရှာငံ ဇွန် ၂၉**
မျိုးချစ်အာဇာနည်သူရဲကောင်း ဗိုလ်မှူးကြီးဗထူး၏ ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ဗိုလ်မှူးကြီးဗထူးကျဆုံးခဲ့သော ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့တွင် စည်ကားခမ်းနားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ရာပြည့်အခမ်းအနား အထိမ်းအမှတ်စာပေဟောပြောပွဲများကို ဇွန် ၁၀ ရက်မှစ၍ ရွာငံမြို့ဗထူးခန်းမ၌လည်းကောင်း၊ ဗိုလ်မှူးကြီးဗထူး၏ အရိုးအိုးတည်ရှိရာ ရွာငံမြို့နယ် တဲလုကျေးရွာတွင် အထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲနှင့် ဆွမ်းကပ်အမျှဝေပွဲကိုလည်းကောင်း၊ ရွာငံမြို့၌ ဗိုလ်မှူးကြီး ဗထူးကြေးရုပ်နှင့် ရင်ပြင်ဖွင့်ပွဲအခမ်းအနားများကို လည်းကောင်း စည်ကားခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရာပြည့်ပွဲဖြစ်မြောက်ရေးကော်မတီဦးစိုးမြင့်လွင်ထံမှ သိရသည်။

**ထွန်းထွန်းဝင်း(ရွာငံ)**



# မြေဌားဂရန် ထုတ်ပေးနိုင်ရေးအတွက် မြေကွက်များ တိုင်းတာ

**မလှိုင် ဇွန် ၂၉**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေဌားဂရန် ထုတ်ပေးနိုင်ရေးအတွက် မြေကွက်များ တိုင်းတာခြင်းနှင့် ကျေးရွာနယ်နိမိတ်သတ်မှတ်ဆောင်ရွက်ခြင်းတို့ကို ဇွန်လစတုတ္ထပတ်က ကံကြီးကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ကံကြီးကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာ ကွင်းအမှတ် (၂၄၁)၊ မျက်သီးကျင်းကွင်းရှိ မြေကွက်များအား ကွက်စိတ်၊ ကွက်ကျဲတိုင်းတာခြင်းနှင့် ကျေးရွာ နယ်နိမိတ်သတ်မှတ်ခြင်းလုပ်ငန်းများကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးဦးဆောင်၍ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်မြင့်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာဦးသန့်ဇင်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်း တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ရွာသစ်ကလေး ကျေးရွာသည် အိမ်ခြေ အိမ်ထောင်စု ၁၁၇ စုရှိပြီး ကျေးရွာနေပြည်သူများ အိမ်ရာမြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာ (Legal Document)ဖြင့် စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့မှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည် ။

**အောင်ဌေး(မလှိုင်)**

# မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဗဟိုမှ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းပြုလုပ်၍ ကုသမှုများဆောင်ရွက်

**နေပြည်တော် ဇွန် ၂၉**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကိုဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ နာယကဒေါ်ထွေးထွေးညွန့်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်အမာ ဦးဆောင်သောအဖွဲ့သည် ဇွန် ၂၅ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာသို့ သွားရောက်ကာ ရွေ့လျားကျန်းမာရေးဆေးခန်းကိုဆောင်ရွက်ရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယကက အမှာစကား ပြောကြားသည်။

ဆက်လက်၍ လက်ထောက် ဆရာဝန် ဒေါက်တာသက်နိုင်ဦးက သွေးလွန်တုပ်ကွေးရောဂါ သိကောင်းစရာများအကြောင်းကို လည်းကောင်း၊ မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်က ရွေ့လျားကျန်းမာရေးဆေးခန်းဖွင့်လှစ်ရခြင်းနှင့် ကိုယ်ဝန်ဆောင်စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်အကြောင်းကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုရဲမှူးမင်းနိုင်က လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ IPPF စီမံချက်မှ အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်က အန္တရာယ်ကင်းသော ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအကြောင်းကို လည်းကောင်း၊ အသင်းရုံး လက်ထောက်ဆရာဝန်များက ပျိုရွယ်သူကျန်းမာရေးအသိပညာပေးခြင်းကို လည်းကောင်း ဟောပြောခဲ့ကြသည်။

ထို့နောက် ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ကိုယ်ဝန်ဆောင် ၁၃ ဦး၊ သက်ကြီးဘိုးဘွား ၅၆ ဦး၊ မျက်စိလူနာ ၁၂၀ ဦး၊ သွားနှင့် ခံတွင်းလူနာ ၃၁ ဦးနှင့် အထွေထွေလူနာ ၁၅၂ ဦးစုစုပေါင်း ၃၇၃ ဦးတို့ကိုကြည့်ရှုစစ်ဆေးကုသပေးခဲ့ပြီး ညွှန်းပို့ရန်လိုအပ်သော လူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများကို လည်းကောင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တည်ဆောက်ရေးလုပ်ငန်းများတွင် တန်ဖိုးနည်းကွန်ကရစ်နည်းပညာအသုံးပြုနိုင်ရေး ဟောပြော

**ရန်ကုန် ဇွန် ၂၉**




မြန်မာနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများတွင် တန်ဖိုးနည်း ကွန်ကရစ်နည်းပညာကို အသုံးပြုနိုင်ရန်၊ ကွန်ကရစ်ထဲ တွင် ထည့်သွင်းတည်ဆောက်သည့် သံထည်ပစ္စည်းများ သံချေးတက်ခြင်းမှကာကွယ်နိုင်ရန်နှင့် ကွန်ကရစ်၏ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန်အတွက် Fly Ash ပြာမှုန့်ကို ရောစပ်သုံးစွဲနိုင်ရန် နည်းပညာမျှဝေပေးခြင်းဖြစ်ကြောင်း Ashtech မြန်မာကုမ္ပဏီမှ ဦးကျော်ကျော်မင်းက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ဇွန်လ စတုတ္ထပတ်က ကျင်းပသော ကွန်ကရစ်နည်းပညာနှင့်ပတ်သက်သည့် ဟောပြောပွဲတွင် ပြောကြားသည်။

Fly Ash ပြာမှုန့်ဆိုသည်မှာ လောင်စာတစ်ခုသည် အောက်စီဂျင်နှင့်ပေါင်းစပ်လောင်ကျွမ်းပြီး အပူနှင့် အလင်းထုတ်ပေးရာမှ ထွက်ပေါ်လာသည့် ပုံဆောင်မဲ့ပြာမှုန့်များဖြစ်ပြီး သေးငယ်သော အရွယ်ပမာဏရှိပြီး မီးခိုးရောင်ဖြစ်ကာ ကြည်လင်သန့်စင်သော အမှုန့်တစ်မျိုးဖြစ် သည်။ မီးတောင်မှထွက်သော ပြာမှုန် အတိုင်းဖြစ်သည့်ဆီလီကာနှင့် အလူမီနာ ကြွယ်ဝစွာပါဝင်ပြီး ပိုဇိုလန်ပါဝင်သော Fly Ash ပြာမှုန့်သည် တည်ဆောက်ရေးဆိုင်ရာ သရိုးကိုင်တွဲစပ်လုပ်ကိုင်သည့် ထုတ်ကုန်များ၌ လွန်စွာအထောက်အကူဖြစ်စေကြောင်း သိရသည်။

အသုံးပြုသော ဘိလပ်မြေနှင့်ရေအစိုဓာတ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အလွန်သေးငယ်သော အပေါက်ငယ်ကလေးများကို နေရာယူဖာထေးပေးနိုင်ခြင်းကြောင့် ကွန်ကရစ်သက်တမ်းကြာရှည်ခြင်းနှင့် အားကောင်းမှုကိုဖြစ်စေသည်။

တည်ဆောက်ရေးလုပ်ငန်းများတွင် ဘိလပ်မြေဖြင့် ကွန်ကရစ်ဖျော်စပ်ရာတွင် ရောစပ်အသုံးပြုပါက ကွန်ကရစ်အား ကျစ်လျစ်စေ၍ ပိုမိုသိပ်သည်းမှုကို ရရှိစေသည့်အပြင် ရာသီဥတုဒဏ်ကြောင့် ဖြစ်ပေါ်စေနိုင်သည့် ကွန်ကရစ်မျက်နှာပြင်ကွဲအက်မှုများကိုလည်း လျော့နည်းစေကြောင်း သိရသည်။

Fly Ash ပြာမှုန့် ရောစပ်အသုံးပြုခြင်းဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ကွန်ကရစ်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် အဆောက်အအုံ၊ လမ်းတံတားများ ပြုပြင်ထိန်းသိမ်းမှု စရိတ်လျော့နည်းစေနိုင်ပြီးသက်တမ်းကြာမြင့်စွာ ခံနိုင်ရည်ရှိခြင်း၊ ကွန်ကရစ်ဖျော်စပ်မှု အချိန်သက်သာစေခြင်း၊ ကွန်ကရစ်တွန်းပို့ရာတွင် လွယ်ကူချောမွေ့စေခြင်း၊ကွန်ကရစ်ကို သယ်ယူပို့ဆောင်သည့် စက်ယန္တရား၊ ယာဉ်တို့၏ပြုပြင်ထိန်းသိမ်းစရိတ်များ သက်သာစေနိုင်ကြောင်း သိရသည်။

လက်ရှိ နိုင်ငံအတွင်းတည်ဆောက်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဘိလပ်မြေကို ၁၀၀ ရာနှုန်းအသုံး ပြုနေကြပြီး Fly Ash ပြာမှုန့်ကို ဘိလပ်မြေနှင့် ရောစပ်အသုံးပြုပါက ကုန်ကျစရိတ် ၃၀ ရာခိုင်နှုန်းခန့် သက်သာစေနိုင်ကြောင်း သိရသည်။

Fly Ash ပြာမှုန့်တန်ဖိုးသည် ဘိလပ်မြေတစ်အိတ်တန်ဖိုး၏ ထက်ဝက်ခန့်သာရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# လိပ်သိုမြို့ သဲနုကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲအဆင့် တိုးမြှင့်ဖွင့်

**လိပ်သို ဇွန် ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ ထမုံကျေးရွာအုပ်စု သဲနုကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှ အခြေခံပညာမူလတန်းကျောင်းခွဲအဆင့်သို့ ဇွန် ၂၈ ရက်တွင် တိုးမြှင့်သတ်မှတ်ကာ ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သဲနုကုန်းကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က တည်ခဲ့သော်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု မရှိခြင်း၊ လူဦးရေနည်းပါးခြင်းစသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် စာသင်ကျောင်းမရှိသေးသည့်ကာလက မူလတန်းအဆင့် ကျောင်းသားကျောင်းသူများမှာ လေးမိုင်ခန့်ဝေးသော ဖထီးမာကျေးရွာ မူလတန်းကျောင်းသို့ လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများမှာ ခြောက်မိုင်ခန့်ဝေးသော ကျောက်ဖျာ အထကခွဲသို့ လည်းကောင်း သွားရောက် ပညာသင်ကြားနေရသဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျေးရွာနေပြည်သူများမှ မိမိတို့၏ ရင်သွေးငယ်များ၏ ပညာရေးအတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဂျေအေဝင်းမြင့်ဦးစီး၍ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို စတင်ထူထောင်နိုင်ခဲ့သည်။



ယခုအခါ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်းခွဲအဆင့်သို့ ပညာရေးဌာနမှခွင့်ပြုချက်ဖြင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကျေးရွာနေ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် ကျေးရွာနေပြည်သူများ ဝမ်းသာလျက်ရှိပြီး ထပ်မံ၍ ကျောင်းဆောင်သစ်နှင့် ဆရာ ဆရာမ လုံလောက်စွာ ခန့်ထားပေးနိုင်ရေး မျှော်လင့်နေကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိုးဦးကျနှင့်မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများနှိုးဆော်ချက်

၁။ မိုးဦးကျနှင့်မိုးရာသီတွင်-

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုပ်ကောင်ရောဂါများ၊

(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ၊

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါစသည့် ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။

၂။ ဖြစ်ပွားရသည့်အကြောင်းအရင်းများ-

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး စသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း၊

(ခ) အမှည့်လွန်သောအသီးများကိုစားသုံးခြင်း၊

(ဂ) မိုးရွာပြီးရေတင်ရေဝပ်သဖြင့် ရေအိုင် ရေဗွက်ဖြစ်ခြင်း၊ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကိုလိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါကူးစက်ရောဂါများကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှရှောင်ကြဉ်ပါ၊

(ခ) ယင်နားစာများကို စားသုံးခြင်းမှရှောင်ကြဉ်ပါ၊

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်ကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်စားသောက်ပါ၊

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊

(စ) ရေကိုကျိုချက်သောက်ပါ၊

(ဆ) သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေးချက်ပြုတ်စားသုံးပါ၊

(ဇ) ရာသီဥတုနှင့်လိုက်လျောညီထွေစွာ ဝတ်စားဆင်ယင်နေထိုင်ပါ၊

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊

(ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွား ပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသစစ်ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# နိုင်ငံတကာမွေးမြူရေးနှင့် စိုက်ပျိုးရေးဆိုင်ရာပြပွဲ မန္တလေး၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံအထက်ပိုင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလုပ်ကိုင်လာနိုင်စေရန်ရည်ရွယ်လျက် နိုဝင်ဘာလအတွင်း မန္တလေးမြို့၌ မန္တလေးနိုင်ငံတကာမွေးမြူရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ပြပွဲကြီးတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီပြပွဲကြီးကို မန္တလေးမြို့မှာကျင်းပရတဲ့ အဓိကရည်ရွယ်ချက်ကတော့ အထက်မြန်မာနိုင်ငံမှာရှိတဲ့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ နိုင်ငံတကာရဲ့ နည်းပညာသစ်တွေ၊ အတွေ့အကြုံသစ်တွေကို တစ်နေရာတည်းမှာ လေ့လာနိုင်မှာဖြစ်ပါတယ်။ ဒီပြပွဲကြီးမှာ ပညာရှင်တွေကလည်း ဟောပြောမှာဖြစ်လို့ ဗဟုသုတတွေအများကြီးရရှိနိုင်မှာ ဖြစ်ပါတယ်။ တောင်သူအချင်းချင်းလည်း အသိပညာဗဟုသုတတွေဖလှယ်နိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးမြင့်သူက ဇွန်လတတိယပတ်က နိုဗိုတယ်ဟိုတယ်၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါပြပွဲကြီးကို ၂၀၁၆ ခုနှစ်နိုဝင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ မန္တလေးတောင် အပန်းဖြေစခန်းဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ပြီး ပြင်သစ်၊ နယ်သာလန်၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့မှ စိုက်ပျိုးရေး၊ မွေးမြူရေးကုမ္ပဏီများ အပါအဝင် စုစုပေါင်း ပြခန်းပေါင်း ၁၀၀ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းနိုင်ငံတာပြပွဲသည် မန္တလေးမြို့၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး မုံရွာ၊ ရေဦး၊ ရွှေဘို၊ စစ်ကိုင်း၊ မြစ်သား၊ လားရှိုး၊ မတ္တရာ၊ နောင်ချို၊ သီပေါ၊ ပြင်ဦးလွင်၊ သာစည်၊ မိတ္ထီလာ၊ ကျောက်ဆည်နှင့် မြစ်ငယ်မြို့နယ်များမှလာရောက်ကြမည့် တောင်သူဦးကြီးများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လေ့လာသူများအတွက် ကားအကြိုအပို့နှင့် နေ့လယ်စာများပါ စီစဉ်ပေးမည်ဖြစ်သည့်အပြင် ကံစမ်းမဲများလည်း ဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲကြီးကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေး) နှင့် ငွေပင်လယ်မီဒီယာတို့မှ ပူးပေါင်းစီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒလတပ်နယ်မှူးကြီးမှူး၏ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဒလ ဇွန် ၂၉**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒလတပ်နယ်မှူးကြီးမှူး၏ ကျောင်းကျန်းမာရေးစစ်ဆေးကုသခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျောင်းကျန်းမာရေးပညာပေးဟောပြောခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇွန် ၂၈ ရက် နံနက်က ဒလမြို့နယ် သပြေကုန်းကျေးရွာရှိ အထက(ခွဲ)ကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ၌ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဗိုလ်ကြီးသက်တင်ငြိမ်း (ကလေးကုသမှုပါရဂူ)၊ ဗိုလ်ကြီးကျော်ဌေး(ဆေးမှူးခွဲ-၃) နှင့် ဗိုလ်ကြီးတိုးလွင် (သွားဆေးကုဆေးမှူး) တို့က သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွားနှင့်ခံတွင်းရောဂါများနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အကြောင်းများကို ပညာပေးဟောပြောခဲ့သည်။



ထို့နောက် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပြီး နေမကောင်းသူများကို ဆေးဝါးကုသပေးခြင်း၊ မျက်စိ၊ နား၊ နှာခေါင်း စစ်ဆေးခြင်း၊ သွားနှင့် ခံတွင်း စစ်ဆေးပြီး သွားရောဂါရှိသူများအား ကုသပေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် KG တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၈၃ ဦးတို့ကို ကျန်းမာရေး စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော် (ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ ရက် ၁၀၀ စီမံချက် တံတားနှစ်စင်းတည်ဆောက်

**မိုးနဲ ဇွန် ၂၉**

ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင်၊ မိုးနဲမြို့နယ် စည်ပင်သာယာရေး ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆရာစံလမ်း သံကူကွန်ကရစ်တံတားနှင့် စံပယ်လမ်း သံကူကွန်ကရစ်တံတား အလျားပေ ၂၀ ၊ အနံခြောက်ပေ၊ အနက် သုံးပေတံတား နှစ်စင်းအား မိုးရာသီကာလရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန၏ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ၅ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ တံတားနှစ်စင်းအနက် ဆရာစံလမ်း သံကူကွန်ကရစ်တံတား တည်ဆောက်မှုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

စံပယ်လမ်းသံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအား မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝေ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသက်နိုင်ထွန်းနှင့်အဖွဲ့သည် ဇွန် ၂၇ ရက်က လုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# အစားအသောက်၊ဆေးဝါး၊ဆေးပစ္စည်းနှင့် အလှကုန်ဆိုင်ရာ အသိပညာပေး

**တောင်ကြီး ဇွန် ၂၉**

တောင်ကြီးမြို့နယ်တွင် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနန်းဆိုင်ဇင်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဆေးဘက်ကျွမ်းကျင်-၂ ဆေးဝါးတာဝန်ခံ ဒေါက်တာမေအင်ကြင်းလွင်က လူနှင့် တိရိစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကုသရန်၊ ကာကွယ်ရန်၊ သန္ဓေတားရန်(သို့)အကျိုးသက်ရောက်မှုတစ်ခုခု ဖြစ်စေရန် (ခန္ဓာကိုယ်အတွင်း ခန္ဓာကိုယ်အပေါ်တွင် အသုံးပြုရန်ဖြစ်သော ပစ္စည်းကိုဆိုသည်။) ဆေးအမျိုးအစားများ၊ ဆေးဝါး ရောင်းချခွင့် လိုင်စင်လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုးခြင်း၊ ဆေးဝါးရောင်းချခြင်း၊ ထိန်းချုပ်ဆေးဝါးများ ရောင်းချခြင်း၊ ရောင်းချခြင်း မပြုရသည့် ဆေးဝါးများ၊ အမျိုး သားဆေးဝါးဥပဒေများအကြောင်း၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် ဆေးဝါးများ ဝယ်ယူရာတွင် သတိထားသင့်သည့်အချက်များ အကြောင်းတို့ကိုအသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ဆေးရောင်းဆိုင်ပိုင်ရှင်များက သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ကျေးရွာမြေပုံဂရန်ထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်

**တန့်ဆည် ဇွန် ၂၉**

တန့်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အတွင်း ကျေးရွာမြေပုံဂရန်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန်လတတိယပတ်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟုံစိုးတို့ ဦးဆောင်သော မြို့နယ်လုပ်ငန်းအဖွဲ့သည် ခပေါင်းကြိုင်ကျေးရွာအုပ်စု တနယ်ကျေးရွာအား ကျေးရွာမြေပုံဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

တနယ်ကျေးရွာသည် အိမ်ခြေ ၇၈ အိမ်ရှိပြီး ကျေးရွာမြေပုံဂရန်ထုတ်ပေးနိုင်ရေးအတွက် ကျေးရွာနယ်နိမိတ် ကျောက်တိုင်စိုက်ထူခြင်း၊ ကွက်စိပ်/ ကွက်ကျဲတိုင်းတာခြင်းများ၊ ဂရန်လျှောက်လွှာများစိစစ်ခြင်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ညိုထွန်း**

# မော်လမြိုင်ကျွန်းမြို့နယ် ကျက်သရေဆောင်ဗိမာန်တော်ကြီးဖွင့်

**မော်လမြိုင်ကျွန်း ဇွန် ၂၉**

မော်လမြိုင်ကျွန်းမြို့နယ် ကျက်သရေဆောင် ငွေကျပ် ၁၃၅၅ သိန်းတန် ဒေါ်မေမေစိန် ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက်က မော်လမြိုင်ကျွန်းမြို့ ပြည်လုံးချမ်းသာ နှစ်ကျိပ်ရှစ်ဆူ ဆုတောင်းပြည့်ဘုရားကြီးဝင်းအတွင်း၌ ကျင်းပရာ ဗိမာန်တော်တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူးဦးစိုးမြင့်က ဗိမာန်တော်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ စာရင်းကိုင်ဦးတင်အောင်က တည်ဆောက်မှု ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဗိမာန်တော်ကြီးအားမော်လမြိုင်ကျွန်းမြို့ဇာတိဖွား ရန်ကုန်မြို့နေ ဦးလှကြည်- ဒေါ်မေမေစိန် မိသားစုတို့ကငွေကျပ်သိန်း ၁၁၀၀ မတည်လှူဒါန်းပြီး မြို့နယ်အလှူရှင်များက ငွေကျပ် ၂၅၅ သိန်းစုစုပေါင်းငွေကျပ် ၁၃၅၅သိန်းဖြင့် တည်ဆောက်ခဲ့ပြီး အလျားပေ ၁၀၀၊ အနံပေ ၅၀ ရှိ အာရ်စီ ကွန်ကရစ်တစ်ထပ် ဗိမာန်တော်ကြီးဖြစ်သည်။ ယင်းဗိမာန်တော်ကြီးတွင် ဘာသာရေး၊ သာသနာရေးဆိုင်ရာ အခမ်းအနားများ၊ ဘာသာရေးသင်တန်းများနှင့် တရားပွဲများကို အခမဲ့အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**



# စလင်း၌အလင်းရောင်ကောင်း ဝပ်အားနည်းမီးလုံးများတပ်ဆင်ပေး

**စလင်း ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး စလင်း၌ မြို့ပေါ်ရပ်ကွက်အချို့နှင့် စလင်းမြို့၏ဂုဏ်ဆောင် ဝက်သည်းကန်ကြီးမျက်နှာစာရှိ လမ်းမီးတိုင်များတွင်အလင်းရောင်အား ကောင်းပြီး ဝပ်ဆွဲအားနည်းသော LED မီးလုံးများကို ဇွန် ၂၆ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့က တာဝန်ယူတပ်ဆင်ပေးခဲ့သည်။

ဧပြီလကုန်လောက်က စတင်၍ မိုးသက်လေပြင်းများ ကျရောက်ပြီး သစ်သားမီးတိုင်များလဲပြိုခြင်း၊ မီးသီးများကျွမ်းခြင်း ဖြစ်ပေါ်ခဲ့သဖြင့်သစ်သားမီးတိုင်များနေရာတွင် တစ်နှစ်အာမခံကွန်ကရစ်တိုင်များဖြင့် အစားထိုး လဲလှယ်ပေးခဲ့ကာ စလင်းဝက်သည်းကန်လမ်းတွင် အလင်းရောင်ကောင်းဝပ်ဆွဲအားနည်း မီးသီး ၁၀ လုံး တပ်ဆင်ပေးခဲ့သဖြင့် ညဘက်ဘုရားဖူးများနှင့်လမ်း သွားလမ်းလာလူအများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများအားဂုဏ်ပြု

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက်လုံးဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်စိုး(ဖွေးဖွေး-ဆောက်လုပ်ရေးမိသားစုမှ) ၂၀၁၅-၂၀၁၆ ပညာသင် နှစ်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်က ဂုဏ်ပြု ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မီးမီး(လှိုင်)**

# မိုးစပါး ဘဏ်ချေးငွေသန်း ၂၃၂၅၀ အားထုတ်ချေးရန်စီစဉ်

**ဝါးခယ်မ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ၂၀၁၆ မိုးစပါး သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေအား မေ ၂၄ ရက်မှစတင်ကာ အခြေခံစိုက်ပျိုးဧက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝါးခယ်မဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဦးကျော်ဆွေနှင့်ဝန်ထမ်းများက တောင်သူလယ်သမားများသို့ လယ်ယာလုပ်ငန်းအချိန်မီ ချေးငွေစတင်ထုတ်ချေးလျက်ရှိသည်။ အဆိုပါဘဏ်ချေးငွေထုတ်ချေးမှုကို ဝါးခယ်မမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၁၃၂ အုပ်စုသို့ အခြေခံစိုက်ဧက ၁၅၅၀၀၀ အတွက် ချေးငွေသန်း ၂၃၂၅၀ စီအား ထုတ်ချေးသွားရန် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ စီစဉ်ဆောင်ရွက်ထားရှိပြီး ဇွန် ၂၇ ရက်အထိ ကျေးရွာအုပ်စု ၄၀၊ အစုအဖွဲ့ ၁၆၉၄ စု၊ တောင်သူ ၄၉၁၉ ဦး၏ အခြေခံစိုက်ပျိုးဧက ၃၀၁၁၇ ဧကအတွက် ချေးငွေ ကျပ် ၄၅၁၇၅၅၀၀၀၀ အား ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# ကိုယ့်အားကိုယ်ကိုးကြည်ဖြူမေတ္တာလမ်းဖွင့်ပွဲ ပြွန်တန်ဆာမြို့၌ကျင်းပ



**ညောင်လေးပင် ဇွန် ၂၉**
စံဒွန်းကုန်းတံတားသစ်ကြီးကြောင့် သွားလာရန်ခက်ခဲသွားသော အဆင်းအတက်လမ်းကို သွားလာရေးလွယ်ကူချောမွေ့စေရန်အတွက် ဇီးဖြူဘုရားကျေးရွာ ဆရာတော် ဉူးသီရိမမ္မဦးဆောင်၍ ဒေသခံပြည်သူများစုပေါင်းကာ ပူးပေါင်းဆောင်ရွက်ခဲ့သော ကြည်ဖြူမေတ္တာလမ်း အဆင်းအတက်လမ်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့မြို့မ (၄) ရပ်ကွက်ရှိ အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပခဲ့သည်။

လမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးက အမှာစကားပြောကြားပြီး တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းစန်းမြင့်ကလမ်းဖွင့်ရခြင်း ရည်ရွယ်ချက်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ငွေစာရင်းရှင်းတမ်းကို ပြောကြားခဲ့သည်။ ထို့နောက် လမ်းသစ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ပြွန်တန်ဆာ မြို့အုပ်ချုပ်ရေးမှူး ဦးပြည့်မှူးပိုင်၊ ပြွန်တန်ဆာနယ်မြေ ရဲစခန်းမှူး ရဲအုပ်စိုးသိန်း၊ ဇီးဖြူဘုရားကျေးရွာဆရာတော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လမ်းသည် အရှည်ပေ ၇၀၊ အကျယ် ၁၈ပေရှိပြီး သံကူကွန်ကရစ်လမ်းဖြစ်ကာ ဒေသခံပြည်သူများစုပေါင်းထည့်ဝင်အလှူငွေကျပ် ၅၈ သိန်းခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# နိုင်ငံခြားပျားမျိုး ပျားရည်ထုတ်လုပ်တင်ပို့မှုအဆင်ပြေ




**မြစ်သား ဇွန် ၂၉**
မြန်မာပြည်ရှိ ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မွေးမြူရေး လုပ်ငန်းများအနက် နိုင်ငံခြားပျားမျိုးများကို တစ်ပိုင် တစ်နိုင် မွေးမြူပြီး ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနေရသဖြင့် အဆင်ပြေကြောင်း ပျားမွေးမြူရေးလုပ်ငန်းရှင်များက ပြောသည်။

"မွေးမြူရေးပျားမျိုးဟာ ဥရောပက ပျားမျိုးတွေကို မှာယူဝယ်ရတာပါ။ ဝယ်ယူတဲ့အခါမှာလည်း သူတို့နိုင်ငံမှာ ပျားရည်ထုတ်လုပ်နိုင်မယ့် ပျားများဖြစ်ဖို့ကို ပျားဗျူဟာလို့ခေါ်တဲ့ စမ်းသပ်နည်းတွေနဲ့ ပထမဆုံး စမ်းသပ်ခဲ့တာပါ။ သူတို့နိုင်ငံမှာ အောင်မြင်တဲ့ပျားဖြစ်ဖို့ နေကြာခင်းတစ်ခင်းရဲ့ အလယ်ဗဟိုမှာ သံဆန်ခါလိုဟာမျိုးကိုကာပြီး ပျားအုံလာရောက် တည်အောင် လုပ်ရတာပါ။ လာရောက်တည်တဲ့ ပျားအုံဆိုရင် အောင်မြင်တဲ့ ပျားလို့ သတ်မှတ်ပြီး မွေးမြူရေးပျားတွေအဖြစ် မြန်မာနိုင်ငံမှာ ပြန်လည်တင်ပို့ရောင်းချပေးနေခဲ့တာပါ။ ကျွန်တော်တို့က နိုင်ငံခြားပျားမွေးမြူရေးကုမ္ပဏီကတစ်ဆင့် ပြန်ဝယ်ပြီး မွေးမြူတာပါ။ မွေးမြူရေး နိုင်ငံခြားလုပ်သားပျားချပ်တစ်ချပ်ကို ယခင်နှစ်က ငွေကျပ် တစ်သောင်းကျော်ခန့်ပေးဝယ်ယူရတာပါ။ ပျားရည်ဖြစ်ဖို့ဆိုရင် လုပ်သားပျားချပ်တွေထဲကို (ပျားဘုရင်မ)တစ်ကောင်ဆီထည့်ပေးရတာပါ။ ပျားဘုရင်မထည့်ပြီး (၃-၄) ရက်ဆိုရင် မိတ်လိုက်ကြပါတယ်။ မိတ်လိုက်သည့်အခါမှာ ပျားအုံအတွင်းမှာ မိတ်လိုက်တာ မဟုတ်ဘဲ ကောင်းကင်ပေါ်မှာ မိတ်လိုက်ကြပြီး မိမိနေရာ ပျားချပ်အိမ်အတွင်းကိုပဲ ပြန်လာတာပါ။ ပျားအိမ်တစ်အိမ်ဆိုရင် ပျားချပ်ရှစ်ချပ် ထားပေးရတာပါ။ မိတ်လိုက်ပြီးအောင်တာနဲ့ ပျားချပ်အတွင်းမှာ တစ်နေ့ကို ဥပေါင်းနှစ်ထောင်လောက်ချပါတယ်။ ထိုမှတစ်ဆင့် ဝတ်ရည်ခြွေပြီး ရောင်းတန်းဝင် ပျားရည်ဖြစ်ဖို့ အဆင့်ဆင့်ပြုလုပ်ပေးရတယ်။ ပျားရည်ဈေးနှုန်းအနေနဲ့ ယခင်နှစ်က တစ်ပိဿာကို ငွေကျပ် ၃၀၀၀ ကျော်လောက် ကုမ္ပဏီကို ပြန်သွင်းရပါတယ်။ ဒီနှစ်တော့ ဈေးကျတယ်ပြောပါတယ်။ ကျွန်တော်တို့က တောင်သူတွေပါ။ ရာသီဥတုမကောင်းတော့ စိုက်ပျိုးသီးနှံတွေ မအောင်မြင်ဘူး။ ဒါကြောင့် တစ်ပိုင်တစ်နိုင် နိုင်ငံခြားပျားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရတာ အဆင် ပြေပါတယ်"ဟု မြစ်သားမြို့နယ်မှ နိုင်ငံခြားပျားမွေးမြူရေး လုပ်ငန်းရှင် ကိုတင်လင်းထံမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

# အနော်ရထာလမ်းဖြတ်တယ်လီဖုန်းကြိုးအစုအဝေးပြုတ်ကျ၍ လမ်းမတော်လမ်းဆုံအနီး ယာဉ်ပိတ်ဆို့မှုဖြစ်



**ရန်ကုန် ဇွန် ၂၉**
ဇွန် ၂၈ ရက် နံနက်ပိုင်း ၁၀ နာရီက ၁၅ လမ်းထိပ်ရှိ အနော်ရထာလမ်းဖြတ် တယ်လီဖုန်း ကြိုးအစုအဝေးသည် ကားလမ်းပေါ်သို့ပြုတ်ကျမှုကြောင့် ယာဉ်အသွားအလာ မိနစ် ၄၀ ခန့် ပိတ်ဆို့မှုကြုံတွေ့ခဲ့ရသည်ဟု ယင်းနေရာအနီး အလုပ်လုပ်ကိုင်နေသူဦးပုက ပြောသည်။

ကားလမ်းပေါ်သို့ယင်းဖုန်းကြိုးများ ပြုတ်ကျစဉ် ယာဉ်အနိမ့်များနှင့်ယာဉ်လုပ်သားများပါသော လိုင်းကားကြီးများအနေဖြင့် ယာဉ်ခေါင်မိုးပေါ်လူတက်၍မယူ သွားလာနေရသည်ကို မြင်တွေ့ရသည်။ ဖုန်းကြိုးများ၏အလေးချိန်များသဖြင့် ဖြတ်သန်းသွားနိုင်သော ယာဉ်ထက်စောင့်ဆိုင်းနေရသော ယာဉ်တန်းမှာပိုမိုများပြားလာသည်ကို မြင်တွေ့ရသည်။

ဆက်သွယ်ရေးဝန်ထမ်းများ လာရောက်ပြီး ကားလမ်းဖြတ်ဖုန်းကြိုးများ ဖြတ်တောက် ဖယ်ရှားပေးပြီးချိန် နံနက်ပိုင်း ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် ယာဉ်များ ပုံမှန်အတိုင်းသွားလာနိုင်ခဲ့သည်။

ရန်ကုန်မြို့တွင်းရှိ ကားလမ်းများတွင် လမ်းဖြတ်တယ်လီဖုန်းကြိုးများ ယာဉ်တိုက်မှုကြောင့်လည်းကောင်း၊ လမ်းဘေးရှိတိုင်များကျိုး၍လည်းကောင်း၊ ကားလမ်းများပေါ်ကျရောက်ချိန်တွင် လျှပ်စစ်ကြိုးကဲ့သို့အန္တရာယ်မရှိသော်လည်း ကားလမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်တတ်သည်။

လမ်းမတော်မြို့နယ် အနော်ရထာလမ်းမဖြတ်တယ်လီဖုန်းကြိုးအစုအဝေးသည် နံနက်ပိုင်း ၄ နာရီဝန်းကျင်ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်ကြီး တစ်စီးပေါ်ပါပစ္စည်းများနှင့်ထိမိ၍ လမ်းဘေးတိုင်ကျိုးကာလမ်းပေါ်သို့ပြုတ်ကျသည့်ဖြစ်စဉ် ၂၀၁၅ ခုနှစ်အတွင်းလမ်းမတော်မြို့နယ် ဝါးတန်းမီးပွိုင့်နှင့်ရွာသစ်ချောင်းလမ်းဆုံမီးပွိုင့်ကြားတွင် ဖြစ်ပွားခဲ့သည်။ တယ်လီဖုန်းကြိုးများ ဖြတ်တောက်၍လမ်းဘေးတစ်ဖက်တစ်ချက်တွင် စုပုံထားပြီးမှ ကားလမ်းပေါ်တွင်ယာဉ်များ သွားလာ၍ရခဲ့သည်ဟု ဝါးတန်းလမ်းအနီးနေထိုင်သူတစ်ဦးက ပြောသည်။

ယင်းသို့သော ကားလမ်းဖြတ်တယ်လီဖုန်းကြိုး အစုအဝေးများသည် အလေးချိန်အား ဖြင့် များပြားနေတတ်ရာ ယာဉ်တိုက်မှုဖြစ်စေ၊ လမ်းဘေးတစ်ဖက်တစ်ချက်ရှိတိုင်များကြံ့ခိုင်မှုအားနည်း၍ဖြစ်စေ၊ ကားလမ်းများပေါ် ကျရောက်တတ်သည့်ဖြစ်စဉ်များရှိနေကြောင်း သိရသည်။

**ခင်ဆိုင်**

## မိတ္ထီလာ အထက(၁)တွင် သပြေ စာသင်ကျောင်းဆောင်သစ်ဖွင့်

**မိတ္ထီလာ ဇွန် ၂၉**
မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောက်လုပ်သည့် သပြေစာသင်ကျောင်းဆောင် သစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက်က ယင်းကျောင်းဆောင်သစ်အနီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်း သပြေကျောင်းဆောင်သစ်ကို ဒုတိယမြို့နယ်ပညာရေးမှူးဦးခင်မောင်ဌေး၊ ကျောင်းအုပ်ကြီး ဦးကြည်ဝင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးချိုပြုံးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းကျောင်းဆောင်သစ်မှာ အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အာရ်စီနှစ်ထပ်အမျိုးအစားဖြစ်ပြီး စာသင်ခန်းစုစုပေါင်း ရှစ် ခန်းပါဝင်သည်။ မိတ္ထီလာ အထက (၁)တွင် ယခု ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် ကျောင်းသားပေါင်း ၃၅၈၀ ဦး တက်ရောက်ပညာသင်ကြားနေပြီး ယခင်က စာသင်ကျောင်းဆောင်ပေါင်း ၅ ဆောင် ကျောင်းခန်းပေါင်း ၆၆ ခန်းရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မုံရွာအကျဉ်းထောင်တွင် ကူးစက်ရောဂါအကြောင်း ပညာပေး

**မုံရွာ ဇွန် ၂၉**
အကျဉ်းဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ကာလသားရောဂါနှင့် ခုခံအားကျ ကူးစက်ရောဂါအကြောင်း ပညာပေးဟောပြောဆွေးနွေးခြင်းကို ဇွန် ၂၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အကျဉ်းထောင်တွင် ကျင်းပခဲ့သည်။

ပညာပေးဆွေးနွေးပွဲတွင် မုံရွာအကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်က အမှာစကားပြောကြားရာတွင် အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံနေကြရသော်လည်း ပြင်ပနယ်ပယ်ကို ရောက်ရှိသည့်အခါတွင် လိင်နှင့်ပတ်သက်သည့် အသိပညာများကို သိရှိထားရန်လိုကြောင်း၊ သို့မှသာ သတိပြုဆင်ခြင်နိုင်ပြီး မိမိတို့၏ မိသားစုဘဝများ လှပသာယာနိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာခင်စန္ဒာအောင်က လိင်နှင့်ပတ်သက်သည့် ကာလသားရောဂါနှင့် ခုခံအားကျ ကူးစက်ရောဂါအကြောင်းများနှင့် အဆိုပါကူးစက်ရောဂါများ မဖြစ်ပွားအောင် ဆောင်ရန်၊ ရှောင်ရန်များ၊ သတိပြုလိုက်နာရမည့် အချက်များကို အကျယ်တဝင့် ပညာပေးဟောပြော ဆွေးနွေးခဲ့သည်။

**(ဖိုးချမ်း-မုံရွာ)**

## ကရင်ပြည်နယ်တွင် ယခုနှစ်အတွင်း မူးယစ်ဆေးဝါး ၂၉၅ မှု ဖမ်းဆီးခဲ့

**ဘားအံ ဇွန် ၂၉**
ကရင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် တစ်နှစ်တာကာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အမှုပေါင်း ၂၉၅ မှုရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးရမိမှုများမှာ တရားခံပေါင်း ၄၇၆ ဦးအား စိတ်ကြွရူးသွပ်ဆေး (ဆယ်သိန်းသုံးသောင်း ကိုးထောင် ရှစ်ရာ ငါးဆယ် ခုနှစ်ပြား၊ ဆေးခြောက် (နှစ်ထောင့်ခုနစ်ရာသုံးဆယ့်နှစ်ဂရမ်)၊ ဘိန်းစိမ်း(ခုနစ်ကီလို)၊ ICE (တစ်ထောင့် လေးရာ့ငါးဂရမ်)၊ မူးယစ်ဆေးဝါးတန်ဘိုးငွေကျပ် (သန်းပေါင်းသုံးထောင်နှစ်ရာလေးဆယ့်ရှစ်သိန်း)၊ ငွေကျပ်(သုံးရာကိုးဆယ့်ငါးသိန်းကျော်)၊ လက်နက်မျိုးစုံ(၃၁)လက်၊ ကျည်မျိုးစုံ (၄၁၆)တောင့်၊ လက်ပစ်ဗုံး(၅)လုံး၊ မိုင်း(၇)လုံးတို့နှင့်အတူ ဖမ်းဆီးနိုင်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လမ်းမြေပေါ် ရောင်းချနေသည့်ဈေးဆိုင်များအားရှင်းလင်း

**သီပေါ ဇွန် ၂၉**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မောက်ကိုဆွဲခန်းမနှင့် မြောက်ကျောင်းကြားရှိ လမ်းခြောက်ခွဆုံတွင် လမ်းမြေဧရိယာကိုကျူးကျော်၍ရောင်းချနေသော ဈေးသည်များကြောင့် အများပြည်သူသွားလာရေးခက်ခဲနေသဖြင့် ဇွန်လ စတုတ္ထပတ်က မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန ဒုဦးစီးမှူး (ဈေး) ဦးကျော်ကိုကို ဦးဆောင်ကာ ဈေးဝန်ထမ်းများနှင့် လမ်းမြေပေါ်တွင် ဈေးရောင်းနေသော ဈေးဆိုင်များကို ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇွန် ၂၉**
တာမွေမြို့နယ် ကျိုက္ကဆံလမ်းနှင့် သမိန် ဗရမ်းလမ်းတို့ပေါ်တွင် ယာဉ်မရပ်ရနေရာများ၌ စည်းကမ်းမဲ့ရပ်ထားသော မော်တော်ယာဉ်များကို ဇွန် ၂၇ ရက်က ယာဉ်ထိန်းရဲ၊ မြို့နယ်စည်ပင်တို့ ပူးပေါင်း၍ အရေးယူဆောင်ရွက်မှု ပြုလုပ်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ချလန် ၁၅ စီး၊ ကရိန်းဆွဲ လေးစီး စုစုပေါင်း ၁၉ စီးကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှလှ**

# ရခိုင်ပြည်နယ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ယခင်နှစ်များထက်တိုးလာ

**စစ်တွေ ဇွန် ၂၉**

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်နယ်တွင်းရှိသော နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ရဲတပ်ရင်းကွပ်ကဲမှုအဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ဖမ်းဆီး ရမိမှုတိုးလာကြောင်း ဇွန် ၂၆ ရက် နံနက်က ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ပြည်နယ်ရဲမှူးကြီး ဦးစိန်လွင်က ပြောကြားခဲ့သည်။



ရခိုင်ပြည်နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားအမြောက်အမြား ဖမ်းဆီးရမိလေ့ရှိပြီး ဆေးခြောက်၊ အက်ဖီတမင်း၊ ဖင်ဆီဒိုင်းနှင့် ဖြူပရီနော်ဖင်းများကိုလည်း ဖမ်းဆီးရမိလေ့ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်တွင်းသို့ မန္တလေး၊ ရန်ကုန်၊ ပြည်မှတစ်ဆင့် တောင်ကုတ်နှင့် အမ်းကားလမ်းမှ ဝင်ရောက်လေ့ရှိပြီး စစ်တွေမြို့မှတစ်ဆင့် ဘူးသီးတောင်၊ မောင်တောနယ်စပ်မြို့များသို့လည်းကောင်း၊ အငူမော်ကားလမ်းမှမောင်တောသို့လည်းကောင်း၊ စစ်တွေနှင့် တောင်ကုတ်မှ တစ်ဖက်နိုင်ငံသို့ ရေကြောင်းဖြင့်လည်းကောင်း သယ်ယူပို့ဆောင်လေ့ရှိကြောင်း သိရသည်။

မောင်တောမြို့နှင့် စစ်တွေမြို့တို့တွင် ဖမ်းဆီးရမိမှုပိုများကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင်မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုသည် အခြားပြည်နယ်နှင့်တိုင်းများထက် နည်းပါးသော်လည်း ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းနှိမ်နင်းမှသာ မူးယစ်အန္တရာယ်မှ ကင်းဝေးမည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြည်နယ်ရဲမှူးကြီးက ပြောသည်။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် ဇွန်လလယ်အထိ ဖမ်းဆီးရမိမှု ၈၁ မှုရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၄ မှု၊ ဆေးခြောက်မှု ၂၀၊ ဖြူပရီနော်ဖင်းခြောက်မှု၊ ဖင်ဆီဒိုင်းတစ်မှုရှိခဲ့ကြောင်း ပြည်နယ်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့မှ သိရသည်။

**မြတ်ဝေ**

# အမှတ်(၁၂)ကာကွယ်ရေးပစ္စည်းစက်ရုံ အထက်တန်းကျောင်းခွဲအဆင့် တိုးမြှင့်

**သရက် ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ အမှတ် (၁၂) ကာကွယ်ရေးပစ္စည်းစက်ရုံ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၂၇ ရက် နံနက်က အဆိုပါစက်ရုံအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

အခြေခံပညာအထက်တန်းကျောင်းခွဲဆိုင်းဘုတ်ကို အမှတ်(၁၂) ကာကွယ်ရေးပစ္စည်းစက်ရုံစက်ရုံမှူး ဗိုလ်မှူးကြီးဌေးမြင့်၊ သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးနှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဆုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



ဆက်လက်၍ မိဘဆရာအသင်းဥက္ကဋ္ဌ အမှတ်(၁၂) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ စက်ရုံမှူးနှင့် မြို့နယ်ပညာရေးမှူး၊ အထက်တန်းကျောင်းခွဲပင်မ အထက(၁) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ရွှေတို့က အမှာစကားပြောကြားပြီး အထက်ကျောင်းခွဲကျောင်းအုပ်ဆရာကြီးဦးအောင်ကျော်ဦးက အထိမ်းအမှတ်အလံများပေးအပ်သည်။

ထို့နောက်ကပစ(၁၂)မှစက်ရုံမှူးကြီးနှင့် အရာရှိအရာခံအကြပ် တပ်သားများက ကျောင်းပဒေသာပင် ရန်ပုံငွေကျပ် ၃၉၁၉၀၀၀ ကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံယူခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## မြန်မာ့အလင်း
## စာတည်းထံပေးစာများ

### အမှိုက်များစုပြုံပုပ်သိုးနေ၍ နေအိမ်တိုက်ခန်းများရေမြုပ်

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၅)ရပ်ကွက်အတွင်းရှိ နေအိမ်တိုက်ခန်းများသည် မိုးကောင်းစွာ မရွာသေးသည့် ယခုကာလတွင် ရေမြုပ်ခြင်း ဒုက္ခကို ခံစားနေရပါသည်။ မိုးကောင်းစွာရွာသည့် ကာလရောက်ပါက ရေမြုပ်ခြင်းဒုက္ခကို တစ်မိုးတွင်းလုံး ခံစားရမည်မှာ အမှန်ဖြစ်နေပါသည်။

ယင်းသို့ဖြစ်ရခြင်းမှာ သုဝဏ္ဏ(၂၅)ရပ်ကွက်နှင့် သုဝဏ္ဏပန်းခြံ ပေါ်ဆန်းမွှေးလမ်းထောင့်အား ဆက်သွယ်ဖောက်လုပ်ထားသည့် သံသုမာလမ်းရှိ ရေနုတ်မြောင်းနှင့် မင်းဒင်လမ်းနှင့် မီးဒုံးလမ်းကြား(လျှပ်စစ်ထရန်စဖော်မာဘေး) ရေနုတ်မြောင်းနှစ်ခုတို့မှ ရေကောင်းစွာမစီးဆင်းဘဲ ရေနုတ်မြောင်းများအတွင်း အမှိုက်များစုပြုံပုပ်သိုးနေသဖြင့် ယင်းရေနုတ်မြောင်းနှစ်မြောင်းကို သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

### သားသတ်ရုံမှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နိုင်

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းနှင့်တာပေါင်ကြားလမ်း ပျဉ်းမနား တောင်ဘက်ထိပ် ကျောင်းစု(တောင်) ရပ်ရှိ သားသတ်ရုံနှင့် နွားလှောင်ထားသည့်တဲမှ ထွက်ရှိသောရေဆိုးများကို စနစ်တကျဖောက်ထုတ် ခြင်းမရှိသဖြင့် အရှေ့ဘက်ရှိဝိုင်းများအတွင်းသို့စီးဆင်းလျက်ရှိရာ နေ့စဉ် အနံ့ဆိုးများကို ပတ်ဝန်းကျင်မှ ရှူရှိုက်နေရပါသည်။ သို့ဖြစ်၍ အဆိုပါ သားသတ်ရုံအား သက်ဆိုင်ရာမှ ရွှေ့ပြောင်းပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူများ**

### နေ့ရောညပါလုပ်ကိုင်နေသည့် လုပ်ငန်းကြောင့် အိမ်ရာနေမိသားစုများ ဓာတ်အားမလုံလောက်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်ရှိ ကန်တော်လေးအိမ်ရာမှ တိုက်အမှတ်(၅၈) မြေညီထပ်တွင် ပန်းထိုးစက်မှုလုပ်ငန်းကို ညလုံးပေါက်နှင့် တစ်နေ့ခင်းလုံးနီးပါး လျှပ်စစ်မရသည့်အချိန် မီးစက်ကြီးမောင်း၍ လုပ်ကိုင်လျက်ရှိပါသည်။

အဆိုပါစက်ရုံသည် လျှပ်စစ်ဓာတ်အား ၄၄၀ ဗို့ရရှိအောင် နည်းလမ်းသုံး၍ ဝန်အားမမျှ လုပ်ဆောင်အသုံးပြုနေသဖြင့် ပတ်ဝန်းကျင်တိုက်ခန်းများတွင် ဓာတ်အားကျဆင်းမှုများရှိခဲ့ရာ ရာသီဥတုပူပြင်းခဲ့သည့်အချိန်၌ ဓာတ်အား(၁၁၀မှ ၁၅၀ဗို့) ဝန်းကျင်သာရသည့်အပြင် စက်ဆွဲအားများကြောင့် လျှပ်စစ်ဓာတ်အားအတက်အကျဖြစ်စဉ်များလွန်း၍ အပူလွန်ကဲကာ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ကျခြင်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ လောင်ကျွမ်းခြင်းဖြစ်ခဲ့သည့်အတွက် မီးဘေးအန္တရာယ်စိုးရိမ်နေရပြီး အိမ်ရာစည်းကမ်းနှင့်မကိုက်ညီခြင်း၊ လူနေရပ်ကွက်အတွင်း စည်းကမ်းမဲ့စွာလုပ်ဆောင်နေခြင်းများသည် မသင့်လျော်သည့်အပြင် စက်၏အသံနှင့်တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများကို စိတ်အနှောင့်အယှက်ဖြစ်ရသဖြင့် စည်းကမ်းနှင့်မကိုက်ညီသောအဆိုပါစက်ရုံကို သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အိမ်ရာနေမိသားစုများ**

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) အဲ့ဂ်ျစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၂၊ ၀၂-၆၀၂၉၁ |
| | | | | | မြို့မ ၀၂-၃၉၁၃၆၊ ၀၂-၃၉၁၃၇ |
| မင်္ဂလာစံပြု ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၉၀၁၁၅၅ ၀၉၂၆၁၉၀၁၁၆၆ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ |

ပြန်ခေါ်သတိဗေ
(ရန်ကုန်)
သမ္မတ၊ သွင်
မင်္ဂလာ(၁)၊ မင်္ဂလာစံပြု
TOP ROYAL
(မန္တလေး)- ဝင်းလိုက်၊ မြို့မ
(ပြည်) - မင်္ဂလာထွန်းသီရိ

NOW YOU SEE ME 2
(ရန်ကုန်)
ရွှေဆောင်(၁)၊ မင်္ဂလာစံပြု
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း

1920 LONDON
(ရန်ကုန်)နေပြည်တော်(၃)

INDEPENDENCE DAY RESURGENCE(3D)
(ရန်ကုန်)
နေပြည်တော်
မင်္ဂလာ(၂)၊ မင်္ဂလာစံပြု
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း
(ပြည်)
မင်္ဂလာထွန်းသီရိ

HOUSEFULL 3
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း

WARCRAFT (3D)
(ရန်ကုန်)- နေပြည်တော်(၂)

ကျွန်တော် ကျွန်မ ယောကျ်ား ဗိုက်ကြီးသယ်
(ရန်ကုန်) - ရွှေဆောင်(၂)
မင်္ဂလာဝဇီရာ(လှိုင်သာယာ)

၁ . ၇ . ၂၀၁၆ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတိပြု - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ



# "မွေးနေ့ဆုမွန်ကျေးဇူးတင်လွှာ"

၅ . ၄ . ၂၀၁၆ ရက်နေ့တွင် **Sedona Hotel Grand Ballroom** တွင်ကျင်းပ ပြုလုပ်သော **TYY Group Of Companies** ဉက္ကဋ္ဌ "သုဓမ္မမဏိဇောတဓရ" ဦးသက်ဆွေ၏ မွေးနေ့မင်္ဂလာ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ခဲ့ကြသော သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝန်ထမ်းများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော **သရုပ်ဆောင် Model ဇေယျ နှင့် မမေစံပယ်** အားလည်းကောင်း၊ ပွဲစီစဉ်သူ **Super Stars Model Agency** မှ **ဦးချိုကြီးနှင့် မိတ်ကပ်ဇော်ဇော် (ထီလာ)** ၊ **ကိုဇော်မင်းတို့**အားလည်းကောင်း၊ **ပွဲစချိန်မှပွဲဆုံးချိန်ထိတက်ရောက်ပေးသော အကယ်ဒမီများရှင် ကိုရန်အောင်**အားလည်းကောင်း၊ သီးသန့်လာရောက် ဖျော်ဖြေပေးသောနိုင်ငံကျော် Top Make Up Artists များဖြစ်ကြသော **မိတ်ကပ်ကိုမာ၊ မိတ်ကပ်စိုးစိုး၊ လင်းလင်း (ပန်းအလှ)၊ သော်သော်မြင့်မိုရ်၊ ကိုဝင်းမြင့်နှင့်** အိန္ဒိယအကပညာရှင် **အသဲလေး** အားလည်းကောင်း ၊ ဧည့်ခံ တီးခတ်ပေးခဲ့ကြသော Immotal Band နှင့် သီဆိုဖျော်ဖြေပေးသောအကယ်ဒမီများရှင် **ကိုရန်အောင် ၊ ချစ်ကောင်း ၊ ရဲရင့်အောင် ၊ ဝန ၊ ဝေလ ၊ အောင်ထက် ၊ ဖြိုးပြည့်စုံ ၊ သားဂန်း ၊ Model ဆက်နိုင် ၊ ဝိုင်းစုခိုင်သိန်း ၊ နီနီခင်ဇော် ၊ အမွန်း ၊ ချာချာ & Dancer အဖွဲ့ ၊ Fashion Paris** ဆိုင် ဝတ်စုံများဖြင့်လှပသော Show ကိုတင်ဆက်ပေးပါသော **Super Stars Model Agency** မှ **Super Model**များအားလည်းကောင်း ၊ ထူးခြားသောတင်ဆက်မှုများဖြင့်ဖျော်ဖြေပေးသော **Jade Dragon Dancers အဖွဲ့** ၊ **DJ ကိုဖြိုးမောင်** ၊ **မြန်မာ့ချစ်သူအကအဖွဲ့** ၊ **ဓာတ်ပုံဗွီဒီယိုမှတ်တမ်း တင်ပေးပါသော Yes I Do** အဖွဲ့ ၊ **Sedona Hotel Manager** နှင့် ဝန်ထမ်းများအားလည်းကောင်းကျေးဇူးတင်ထိုက်သူ များအားလုံးကိုလည်းအထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။

သုဓမ္မမဏိဇောတဓရ ဦးသက်ဆွေ + ဒေါ်ယမင်းကိုကို မိသားစု

( TYY Group Of Companies)



အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow

**SEOUL - Korea Language School**
**EPS - TOPIK**
(ကိုရီးယားဘာသာစကားအရည်အချင်းစစ် စာမေးပွဲ)

"ရှုးသွပ်သော လူကိုရှာချင်တယ်"
လောကမှာ အလကားရမယ့် အလုပ်တွေမရှိဘူး၊ (၅)လ ကြိုးစားပြီးမှ တစ်ဘဝလုံး ပြောင်းလဲကြရအောင် "ကိုရီးယားနိုင်ငံကို တကယ်သွားချင်တဲ့သူလာခဲ့ပါ။"
ပညာအရည်အချင်းမလိုဘဲ သင်လည်း ကိုရီးယားကို ပိုက်ဆံရှာဖို့ သွားကြစို့။

- လစာ (၁၈)သိန်းဝန်းကျင် ရရှိသော အာမခံချက်။
- မြန်မာစကား ကျွမ်းကျင်စွာပြောနိုင်သော ကိုရီးယားလူမျိုး ဆရာ KIM ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်။
- ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲအောင်မြင်သည်အထိ တာဝန်ယူ သင်ကြားပေးနေပါသည်။

တန်းခွဲသစ်များ ၁၂-၇-၂၀၁၆ ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။
[သင်တန်းကာလ (၅) လ] "တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်ပါ။"

လိပ်စာ - အမှတ် (B/30)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ရန်ကုန်မြို့။
ဖုန်း - 01-512 804, 097-9583-2100, 092-5982-8585, 09-3292-8585.
ပွင့်တောင် - 01-397502, 09-5150582.

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**လုံခြုံရေးကုမ္ပဏီတွင်တာဝန်ထမ်းဆောင်ရန်ဝန်ထမ်းအမြန်အလိုရှိသည်**
လုံခြုံရေးဝန်ထမ်း (ကျား) (၁၅၀,၀၀၀) ကျပ် + (၃၀,၀၀၀) ကျပ်
ကြီးကြပ်ရေးမှူး (ကျား) (၂၀၀,၀၀၀) ကျပ် + (၃၀,၀၀၀) ကျပ်
ရုံးဝန်ထမ်း (မ - ကွန်ပျူတာကျွမ်းကျင်) (၂၀၀,၀၀၀) ကျပ် + (၃၀,၀၀၀) ကျပ်
*အသက် ၂၁ နှစ် နှင့် ၄၅ နှစ်ကြား ၊ အင်္ဂလိပ်စကားပြောဆိုနိုင်ရမည်
Phaung Phaung Services , Ph : 09 - 7320 7848, 09 - 508 797 1, 09 - 45 508 7971 , Email : phaungphaung.vacancy@gmail.com

**ခေတ်မီ RC နှစ်ထပ်လုံးချင်းရောင်းမည်**
သာကေတရုပ်ရှင်ရုံ + KBZ Bank + ရွှေပွင့် + Capital + Orange Supermarket တို့နှင့် အနီးဆုံးတွင်ရှိသော ထူပါရုံ ၁၆လမ်း လမ်းသန့် မြေအကျယ် ၂၅ x၆၀ပေ ခြံထဲတွင် ကားပါကင် ၂စီးစာပါရှိသည်၊ မီသားစုနေထိုင်ရန် အကောင်းဆုံးနှင့် အတန်ဆုံးနေရာ။ ဈေးနှုန်း ၁၅၅၀ သိန်း (ညှိနှိုင်း) ဖုန်း - ၀၉ ၅၀၅၆၃၆၂

**MYANMAR FAMOUS BRANDS EXPO & PROMO 2016**
မြန်မာ့နာမည်ကျော် ကုန်ပစ္စည်းအမှတ်တံဆိပ်များ ပြပွဲနှင့် အရောင်းမြှင့်တင်ပွဲတော် ၂၀၁၆

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၉.၇.၂၀၁၆ မှ ၁၀.၇.၂၀၁၆။ |
| ကျင်းပမည့်အချိန် | - | နံနက်(၉း၀၀ )နာရီ မှ ညနေ (၅း၀၀) နာရီ။ |
| ကျင်းပမည့်နေရာ | - | တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့ ။ |

အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ မြန်မာနိုင်ငံ၌ ပထမအကြိမ် ကျင်းပမည့် မြန်မာ့နာမည်ကျော် ကုန်ပစ္စည်းအမှတ်တံဆိပ်များပြပွဲနှင့် အရောင်းမြှင့်တင်ပွဲတော် ၂၀၁၆ တွင် ပါဝင်လိုသူ နာမည်ကြီး ကုန်ပစ္စည်းအမှတ်တံဆိပ်ပိုင်ရှင်များသည် (၁၀.၇.၂၀၁၆)ရက်ထက် နောက်မကျစေဘဲ ပြခန်းနေရာကောင်းများ ရယူနိုင်ပါရန် အောက်ပါ လိပ်စာသို့ အမြန်ဆုံးဆက်သွယ်ပါရန် သတင်းကောင်းပါးအပ်ပါသည်။

MYANMAR

၁။ ဒေါ်ခိုင်ခိုင်ဦး (အထွေထွေအတွင်းရေးမှူး) - ၀၉-၅၁၄၆၇၃၃
၂။ ဦးအောင်ခိုင်ဦး (တွဲဖက်အတွင်းရေးမှူး) - ၀၉-၇၉၅၄၁၉၈၉၇
၃။ ဒေါ်ပုလဲရတနာစိုး (ရုံးအဖွဲ့မှူး) - ၀၉-၇၉၈၄၃၃၁၈၃

E-mail: Brands.expopromo2016@gmail.com




**အမည်နှစ်မျိုးခေါ်ဆိုကြောင်း အများသိစေရန်ကြေညာခြင်း**
ကျွန်ုပ်၏မိတ်ဆွေ နန်းမူးထွန့်ဟော့ဝ် ၃/လဘန(နိုင်)၀၉၉၈၉၁ ၏ အမည်သည် နိုင်ငံသားစိစစ်ရေးကတ်တွင် အထက်ပါအတိုင်းဖော်ပြပြီး နန်းထွန့်ဂေဟုလည်း ခေါ်ဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေအမည်မှန်မှာ နန်းမူးထွန့်ဟော့ဝ်(ခ) နန်းထွန့်ဂေဖြစ်ကြောင်းနှင့် ဖခင်ဖြစ်သူမှာလည်း နိုင်ငံသားစိစစ်ရေးကတ်ပြား၌ ဦးဖဝါးပလောင် ၃/လဘန(နိုင်)၀၂၁၆၂၈ ဖြစ်၍ ဦးစောမြင့်အောင်ဟုလည်းခေါ်၍ ဖခင်အမည်မှာ ဦးဖဝါးပလောင်(ခ)ဦးစောမြင့်အောင်ဟုခေါ်ဆိုကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဖြိုးသန္တာလင်း | ဦးထွန်းလှိုင် |
| LL.B.,D.B.L.,D.M.L | LL.B(H.G.P, Criminal Distinction), |
| အထက်တန်းရှေ့နေ | C.B.L, D.B.L |
| (စဉ်-၂၇၅၀၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၆၅) |

အမှတ် ၁၊ မယ်ဇလီပင်လမ်းနှင့် ကမ်းနားလမ်းထောင့်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ တိမ်မြုပ်ကျေးရွာနေ ဦးမြင့်နိုင်-ဒေါ်သီသီဝင်းတို့၏သား မောင်ဉာဏ်လင်းထက် (ခ) ဖော်ကြီး ၇/အဖန(နိုင်)၀၈၇၇၉၄ သည် မိဘဆိုဆုံးမစကား နားမထောင်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လိုက်ပါသည်။
ဦးမြင့်နိုင် ၇/အဖန(နိုင်)၀၃၂၁၈၃
ဒေါ်သီသီဝင်း OPO - ၀၉၇၄၄၉

**အများသိစေရန်ကြော်ငြာခြင်း**
၁။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊မြေကွက်အမှတ်(၅၂)၊ မြေကွက်တည်နေရာအမှတ်(၅၂)၊(၁၅)ရပ်ကွက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ဦးခင်မောင်ထွန်းအမည်ပေါက်၊နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ဦးခင်မောင်ထွန်းထံမှ SP ရသူဦးဝင်းကိုကိုထွန်းမှအရောင်းမြေပုံကူးလျှောက်ထားလာသောမြေကွက်သည်ဦးခင်မောင်ထွန်းမှပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားခဲ့ပြီးမြေငှားစာချုပ်အမှတ်-ဂရသ/ဒဂရ-၂၀၁၀/၁၂ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)စာအုပ်အားထုတ်ယူသွားကြောင်းစိစစ်တွေ့ရှိရပါသည်။အဆိုပါမြေကွက်ကိုပင်မူလမြေချပါမစ်အမည်ပေါက်ဦးခင်မောင်ထွန်းထံမှအရပ်ကတ်အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူထားသူဦးဇော်မင်းမှပါမစ်မူရင်းနှင့်စာချုပ်အဆက်အစပ်များတင်ပြ၍ကန့်ကွက်စာတင်သွင်းလာပါသည်။
၂။ သို့ပါ၍ဌာနမှပါမစ်ပျောက်ဖြင့်လျှောက်ထားစဉ်တင်ပြခဲ့သောကိုယ်တိုင်ဝန်ခံကတိပြုချက်အပိုဒ်(၃)စည်းကမ်းချက်အရမြေငှားစာချုပ်မူရင်းအားဌာနမှပြန်လည်သိမ်းဆည်းပြီးဖြစ်ပါသဖြင့်ပါမစ်ပျောက်ဖြင့်ဂရန်လျှောက်ထားရယူသွားသောမြေငှားစာချုပ်အမှတ်-ဂရသ/ဒဂရ-၂၀၁၀/၂၀၁၂ဦးခင်မောင်ထွန်း(၉/ကသန(နိုင်)၀၉၃၉၁၃)အမည်ပေါက်မြေငှားစာချုပ်(ဂရန်)စာအုပ်အားမြို့မြေစာရင်းတွင်ရုံးတွင်းအမိန့်အမှတ်(၁၇၂၁/၂၀၁၆)ဖြင့်ပယ်ဖျက်ပြီးကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၆ယ/၂၄၈၄၂ Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာထွန်း ၁၄/ဖပန(နိုင်)၈၀၀၁၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ) အောင်မြင်စေရန် တပ်မတော် အပြည့်အဝဆန္ဒရှိ

# တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို လျှောက်လှမ်းကြရာတွင် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုရှိရန်လို



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ) လုပ်ငန်းများအောင်မြင်စေရန် တပ်မတော်အနေဖြင့် အပြည့်အဝဆန္ဒရှိကြောင်း၊ လွတ်လပ်ခြင်း၊ ညီညွတ်ခြင်း၊ မျှတခြင်းဆိုသည့် လောကပါလတရားနှင့်အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို လျှောက်လှမ်းကြရာတွင် တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုရှိရန်လိုကြောင်း၊ မိမိလိုချင်သည့်အကြောင်းအရာတစ်ခုအပေါ် တရားသေမရပ်တည်ဘဲ ပြည်ထောင်စုစိတ်ဓာတ်၊ တစ်နည်းအားဖြင့် မြန်မာစိတ်ဓာတ်ဖြင့်လုပ်ဆောင်သွားပါက မိမိတို့ လျှောက်လှမ်းနေသည့်လမ်းကြောင်းတွင် အရှိန်အဟုန်မြန်ဆန်ပြီး အေးအေးချမ်းချမ်းနှင့် အောင်မြင်မှုကိုရရှိနိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁ ✪*

❖ **မိမိလိုချင်သည့် အကြောင်းအရာတစ်ခုအပေါ် တရားသေမရပ်တည်ဘဲ ပြည်ထောင်စုစိတ်ဓာတ်၊ တစ်နည်းအားဖြင့် မြန်မာစိတ်ဓာတ်ဖြင့် လုပ်ဆောင်သွားပါက မိမိတို့လျှောက်လှမ်းနေသည့်လမ်းကြောင်းတွင် အရှိန်အဟုန်မြန်ဆန်ပြီး အေးအေးချမ်းချမ်းနှင့် အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်**

**အစ္စတန်ဘူလ်လေဆိပ်တွင် အသေခံဗုံးခွဲမှုကြောင့် ၄၁ ဦးသေဆုံးပြီး ၂၃၉ ဦး ဒဏ်ရာရ** စာ-၁၀

**ကွမ်းလုံ၌ တန်ဖိုးငွေကျပ် ၁ ဘီလီယံကျော်ရှိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းမိ** စာ-၁၃

## တရုတ်ငွေကျဆင်းမှုကြောင့် မြန်မာ့ပဲဈေးကွက်လှုပ်ခတ်

**မန္တလေး ဇွန် ၂၉**

ယခုရက်ပိုင်းအတွင်း တရိပ်ရိပ်ကျဆင်းလာသော တရုတ်ယွမ်ငွေကြေးလဲလှယ်နှုန်းများကြောင့် မြန်မာ့ပဲဈေးကွက် ဈေးမြင့်တက်ကာ အရောင်းအဝယ်သွက်လာကြောင်း မန္တလေး ပဲဈေးကွက်မှ သိရသည်။

တရုတ်ယွမ်လဲလှယ်နှုန်းမှာ ပြီးခဲ့သည့်ဇွန်လလယ်တွင် မြန်မာငွေကျပ် ၁၀၀ လျှင် ဒသမ ၅၅၅ ယွမ်ရှိခဲ့ရာမှ တဖြည်းဖြည်း ကျဆင်းလာကာ ဇွန် ၂၉ ရက်တွင် ဒသမ ၅၆၆ ယွမ်ထိ ကျဆင်းလာကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၅ ✳*

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded By : EUROMONEY
EUROMONEY AWARDS FOR EXCELLENCE 2015